မြန်မာ့အလင်း

အတွဲ (၅၂) အမှတ် (၁၅၈)

၁၂၇၅ ခုနှစ်က စတင်ထူထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၇ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး (၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဒီမိုကရေစီထွန်းကားပြီး တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းဖြစ်စေရန် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manual Barroso နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံး၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manual Barroso နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးပေါ်လွင်စိန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေမှုအခြေအနေ၊ ထာဝစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးပိတ်ဆို့မှုများကို အပြီးတိုင် ဖယ်ရှားရေးနှင့် မြန်မာနိုင်ငံအနေဖြင့် GSP(Generalized System of Preferences) အခွင့်အရေးရရှိရေး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြီး နိုင်ငံတော်သမ္မတက မီဒီယာများအား ရှင်းလင်းပြောကြားရာ၌ မိမိတို့ မြန်မာနိုင်ငံ၌ အလွန်အရေးကြီးသောနိုင်ငံ၏ အလှည့်အပြောင်းဟုဆိုရမည့် အသွင်ကူးပြောင်းရေးကိုလုပ်ဆောင်နေချိန်၊ စစ်အုပ်ချုပ်ရေးစနစ်မှဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ စတင်ကူးပြောင်းနေချိန်၊ ဗဟိုဦးစီး စီးပွားရေးစနစ်မှ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်သို့ စတင်ကူးပြောင်းနေချိန်၊ ကာလရှည်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးကို ငြိမ်းပြီး

စာမျက်နှာ ၉ ကော်လံ ၁ ✻

ချင်းပြည်နယ်ကို ခရီးသွားဒေသအဖြစ်မြှင့်တင်

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-ကျော်သူဝင်း

ချင်းပြည်နယ်၏မြို့တော် ဟားခါး၏ အလှကို ဤသို့တွေ့ရသည်။

နေပြည်တော် မတ် ၆

လွန်ခဲ့သောနှစ်က ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်မှု တိုးတက်များပြားလာခဲ့ပြီးနောက် ချင်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်လာသည်နှင့်အမျှ ပြည်ပခရီးသွားဧည့်သည်များလာရောက်လည်ပတ်မှုမှာလည်း တိုးပွားလာလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော်ဝင်ရောက်ခဲ့ကြောင်း၊ ယခု ၂၀၁၃ ခုနှစ်တွင်လည်း ခရီးသွားလာရောက်မှု ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း၊ ယခုအခါ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်ဒေသများတိုးချဲ့ဖွင့်လှစ်သွားရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့တွင် ချင်းပြည်နယ်သည်လည်း ခရီးသွားဒေသတစ်ခုအဖြစ်ပါဝင်၍ အရည်အသွေးပြည့်ဝစေရန်လိုအပ်သည့် သင်တန်းများ ချင်းပြည်နယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားလုပ်ငန်းသည်လည်းပါဝင်လာမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးသွားရောက်စဉ် တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ချင်းပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ ကျော်တွင်ရှိပြီး တောင်ကုန်းတောင်တန်း ထင်းရှူးတောများနှင့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ရိဒ်ရေကန်ကြီးသည် ချင်းပြည်နယ်၏ အထင်ကရ မှတ်တိုင်တစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ချင်းပြည်နယ်သို့ ခရီးသွားများ လာရောက်မှု တဖြည်းဖြည်းတိုးတက်များပြားလျက်ရှိသည်။

ခရီးသွားများ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် အစီအမံများဆောင်ရွက်ခြင်းဖြင့် ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နွေရာသီနှင့် လျှပ်စစ်အန္တရာယ်

နွေရာသီရောက်ပြီဆိုလျှင် လူသားတို့အတွက် ခြိမ်းခြောက်နေသော အန္တရာယ်တစ်ခုမှာ မီးဖြစ်ပါသည်။ မီးလောင်မှုသတင်းများ မကြာခဏကြားရတတ်ပါသည်။ မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ ရှို့မီး၊ ပေါ့ဆမီး စသည်ဖြင့် မီးဘေးအန္တရာယ်တို့ စုံလင်လှပါသည်။ ဤသည်တို့အနက် လျှပ်စစ်မီးအန္တရာယ်လည်း အပါအဝင်ဖြစ်ပါသည်။

“မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူ”ဆိုသည်မှာ အလွန်မှန်ကန်သည့်အချက် ဖြစ်ပါသည်။ ဤနေရာတွင် မီးကိုသုံးတတ်ခြင်းနှင့် မသုံးတတ်ခြင်းကို မည်သို့ခွဲခြားသုံးသပ်ကြမည်နည်း။ သုံးတတ်သည်ဆိုခြင်းမှာ မီးလောင်မှုမဖြစ်ရလေအောင် သတိမူ၍ မီးကိုစနစ်တကျသုံးစွဲခြင်းပင်ဖြစ်ပါသည်။ မသုံးတတ်သည်ဟုဆိုခြင်းမှာ မီးလောင်မှုဖြစ်ပွားမည်ကို အလေးထားသတိမူခြင်းမရှိဘဲ ပေါ့ပေါ့တန်တန် မီးသုံးစွဲခြင်းပင်ဖြစ်ပါသည်။ ဤပေါ့ပေါ့တန်တန်မီးဆိုရာတွင် လျှပ်စစ်ကြောင့် ဖြစ်ရသည့် မီးအန္တရာယ်သည် ထိပ်ဆုံးမှ ပါဝင်နေပါသည်။

ဤသို့နွေရာသီကာလအတွင်း လျှပ်စစ်ကြောင့်ဖြစ်ရသည့် မီးဘေးအန္တရာယ်သည် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။ နွေရာသီတွင် လျှပ်စစ်ကြောင့်ဖြစ်ရသည့် မီးအန္တရာယ်ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုသည် အဓိကအားဖြင့် ရေအားလျှပ်စစ်ကို အခြေခံသည်။ နွေရာသီရေအားဆုတ်ယုတ်လာချိန်တွင် ဓာတ်အားသည်လည်း ပြတ်တောက်လေ့ရှိသည်။

ရုတ်တရက် မီးပျက်သွားစဉ် အသုံးပြုဆဲလျှပ်စစ်ပစ္စည်းများတွင် မီးခလုတ်များမပိတ်မိဘဲ မီးပြန်လာသည့်အခါ ထိုအသုံးပြုဆဲလျှပ်စစ်ပစ္စည်းများမှ အပူလွန်ကဲခြင်း(Overheat)ဖြစ်ပြီး မီးလောင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် လျှပ်စစ်ရေနွေးအိုးတည်ခြင်း၊ မီးပူတိုက်ခြင်း၊ Hotplate သုံးစွဲခြင်းတို့ကြောင့် ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားရအောင် ယင်းလျှပ်စစ်ပစ္စည်းများကို စနစ်တကျသုံးစွဲရန်လိုပါသည်။ ထို့အပြင် အပူချိန်မြင့်မားလာသည့်အလျောက် နေ့လယ်နေ့ခင်းတွင် မလိုအပ်ဘဲ မီးချောင်းများထွန်းထားရာမှ အပူဓာတ်လွန်ကဲပြီးလည်း မီးလောင်တတ်ပါသည်။ မီးချောင်းများအတွင်း အပူလွန်ကဲခြင်း၊ မီးအားမြှင့်စက်များ အပူလွန်ကဲခြင်း စသည်ဖြင့် အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများ အပူလွန်ကဲခြင်းဖြစ်၍ မီးလောင်မှုဖြစ်ပွားလေ့ရှိပါသည်။ မီးအားနည်းနေချိန်တွင် မီးအားမြှင့်စက်ကို အလွန်မြှင့်တင်သုံးစွဲလိုက်ခြင်းကြောင့် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။ လျှပ်စစ်ကြောင့်ဖြစ်ရသည့် မီးလောင်မှုအများဆုံးကို ဝိုင်ယာရှော့ခ်ဖြစ်သည်ဟု အမည်ပေးကြလေ့ရှိပါသည်။

မည်သို့ပင်ဖြစ်စေ နွေရာသီရောက်ပြီဆိုလျှင် လျှပ်စစ်သုံးစွဲကြသူတိုင်းသည် လျှပ်စစ်ကြောင့်ဖြစ်ရသည့် မီးအန္တရာယ်ကို သတိမူကြစေလိုပါသည်။ မီးကို လောင်ကျွမ်းမှုမဖြစ်အောင် သတိထားပြီး သုံးစွဲခြင်းသည် မိတ်ဆွေကောင်းအဖြစ် မီးသုံးစွဲတတ်ခြင်းပင်ဖြစ်ပါကြောင်း။ ။

ရွှေနဂါး

GOLDEN STAR

Y.E.S. Since 1994
English Language Centre
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြောသင်တန်းများ
LEVELS I, II & III
MON TO THUR - 7:30 - 9:30 AM
18. 3. 2013 ဖွင့်မည်။
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

ပြည်တွင်းသတင်း

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကိစ္စများ ဆွေးနွေး

ရန်ကုန် မတ် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တာဝန်ရှိသူများအား တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Huiyan ဦးဆောင်သည့် အဖွဲ့ဝင် ၁၀ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲက အသင်းချုပ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တရုတ်နိုင်ငံကိုယ်စားလှယ်များက မြန်မာပြည်နှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုခြင်းကိစ္စ၊ နှစ်စဉ်ဇွန်လအတွင်း ကျင်းပလျက်ရှိသည့် ကူမင်းမြို့ ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ အသင်းချုပ်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ပါဝင်ပြသပေးရန်ကိစ္စ၊ မြန်မာနိုင်ငံရှိ ကဏ္ဍမျိုးစုံမှ ကုန်သည်များအား တက်ရောက်ပေးစေလိုခြင်းကိစ္စ၊ ယင်းကုန်စည်ပြပွဲနှင့်အတူ ကျင်းပမည့် ပထမအကြိမ် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲအကြောင်း မိတ်ဆက်ပေးခြင်းကိစ္စ၊ ထိုပြပွဲသည် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်မှုပြုရာတွင် ပေါင်းကူးတံတားဖြစ်နေခြင်းကိစ္စ၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲ တိုးတက်နေမှုကိစ္စများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို တရုတ်ဘာသာပြန်ဆိုလိုခြင်းကိစ္စနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့မဈေးနှင့် ယာဉ်ပိတ်ဆို့မှုပြဿနာ

ထင်သာမြင်သာ ပြုပြင်စရာ

တောင်ကြီးမြို့ မြို့မဈေးနှင့် မြောက်ဘက် မျက်နှာစာတန်းဘက်ခြမ်းတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့ ရပ်နားထားခြင်း၊ မော်တော်ယာဉ်များကို ခေတ္တခဏရပ်နားပြီး ကုန်တင်ကုန်ချပြုလုပ်နေခြင်းတို့ကြောင့် ယာဉ်သွားလာရာတွင် ယာဉ်ကြောတစ်ကြောသာရှိတော့သည့်အတွက် ယာဉ်ကြောမကြာခဏပိတ်ဆို့ခြင်း၊ ရှုပ်ထွေးခြင်းများ ဖြစ်ပေါ်နေသည်။ ပုံမှာ မြို့မဈေးမြောက်ဘက်တန်းတွင် စည်းကမ်းမဲ့ရပ်နားထားသော မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များကို မတ် ၅ ရက် နံနက် ၁၀ နာရီခွဲခန့်က တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များကို ယာဉ်နားခများ ကောက်ခံပြီး ရပ်နားခွင့်ပေးခြင်းဖြစ်သော်လည်း ယခုကဲ့သို့ စည်းကမ်းမဲ့စွာ ရပ်နားခွင့်ပေးထားခြင်းသည် အမြင်အားဖြင့် မတင့်တယ်နိုင်ပေ။ ထို့ကြောင့် တောင်ကြီးမြို့ မြို့မဈေးတစ်ဝိုက်တွင် စည်းကမ်းနှင့်အညီ မော်တော်ယာဉ်များ စနစ်တကျရပ်နားရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ **KZLM(တောင်ကြီး)**

မူဆယ်တွင် အဆင့်မြင့်အဝေးပြေး ယာဉ်ရပ်နားစခန်းတည်ဆောက်

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် လေယာဉ်ကွင်းဟောင်း အနီးတွင် မူဆယ်အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်းကို သိန်းသန်းချီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** အဆိုပါယာဉ်ရပ်နားစခန်းကို တည်ဆောက်ရေးကာလ တစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်မည်ဖြစ်ပြီး (၄၈ ×၂၀) ပေ သုံးထပ်အဆောက်အအုံ ၁၇၀၊ အခန်း ၈၄ ခန်းပါ ကြယ်သုံးပွင့်အဆင့် ခြောက်ထပ်ဟိုတယ်ကြီးတစ်လုံး အပါအဝင် တည်းခိုခန်းများ၊ နားနေဆောင်၊ အစည်းအဝေးခန်းမ၊ မီးသတ်အုပ်ချုပ်မှုရုံးခန်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီရုံး ရေပေးဝေရေးစနစ်များ ပါဝင်ပြီး ရွှေလီမြစ်ကမ်းအနီး မြေ ၁၂ ဒသမ ၂၃ ဧကကျော်တွင် လုပ်သားအင်အား ၅၀၀ ကျော်ဖြင့် လူအား၊ စက်အားသုံး၍ စီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း အင်ဂျင်နီယာ ဦးအောင်ကျော်ဦးက ပြောကြားသည်။

“ဒီစီမံကိန်းပြီးရင် ကျွန်တော်တို့မြို့ရဲ့ဂုဏ်ဆောင် အဆင့်မြင့် ကားကွင်းကြီးဖြစ်သွားသလို အရောင်းအဝယ်လုပ်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒီမှာပိုပြီး စည်ကားလာမှာပါ။ နောက်ပြီး ရွှေလီမြစ်ကမ်းအလှကိုလည်း အပေါ်စီးက မြင်နိုင်ပြီး အပန်းဖြေစရာနေရာတစ်ခုလည်း ဖြစ်လာမှာပါ။ အားလုံးခြုံကြည့်ရင် ဒေသအတွက် အကျိုးများတဲ့ စီမံကိန်းကြီးတစ်ခုပါ” ဟု လုပ်ငန်းခွင်တွင် တွေ့ရသော ဦးမောင်မောင်(စိုး-မူဆယ်)က ပြောကြားသည်။ **သိန်းဇော်(ရွှေလီဦး)**

ရပ် / ကျေး အုပ်ချုပ်ရေးမှူး လုပ်ငန်းခွင်သင်တန်းဖွင့်

ကောလင်း မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပင်လည်ဘူးမြို့နယ်၊ ဝန်းသိုမြို့နယ် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/ ၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီက ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် သုံးမြို့နယ်အုပ်ချုပ်ရေးမှူးများအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းပို့ချပေးကြသည်။ အဆိုပါသင်တန်းသို့ ကောလင်းမြို့နယ်မှ သင်တန်းသား ၅၃ ဦး၊ ပင်လည်ဘူးမြို့နယ်မှ သင်တန်းသား ၅၄ ဦး၊ ဝန်းသိုမြို့နယ်မှ သင်တန်းသား ၄၂ ဦး စုစုပေါင်း ၁၄၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီး ဖို မီး
အခြား မီး
သုံးပြီးသတိ
အမြဲရှိ

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Mon to Thurs-7:30-9:30am 11 Mar
Mon to Thurs-1:00 - 3:00 pm11, 25 Mar
Mon to Thurs- 5:00-7:00pm 11 Mar
Sat & Sun -9:00-12:00am 23 Mar
Sat & Sun - 12:30-3:30 pm 23 Mar
Mon to Thurs-7:30-9:30 am 25 Mar
Sat & Sun -3:00 - 6:00 Pm 30 Mar
Sat & Sun -3:45 - 6: 45pm 30 Mar
Pre-Intermediate English
Sat & Sun-12:30-3:30pm 23 Mar
Mon toThurs-5:00 - 7:00pm 25 Mar
Mon toThurs-10:30-12:30am 1 Apr
Vocabulary Enrichment Course
Mon toThurs- 3:30-5:00pm 4 Mar
Grammar Foundation Course
Mon to Thurs- 1:00- 3:30 pm 18 Mar
Sat & Sun - 9:00 - 12:00 am 30 Mar
Basic Writing Course
Mon to Thurs - 3:00-5:00 pm 11 Mar
Sat & Sun - 3:45 - 6:15 pm 23 Mar
Mon to Thurs - 10:00 - 12:00 am 25 Mar
Academic Writing Course
Sat & Sun - 5:00 - 7:00 pm 30Mar
Academic Preparation For IELTS (API)
Mon to Thurs-10:30 - 12:30 am Mar
IELTS Sat & Sun - 10:30 - 12:30am 30Mar
IELTS(speaking) Sat & Sun - 1:00-3:30pm 30Mar
SAT Mon to Thurs 3:30 - 5:00 Pm Mar
နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြောသင်တန်းများ
LEVELS I, II & III
MON TO THUR-7:30-9:30AM 18.3.2013
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

ပြည်တွင်းသတင်း

မြန်မာ့ပို့ကုန်ဈေးကွက် ပြန်လည်ရှင်သန်လာသည်နှင့်အမျှ ဆင်းရဲမှုလျှော့ချရေးကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်မှာဖြစ်

နေပြည်တော် မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၅ ရက် ညနေပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပပါလီမန်၌ ဥရောပပါလီမန် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပပါလီမန်၌ ဥရောပပါလီမန် နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ထိုသို့ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်နှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများအောင်မြင်ရန် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များအောင်မြင်နိုင်ရေးအတွက် ကျယ်ပြန့်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့် ဝင်ငွေတိုးတက်မှုများကို

ဆောင်ကြဉ်းနိုင်သည့် စီးပွားရေးစနစ်သစ်တစ်ခုကို ပူးတွဲဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရှိနေသရွေ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များအတွက် အဟန့်အတားများ ဖြစ်စေမည်ဖြစ်သည့်အတွက် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို အပြီးတိုင် ဖယ်ရှားပေးရန်နှင့် အခြားနိုင်ငံများ၏ ပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက်လည်း အကူအညီများပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

အလုပ်သမားအခွင့်အရေး အထူးသဖြင့် အတင်းအဓမ္မခိုင်းစေမှုပပျောက်ရေးနှင့် ပတ်သက်၍ International Labour Organization's Tripartite System ကို အခြေခံပြီး အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သော အလုပ်ခွင်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည့် အစီအမံများကို သက်ဆိုင်ရာ Stateholder များနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်အတွက်လည်း ကြိုးစားနေပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့်အညီ အလုပ်သမား၊ လယ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရေးအတွက်လည်း မိမိတို့အစိုးရက ဦးဆောင်ကြိုးပမ်းနေပါကြောင်း။

မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများနှင့် Generalized System of Preferences(GSP) အား ဥရောပသမဂ္ဂအနေဖြင့် ပြန်လည်အတည်ပြုပေးခြင်းဖြင့် ဥရောပနိုင်ငံများတွင် မြန်မာ့ထုတ်ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာ့ပို့ကုန်ဈေးကွက် ပြန်လည်ရှင်သန်လာသည်နှင့်အမျှ ဆင်းရဲမှုလျှော့ချရေးကိုပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မှာဖြစ်ပြီး လုပ်အားအထူးပြုစက်မှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသည့် ထောင်ပေါင်းများစွာသော နိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုများ၏ လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ခြင်းအားဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ရှေ့ဆက်နိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံရေးတည်ငြိမ်မှုကိုလည်း သေချာစေမည်ဖြစ်ပါကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဥပဒေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဘောင်၏တစ်စိတ်တစ်ဒေသဖြစ်ပြီး မြန်မာနိုင်ငံတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နိုင်မည့် ကဏ္ဍများကို သတ်မှတ်ဖော်ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း၊ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် လွတ်လပ်သော ကြားဝင်စေ့စပ် ဖျန်ဖြေပေးနိုင်သည့် စနစ်တစ်ခုကိုလည်း မြန်မာနိုင်ငံတွင် နိုင်ငံတကာစံချိန်၊ စံနှုန်းများနှင့်အညီ ပေါ်ပေါက်လာရေးအတွက်လည်း စတင်ဆောင်ရွက်နေပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို တစ်ပြိုင်တည်း လုပ်ဆောင်နိုင်ရန် ETTI တွင် ပါဝင်ရေးအတွက်လည်း အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပါဝင်သည့် ကော်မတီများဖွဲ့စည်းပြီး စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးကို အဆုံးသတ်ပြီး ရေရှည်တည်တံ့၍ တရားမျှတမှုရှိသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကတစ်ဆင့် အားလုံးသဘောတူလက်ခံမည့်ရလဒ်တစ်ခု ထွက်ပေါ်လာသည်အထိ မဆုတ်မနစ်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးများမှတစ်ဆင့် ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့်နိုင်ငံရေးဆွေးနွေးအဖြေရှာမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပါဝင်နိုင်သည့် ဖြစ်စဉ်တစ်ခုဖြစ်အောင် မူဘောင်များ ချမှတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ လက်ရှိရရှိထားသည့်အောင်မြင်မှုများမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ စိတ်ရင်းစေတနာ၊ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ရရှိခဲ့သည့် ယုံကြည်မှုတည်ဆောက်နိုင်ခြင်းဆိုသည့် ခိုင်မာမှုများနှင့် မိမိတို့အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေး၊လူမှုရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအမျိုးမျိုး၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပြင်းပြသည့်ဆန္ဒများပေါင်းစပ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်ပါကြောင်း၊ ကာလရှည်ကြာ သဘောထားကွဲလွဲမှုများကြောင့် နာကြည်းမှုများ၊ စိတ်ဒဏ် အနာတရဖြစ်မှုများကို ချေဖျက်ပြီး ကွဲပြားမှုများရှိသော်လည်း ခွဲခြားမှုမရှိသည့် အားလုံးပါဝင်သော လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် Myanmar Peace Center ကိုလည်း ဖွဲ့စည်းတည်ထောင်ထားပြီး လိုအပ်သည့် နည်းပညာဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များကို ထောက်ပံ့ကူညီပေးနေသည့် ဥရောပသမဂ္ဂကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နော်ဝေနိုင်ငံ ပဉ္စမမြောက် ဘုရင်မင်းမြတ်ထံ သံအမတ်ကြီးဦးကျော်မျိုးထွဋ်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၇

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဆီးရီးယားအတိုက်အခံများအား လက်နက်ထောက်ပံ့ရေး တူရကီနိုင်ငံခြားရေးဝန်ကြီးဆော်သြ

ဒမတ်စကတ် မတ် ၆

ဆီးရီးယားနိုင်ငံရှိ ပြည်ပကျောထောက်နောက်ခံတပ်များအား လက်နက်ထောက်ပံ့ပေးမှု ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းရန် တူရကီနိုင်ငံက ထောက်ခံကြောင်း နိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗုတိုဂလူက ပြောကြားသည်။

ဆီးရီးယားအတိုက်အခံတပ်များအား သံချပ်ကာယာဉ်များ၊ စစ်နည်းပညာအကူအညီများပေးရန် လိုအပ်ကြောင်း ဒါဗုတိုဂလူက အင်န်တီဗွီသတင်းတွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

သို့ရာတွင် အစိုးရတပ်နှင့် အတိုက်အခံတို့အကြား လက်နက်ကိုင်တိုက်ခိုက်နေရမည်ဟု မဆိုလိုပါကြောင်း တူရကီနိုင်ငံအနေဖြင့် ယင်းကိစ္စကို မြင်လည်းမမြင်လိုပါကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **(ရိုက်တာ)**

၂၀၁၄ ခုနှစ်ပြီးနောက် ကန်တပ်ဖွဲ့ဝင် ၁၃၆၀၀ ကို အာဖဂန်၌ ထပ်မံတပ်စွဲထားရန် ထိပ်တန်းတပ်မှူးတိုက်တွန်း

ဝါရှင်တန် မတ် ၆

၂၀၁၄ ခုနှစ် ကုန်ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော် ဆက်လက်ထားရှိရန် အမေရိကန်ထိပ်တန်း တပ်မှူးတစ်ဦးက ဆော်သြလိုက်သည်။

အမေရိကန် ဗဟိုစစ်ဌာနချုပ် တပ်မှူး ဗိုလ်ချုပ်ကြီး ဂျိမ်း(စ်)မက်တစ်က ဝါရှင်တန်၌ ပြုလုပ်သော ဆီးနိတ်လက်နက်ကော်မတီသို့ ၂၀၁၄ ခုနှစ်အကုန် အာဖဂန်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၆၀၀ ဆက်လက်ထားရှိသင့်ကြောင်း ဆော်သြတိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ကနဦးက တပ်ဖွဲ့ဝင် ၂၀၀၀၀ ဆက်လက်ထားရှိရန် တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်းလည်း ၄င်းက ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်သမ္မတ အိုဘားမားက ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ကိုက်လင်းဟေးဒန်က ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ကန်စစ်သင်္ဘောငယ်များကို မောင်းသူမဲ့လေယာဉ်အခြေစိုက်စခန်းအဖြစ်အသုံးပြုရန်စီစဉ်

ဝါရှင်တန် မတ် ၆

အမေရိကန်စစ်တပ်အနေဖြင့် စစ်သင်္ဘောငယ်များကို မောင်းသူမဲ့လေယာဉ်အခြေစိုက်စခန်းများအဖြစ် အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မတ် ၄ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်လေတပ်က ထောက်လှမ်းခြင်းနှင့်လေ့လာခြင်းကို ပိုမိုပြုလုပ်ရန်လိုအပ်လာသည့်အတွက် စစ်သင်္ဘောငယ်များကို မောင်းသူမဲ့လေယာဉ်အခြေစိုက်စခန်းအဖြစ် အသုံးပြုရန် စီစဉ်နေကြောင်း အမေရိကန်အထူးကာ ကွယ်ရေးသုတေသနစီမံကိန်း အေဂျင်စီ(ဒါပါ)က ပြောကြား ခဲ့သည်။

ဒရုန်းဟု လူသိများသည့် မောင်းသူမဲ့လေယာဉ်များသည် သာမန်အားဖြင့် ကုန်းမြေပေါ်၌ ဆင်းသက်ကြသည်။ သို့သော်လည်း ပင်လယ်ပြင်တွင် ဖြန့်ကြက်ပါက ဆီဖြည့်ရန် အခက်အခဲရှိနိုင်သည်ဟု ဆိုသည်။ ယင်းတို့သည် ပြေးလမ်းရှည်ပါ လေယာဉ်တင်သင်္ဘောလည်း လိုအပ်မည်ဖြစ်သည်။ အမေရိကန်စစ်တပ်အနေဖြင့် ဒရုန်းယာဉ်များကို ကင်းထောက်ယာဉ်များအဖြစ် တွင်ကျယ်စွာ အသုံးပြုလာကြသည်။ **(ဘီဘီစီ)**

အမေရိကန်စစ်တပ်ပိုင် စစ်သင်္ဘောငယ်တစ်စင်း

ဗဟိုအာဖရိကဒေသရှိ တောရိုင်းဆင်များ။

အာဖရိကအလယ်ပိုင်းဒေသရှိ ဆင်ရိုင်းကောင်ရေ ဆယ်နှစ်တာအတွင်း ၆၀ ရာခိုင်နှုန်းပျောက်ကွယ်

ဗျူနိုအေရိစ် မတ် ၆

ဗဟိုအာဖရိကဒေသအတွင်း တောဆင်ရိုင်းများအရေအတွက် ၆၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သုတေသနပြုချက်တစ်ရပ်က ဆိုသည်။

အာဖရိကဆင်ရိုင်းများ မျိုးသုဉ်းသွားဖွယ်ရှိသည့်အန္တရာယ် နောက်ဆယ်စုနှစ်အတွင်း ဖြစ်ပွားလာနိုင်သည်ဟု ဆန်းစစ်လေ့လာသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆင်စွယ်ရလိုမှုဖြင့် တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရသည်မှာလည်း စိုးရိမ်ဖွယ်ဖြစ်ကြောင်း ၄င်းတို့က ဆိုသည်။ ယခုသုတေသနပြုမှုကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (WCS)နှင့် အခြားသောအဖွဲ့အစည်းများပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီး သိပ္ပံသတင်းဂျာနယ် Plos One တွင် ပုံနှိပ်ဖော်ပြခဲ့သည်။

ထိတ်လန့်ဖွယ်ရာ

သုတေသနပြုရလဒ်အရ ဆယ်စုနှစ်တစ်စုတာအမျှအပိုင်းအခြားအတွင်း တောဆင်ရိုင်းအရေအတွက် ၆၀ ရာခိုင်နှုန်း ပျောက်ကွယ်သွားရသည်မှာ ထိတ်လန့်ဖွယ်ရာပင်ဟု သုတေသနဦးစီးသူ ဒေါက်တာမီဟာဝေးက ဘီဘီစီသတင်းဌာနကို ပြောကြားခဲ့သည်။

ကင်မရွန်းနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ ဂါဘွန်နိုင်ငံနှင့် ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံတို့၏အာဖရိကတောများတွင် သုတေသနတိုင်းထွာခြင်းများအရ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က တောဆင်ရိုင်းများ ကျက်စားရာတောများတွင် ဆင်ရိုင်းကောင်ရေ အလွန်နည်းပါးစွာ ကျန်ရှိတော့ကြောင်း သုတေသနတွေ့ရှိချက်က ဖော်ပြထားသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

အမေရိကန်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ် ဝါရှင်တန်ဒီစီသို့ ရွေ့လျားလာ

ဝါရှင်တန် မတ် ၆

အမေရိကန်နိုင်ငံ ဆောင်းနှောင်းရာသီ၏ နှင်းမုန်တိုင်းသည် ယခုရက်သတ္တပတ်အစောပိုင်းက အမေရိကန်နိုင်ငံ အလယ်ပိုင်းတစ်လျှောက် တိုက်ခတ်ခဲ့ပြီးနောက် ယခုအခါ မြို့တော်ဝါရှင်တန်ဒီစီသို့ ရွေ့လျားသွားနေကြောင်း အမေရိကန် တူဒေးဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။ မြို့တော် ဝါရှင်တန်ဒီစီသည် အဆိုပါမုန်တိုင်းနှင့်အတူ ဆီးနှင်းများ ထူထပ်စွာကျဆင်းနေမှု၊ လေပြင်းတိုက်ခတ်မှုနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများပါ ကြုံတွေ့နေရသည်ဟု ဆိုသည်။

ရောက်ရှိလာ

ယင်းမုန်တိုင်းသည် မွန်တာနားပြည်နယ်မှစတင်ခဲ့ပြီး ဒါကိုတာပြည်နယ်နှင့် မင်နီဆိုးတားပြည်နယ်တို့ကိုဖြတ်သန်းတိုက်ခတ်ပြီးနောက် ဝစ္စကွန်ဆင်ပြည်နယ်နှင့် အီလီနွိုက်စ်ပြည်နယ်တို့ကို ဖြတ်သန်းကာ ဝါရှင်တန်ဒီစီသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ မုန်တိုင်းကြောင့် မတ် ၅ ရက်က လေယာဉ်ခရီးစဉ် ၁၈၀၉ ခုရပ်ဆိုင်းခဲ့ရပြီး အမေရိကန်နိုင်ငံအတွင်း ထိုနေ့က ခရီးစဉ် ၅၀၅၇ ခု နှောင့်နှေးကြန့်ကြာမှု ဖြစ်ပွားခဲ့ရသည်။ မတ်လ ၆ ရက်ကမူ ဝါရှင်တန်ဒီစီမြို့ရှိ ဒူးလက်စ်နှင့် ရေဂန်လေဆိပ်များမှအများဆုံးပါဝင်သော လေယာဉ်ခရီးစဉ် ၁၁၄၁ ခုတို့ကို ရပ်နားခဲ့ရသည်ဟု ရေးသားဖော်ပြထားသည်။ **(ယူအက်စ်တူဒေး)**

ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး လေ့ကျင့်သင်ကြားပြသ ရည်မှန်းချက်တာဝန်များအောင်မြင်ရေး အသိတူပြီး အတူလက်တွဲကြိုးပမ်း

နေပြည်တော် မတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးများအဆင့် စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၃) သင်တန်းဆင်းစာတမ်းဖတ်ပွဲကို မတ် ၄ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မြို့နယ်ဦးစီးဌာနမှူးများအနေဖြင့် ယခုသင်တန်းဆင်း စာတမ်းများအပေါ် ခြုံငုံသုံးသပ်ပြီး ယင်းရလဒ်များမှသည် ဌာနအတွက် အကျိုးရှိစေမည့်အဖြေများ ဖော်ထုတ်၍ လုပ်ငန်းနယ်ပယ်တွင် တွေ့ကြုံရမည့်အခက်အခဲများကို စနစ်တကျ ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိုးပွင့်စီမံချက်များဖြင့် ပြည်သူတို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးခဲ့ရာ ယခုမိုးပွင့်အဆင့်(၄)ပြီးဆုံး၍ မကြာမီ မိုးပွင့်စီမံချက်အဆင့်(၅)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ပြည်တွင်း ပြည်ပဝင်ထွက်သွားလာမှု အဆင်ပြေစေရေးအတွက်လည်း ဆိုက်ရောက်ဗီဇာ၊ ပြည်ဝင်ဗီဇာများ ထုတ်ပေးခြင်း၊ ရေဆိပ်၊ လေဆိပ်များ၌ လူဝင်မှုစစ်ဆေးရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ နယ်စပ်စစ်ဆေးရေးဂိတ်များ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ပြည်တွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား စနစ်တကျဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ် ကျင့်သုံးနိုင်ရေးအတွက် အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများဖြစ်သည်ကို သိရှိနားလည်ထားကြရန်လိုကြောင်း၊ ထို့အပြင် နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိကျသော လူဦးရေ ကိန်းဂဏန်းအချက်အလက်များ ရရှိစေရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကိုလည်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဌာန၏အခြေခံအကျဆုံးဖြစ်သည့်မြို့နယ် ဦးစီးဌာနမှူးများသည် မိမိတို့ကိုယ်တိုင် အရည်အချင်းပြည့်ဝပြီး မိမိလက်အောက် ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများ ရှင်းလင်းချပြ၍ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်သင်ကြားပြသကြရန်လည်းအရေးကြီးကြောင်း၊ လုပ်ငန်းများအပေါ် လုပ်ချင်ကိုင်ချင်စိတ်ရှိရမည့်အပြင် ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်ရေး၊ လုပ်ဆောင်ချက်များသည် ဌာနအတွက် နိုင်ငံတော်အတွက် မှန်ကန်သည့်လုပ်ရပ်အဖြစ် ခံယူတတ်စေရန်၊ ပြည်သူ့အပေါ် ယဉ်ကျေးချိုသာစွာဆက်ဆံ၍ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေး၊ အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အသိတူပြီး အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ဦးစီးဌာနမှူးအဆင့်အရာရှိ ၃၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

နေပြည်တော် မတ် ၆

ပထမအကြိမ် ပိဋကသုံးပုံပါဠိတော် မြန်မာပြန်စာမေးပွဲကို ယခုနှစ် နိုင်ငံတော်အစိုးရ နိကာယ်စာမေးပွဲအပြီးတွင် ကျင်းပမည်ဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုသူများ (ရဟန်းရှင်လူ မည်သူမဆို) မတ် ၁၂ ရက်မှ ဧပြီ ၁၁ ရက်အတွင်း စာမေးပွဲဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြသည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို ဓမ္မပိဋက (ရှိုင်းဟုတ်ကုမ္ပဏီ၊ ပရဟိတရုံးခန်း) အမှတ် ၂၅ ယုဇနစီးပွားရေးစင်တာ ဒုတိယထပ် ဓမ္မစေတီလမ်း ရန်ကုန်မြို့ ဖုန်း-၀၉-၄၀၂၆၇၇၈၁၇၊ ၀၉-၄၉၂၂၀၇၁၂ တို့သို့ ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ **(မျိုးထွန်း၊ ပရဟိတ)**

သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ကရင်အမျိုးသားအစည်းအရုံး (KNU/ KNLA) တပ်မဟာ(၁) ဆင့်မမြောက် ဆက်ဆံရေးရုံးဖွင့်လှစ်

နေပြည်တော် မတ် ၆

နိုင်ငံတော်က ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းကို မဆုတ်မနစ်သော လုံ့လဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိန်ခေါ်မှု အများအပြားရှိသော်လည်း ငြိမ်းချမ်းရေးလုပ်ဆောင်လိုသောပြင်းပြသည့်ဆန္ဒနှင့် မှန်ကန်သည့်စိတ်ရင်းစေတနာသာ အဓိကဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ မတ် ၅ ရက်တွင် ကျင်းပသော (KNU/ KNLA) တပ်မဟာ(၁)၊ ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ (KNU/ KNLA)တပ်မဟာ(၁)၊ တပ်မဟာမှူး ဗိုလ်မှူးချုပ် စောကျော်လင်း တို့သည် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ (KNU/KNLA) တပ်မဟာ(၁)၊ ဆက်ဆံရေးရုံးဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်က (KNU/KNLA) တပ်မဟာ(၁)၊ ဆက်ဆံရေးရုံး မြေနေရာနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအားပေးအပ်ရာ KNU သထုံခရိုင်ဥက္ကဋ္ဌ ဦးစောပါနူက လည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က (KNU/KNLA) တပ်မဟာ(၁)၊ ဆက်ဆံရေးရုံး အဆောက်အအုံကို လွှဲပြောင်းပေးအပ်ရာ တပ်မဟာ(၁)၊ တပ်မဟာမှူး ဗိုလ်မှူးချုပ်စောကျော်လင်းက လည်းကောင်း လက်ခံကြသည်။ ယင်းနောက် မွန်ပြည်နယ် ယဉ်ကျေးမှုကော်မတီက တိုင်းရင်းသားတို့၏ မြန်မာယိမ်းအက၊ ကရင်တိုင်းရင်းသား ဒုံးယိမ်းအက၊ ပအိုဝ့်ရိုးရာယဉ်ကျေးမှုအက၊ မွန်တိုင်းရင်းသူလေးများ၏ မွန်စာပေသင်ကြစို့ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့အား (KNU/ KNLA) တပ်မဟာ(၁)၊ စစ်ဆင်ရေးအဖွဲ့မှူး ဗိုလ်မှူးကြီး စောပလေ့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇-၃-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၂၀ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ (အမျိုးသမီး)တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်ဧရာဝတီတိုင်းဒေသကြီးအသင်း)

ညပိုင်း

၃း၂၀ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ(အမျိုးသား) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား) (ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း)

၇း၀၀ ပြည်တွင်းသတင်း

၈း၀၀ ပြည်တွင်းသတင်း

- ပြည်ထောင်စုဖလားအားကစား
- ပြိုင်ပွဲတစ်နေ့တာမှတ်တမ်း
- ရောင်စုံရေးသီတေးပန်ချီ
- Road to 27th SEAGAMES (Yading-2) (သရုပ်ဆောင်-ကျော်ကျော်ဗိုလ် ထွန်းထွန်း၊ မင်းသွေး၊ဝေမင်းအောင်)
- ပြည်တွင်းသတင်း

စကုမြို့တွင်မီးလောင်၍ နေအိမ် ၂၉ လုံးဆုံးရှုံး

မင်းဘူး(စကု) မတ် ၆

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့ အမှတ်(၁)ရပ်ကွက် ရှမ်းစုတောင်ပိုင်းတွင် မတ် ၅ ရက် နံနက် ၁၁ နာရီခန့်တွင် ရေနွေးအိုးတည်သော မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** မီးလောင်ရာသို့ မကွေးမင်းဘူး PIC စကုနှင့်ပွင့်ဖြူမြို့များမှ မီးသတ် ကား ၁၁ စီးလာရောက် ငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးညွန့်ကျိုးသွားသည်။ မီးလောင်မှုကြောင့် စုစုပေါင်း နေအိမ် ၂၉ လုံးမီးလောင်ဆုံးရှုံးပြီး ဝက်နှစ်ကောင် သေဆုံးကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

မီးဘေးဒုက္ခသည်များအား စကုကျောင်းထိုင်ဆရာတော်များ ဦးစီးသော ဇီဝကနားနေဆောင် ဓမ္မာရုံလည်းသော်ကျောင်းတိုက်တွင် နေရာချထားပေးပြီး တစ်အိမ်ထောင်ဆန်သုံးပြည်၊ ငွေကျပ်၂၆၀၀၀ ၊ ဆေးဝါး၊ အဝတ်အစားများကို မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ ထောက်ပံ့ကူညီလျက်ရှိသည်။ မီးစတင်လောင်ကျွမ်းခဲ့သောအိမ်မှ ဦးအေးလွင်အား စကုရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။ **(မကွေးလှမြင့်)**

အမှတ်(၃) သံမဏိစက်ရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ပုလဲလမ်းရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ကုမ္ပဏီပိုင် အမှတ် (၃) သံမဏိစက်ရုံဝင်းအတွင်း မတ် ၆ ရက် နံနက် ၁၀ နာရီ မိနစ်၄၀က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ သံရည်ကျိုမည့် ယာဉ်အဟောင်းများအား ကွင်းပြင်တွင်စုပုံထားရာမှ ယာဉ်ဟောင်းတွင်ပါလာသော အင်ဂျင်ဝိုင်နှင့် ဓာတ်ဆီအကြွင်းအကျန်များ နေပူချိန်အောက်တွင် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရခြင်းဖြစ်ပြီး သံရည်ကျိုမည့် ယာဉ်ဟောင်း၊ တာယာဟောင်းများဖြစ်၍ ဆုံးရှုံးမှုတန်ဖိုးမရှိကြောင်း၊ မီးလောင်ရာသို့ မြို့နယ်အသီးသီးမှ စုစုပေါင်း မီးသတ်ယာဉ် ၅၃ စီး၊ အထောက်အကူပြုရေသယ်ယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ မိတ်ဖက်ယာဉ်သုံးစီး၊ ကွပ်ကဲမှုယာဉ်ခြောက်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၃၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၉၂ ဦးတို့ ပူးပေါင်းမီးငြိမ်းသတ်ခဲ့သည်။ **(၀၁၅)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၄၄၉၈ Toyota Caldina၊ အမျိုးအစား S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းအောင် ၁၂/ကတတ(နိုင်)၁၃၀၀၆၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဗထာခိုး အိန္ဒိယ-နီပေါ ဘုရားဖူး ရန်ကုန် နှင့် မန္တလေး မှ တိုက်ရိုက်ပို့ပေးမည် UMTA

myanma ရန်ကုန်-မန္တလေး-ဂယာ အပတ်စဉ် အင်္ဂါ ကြာသပတေး MAI

(၁) ဖွား။ ပွင့်၊ ဟော၊ စံ (၇)ရက်ခရီး Apr 4, 11, 18 (သင်္ကြန်အထူးခရီးစဉ်) (၄) ဆိုင်း

(၅) ကမ္ဘောဒီးယား ၊ အန်ကောဝပ်ကျောင်း (၃) ရက်ခရီး

ပေဒေါ်ဝါရီ နှင့် မတ်လ စာမေးပွဲအပြီး ခရီးစဉ်များ သင်္ကြန်အထူးခရီးစဉ်များစီစဉ်ပေးပါသည်။

အာရှနဂါး

ချောင်းသာ / ငွေဆောင်

နံနက်/ည

Ph : 703790,09-861-9008

707062,09-861-7770

ကလေးများအတွက် နွေရာသီ အထူးသင်တန်းများ

- အင်္ဂလိပ်စာ - ပန်းချီ
- ကွန်ပျူတာ - ဂီတနှင့်အကက
- ရေကူး

အင်္ဂလိပ်စာကို Native Speaker ဖြင့်သင်ကြားသည်။

Free! တီရှပ်၊ ဦးထုပ်၊ DVD

Age - 5 to 14 yearold

TECH

ဆောင်းပါး

ပုံနှိပ်မီဒီယာလောကအတွက် အားဆေးတစ်ခွက် လက်ကမ်းကြိုဆိုရမည့် ပုံနှိပ်ထုတ်ဝေဥပဒေ

ကိုကိုတင် (တရားလွှတ်တော်ရှေ့နေ)

ဖေဖော်ဝါရီ ၂၈ရက်ထုတ်ဝေတဲ့ သတင်းစာတွေမှာ"ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း"ကို ဖတ်လိုက်ရတော့ "ဝမ်းသာပီတိဂွမ်းဆီထိ" သလို ခံစားမိပါတယ်။ ဘာလို့လဲဆိုတော့ ပုံနှိပ်သူနှင့် ထုတ်ဝေသူတွေအတွက် "ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေအောင် ရေးဆွဲထားတဲ့ ဥပဒေသစ်တစ်ရပ်"ပေါ်လာပြီဆိုတဲ့ အသိကြောင့်ပေါ့။

ဥပဒေကြမ်းရဲ့ အခန်း(၈)၊ ပုဒ်မ ၂၈ မှာ" ၁၉၃၁ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေ(The Press Emergency Powers) Act နဲ့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းကြောင်း" ပြဋ္ဌာန်းချက်တွေ့ရပြန်တော့ထပ်ပြီးဝမ်းမြောက်စရာဖြစ်ရတော့တာပေါ့။

ဖြစ်ရပြီလားဗျာ၊ ဒီဥပဒေနှစ်ခုဟာ မျက်မှောက်ခေတ် မီဒီယာလောကရဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းတွေနဲ့ မအပ်စပ်၊ မဆီလျော်တော့တဲ့ ဥပဒေတွေ ဖြစ်နေတာကို။ ဒါ့အပြင် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနဲ့ ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၂၀ အရ ဗဟိုမှတ်ပုံတင်အဖွဲ့က ညွှန်ကြားချက်တွေထုတ်ပြီး စာမူတွေကို ကြိုတင်စိစစ်ခြင်းပြုခဲ့တဲ့အတွက် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခဲ့တယ်ဆိုပြီး မီဒီယာလောကတစ်ခုလုံးက မလိုလား၊ မနှစ်သက်ခဲ့ကြတာ အားလုံးအသိပါ။ ဒီကာလရှည်ကြီးကို အားလုံးဖြတ်သန်းခံစားခဲ့ကြရတာပဲလေ။ ဒါ့ကြောင့် အခုလို ဥပဒေသစ်ပြဋ္ဌာန်းပြီး ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းတော့မယ်ဆိုတဲ့သတင်းဟာ မီဒီယာလောကသားတွေအတွက် သတင်းကောင်းဖြစ်လို့ အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီဥပဒေဟာ မီဒီယာလောကသားတွေအတွက်သာမက ကျွန်တော်တို့ ပြည်သူလူထုကိုလည်း အကာအကွယ်ပေးထားတဲ့ ဥပဒေဖြစ်လို့ "ထီးလိုမင်းလို ဥပဒေ" ဆိုရင်လည်း မမှားဘူးပေါ့ဗျာ။

ဒီဥပဒေကြမ်းအရ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းမှာဖြစ်တဲ့အတွက် "စာမူကိုစိစစ်ခြင်း" (Censorship) ဆိုတဲ့ကိစ္စရပ်ကို နောက်ကြောင်းပြန်ဦးမလားဆိုတဲ့ အတွေးနဲ့ ရင်လေးစရာ လုံးဝမရှိတော့ဘူးလေ။

အခုဥပဒေကြမ်းမှာ အခန်းပေါင်း(၈)ခန်းနဲ့ ပုဒ်မပေါင်း(၂၈)ခု ပါဝင်တာတွေ့ရပါတယ်။ ဘာတွေများထူးသလဲဆိုတဲ့အတွေးနဲ့ အသေးစိတ်သိရအောင် ဒီဥပဒေကြမ်းကို တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက်(အရေးပေါ်အာဏာများ)အက်ဥပဒေနဲ့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်မိတယ်။

၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၄ တို့မှာ "ပုံနှိပ်စက် လက်ဝယ်ရှိသူနဲ့ သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်း ထုတ်ဝေသူတွေဟာ မိမိနေထိုင်ရာအရပ်ရှိ ပထမတန်းအာဏာရရာဇဝတ်တရားသူကြီးဆီမှာ ဝန်ခံချက်လက်မှတ်ရေးထိုးရမည်။ ဝန်ခံချက်ပြုလက်မှတ်ရေးထိုးခြင်းမရှိပါက ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်း လုပ်ကိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီဝန်ခံချက်လုပ်ဖို့ ပျက်ကွက်ရင်လည်း ပုံနှိပ်သူများနဲ့ ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အရ အရေးယူနိုင်ပြီး ထောင်ဒဏ်၊ ငွေဒဏ်ချမှတ်နိုင်ကြောင်း" ပြဋ္ဌာန်းချက်တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက်(အရေးပေါ်အာဏာများ) အက်ဥပဒေကို ကြည့်ရင်လည်း အလားတူပြဋ္ဌာန်းထားပြီး "တရားသူကြီးသည် ပုံနှိပ်စက်ပိုင်သူများနဲ့ သတင်းစာထုတ်ဝေသူများအား အာမခံငွေတင်သွင်းရန် ညွှန်ကြားနိုင်ကြောင်း" ပင်ပါရှိပါသေးတယ်။

ဒါကြောင့် ဒီဥပဒေတွေရဲ့ ဒီပြဋ္ဌာန်းချက်တွေဟာ ပုံနှိပ်သူနဲ့ အချိန်မှန်ထုတ်သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်း ထုတ်ဝေသူတွေကိုချုပ်ကိုင်ထားတဲ့ တင်းကျပ်တဲ့ပြဋ္ဌာန်းချက်တွေဖြစ်နေပါတယ်။ အခု ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းမှာတော့ ဒီအချက်တွေကို လုံးဝဖြုတ်ပယ်ထားတာကြောင့် မီဒီယာလောကအတွက် ကျေနပ်ဝမ်းသာစရာ အချက်တစ်ချက်ပါပဲ။

အခုဥပဒေကြမ်းရဲ့ အခန်း (၂)၊ ပုဒ်မ ၃ မှာ "ပုံနှိပ်ခြင်း ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်အရာရှိထံတွင် လုပ်ငန်းကို အသိအမှတ်ပြုရန် လျှောက်ထားရမည်"ကိုလည်းကောင်း၊ ပုဒ်မ ၄ တွင် "လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူကို သတ်မှတ်သောအခကြေးငွေ ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်" ကိုလည်းကောင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါကြောင့် လျှောက်ထားသူဟာ သတ်မှတ်ချက်နဲ့ကိုက်ညီမယ်ဆိုရင် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသွားမှာဖြစ်ပြီး အရင်ကလို အဆင့်ဆင့်တင်ပြ၊ အချိန်ကာလတစ်ခုစောင့်ရတဲ့ ဒုက္ခက လုံးဝကင်းလွတ်သွားပြီလို့ပဲ နားလည်မိပြီး ပုံနှိပ်မီဒီယာလောက ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာပါလားလို့ အားရမိပါရဲ့။

၁၉၆၂ ခုနှစ် ဥပဒေရဲ့"ပုဒ်မ ၈(၁)မှာ" သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူထံမှ မှတ်ပုံတင်ရန် လျှောက်လွှာရရှိသည့်အခါ မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် သတ်မှတ်သည့်အတိုင်း "ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်" ထုတ်ပေးနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၈(၂)မှာ "သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် ပုံနှိပ်သည့် သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လျှောက်လွှာတွင်ဖော်ပြသည့် အကြောင်းအရာများ မှန်၊ မမှန် စုံစမ်းစစ်ဆေးမှုကို သတ်မှတ်သည့်အတိုင်း ပြုလုပ်စေပြီးနောက် ကျေနပ်လျှင် မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရန် သို့တည်းမဟုတ် မကျေနပ်လျှင် မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်မပေးရန် အစီရင်ခံချက်နှင့်တကွ အမှုတွဲကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ ပေးပို့ရမည်"ဟုလည်းကောင်း ပုဒ်မ ၈(၃)မှာ "ဗဟိုမှတ်ပုံတင်အဖွဲ့သည် ပုဒ်မခွဲ(၂)အရ ပေးပို့သည့်အမှုတွဲကို ရရှိသည့်အခါ စဉ်းစားဆင်ခြင်၍ မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရန် အမိန့်ကိုသော်လည်းကောင်း၊ ထုတ်မပေးရန် အမိန့်ကိုသော်လည်းကောင်း ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

ဒီလို ၁၉၆၂ ခုနှစ် ဥပဒေရဲ့ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်ရာမှာ ယာယီမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်အရာရှိက ထုတ်ပေးပြီး ထပ်မံစုံစမ်းစစ်ဆေးပြီး ကျေနပ်မှသာ ဗဟိုမှတ်ပုံတင်အဖွဲ့၏ဆုံးဖြတ်ချက်နဲ့ အမြဲတမ်းမှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးကြောင်း တွေ့ရပါတယ်။ လက်ရှိပုံနှိပ်လောကသားများ နားလည်မှုနဲ့ အလွယ်တကူပြောနေကြတဲ့ ယာယီနှင့် မြဲကတ်ပြားတွေပေါ့။

အရင်က ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူတစ်ဦးဟာ သက်ဆိုင်ရာဌာနတွေရဲ့ စုံစမ်းစစ်ဆေးမှုတွေနဲ့အတူ မှတ်ပုံတင်သက်သေခံလက်မှတ်(မြဲ) ရရှိဖို့ နှစ်ချီပြီးစောင့်ဆိုင်းခဲ့ရပါတယ်။ အခုဥပဒေကြမ်းမှာတော့ လျှောက်ထားသူအပေါ် စုံစမ်းစစ်ဆေးမှုပြုရန် မပါရှိတဲ့အပြင် ယာယီ/မြဲ ခွဲခြားသတ်မှတ်ထားခြင်း မရှိတော့လို့ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအနေနဲ့ အသိအမှတ်ပြုလက်မှတ်ကို ဒီနေ့ခေတ်စားနေတဲ့ One Stop Service နဲ့ ဆောင်ရွက်နိုင်တော့မှာဖြစ်လို့ မီဒီယာလောကသားများအတွက် အားတက်စရာအချက်ပါပဲ။

ဒီဥပဒေကြမ်းရဲ့ ထူးခြားချက်တစ်ရပ်ကတော့ ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၅ အရ ဗဟိုမှတ်ပုံတင်အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်ခြင်းကို မထည့်သွင်းတော့ဘဲ လုပ်ငန်းလွယ်ကူစေဖို့အတွက် မှတ်ပုံတင်အရာရှိက တိုက်ရိုက်ဆောင်ရွက်ဖို့ကို ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ ကြိုးနီစနစ်လို့ အများကခေါ်နေကြတဲ့ အဆင့်ဆင့်တင်ပြမှုတွေကို လျှော့ချပြီး တာဝန်ရှိသူကို လုပ်ကိုင်ခွင့်ပေးဆောင်ရွက်စေတာကြောင့် နတ်လူသာဓုခေါ်မှာ မလွဲပါဘူးဗျာ။

ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ မှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းချက်(၅)ချက်ကိုလည်း ဖော်ပြထားသေးတယ်ဗျ။ ဒါတွေကတော့-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း၊ လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကိုဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲ ဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများထုတ်ဝေခြင်း။

ဒီပြဋ္ဌာန်းချက်တွေကို လေ့လာကြည့်ရင် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားဆိုင်ရာကိစ္စများကို ကာကွယ်တားဆီးရန်အလို့ငှာ ပြဋ္ဌာန်းထားတဲ့ အချက်တွေဖြစ်ကြောင်း တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ)အက်ဥပဒေ ပုဒ်မ ၄ တွင် စည်းကမ်းချက်(၉)ချက် ပြဋ္ဌာန်းထားပြီး အခုဥပဒေကြမ်းမှာ လျှော့ချပြီး (၅)ချက်သာရှိတော့တာကို တွေ့ရပါတယ်။ ရှိသင့်၊ ရှိထိုက်တဲ့ စည်းကမ်းချက်တွေကိုသာ သတ်မှတ်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။ ပထမအချက်မှာ "အခြားဘာသာ သာသနာကိုလည်းကောင်း" ရဲ့ ရှေ့မှာ "မိမိလူမျိုး၏ အမျိုးဘာသာသာသနာကိုလည်းကောင်း" ဆိုသည့် စာသားကို ဖြည့်စွက်လျှင် ပိုမိုပြည့်စုံသင့်တော်မည်ဟု ယူဆပါတယ်။

ဥပဒေကြမ်းပုဒ်မ ၈ မှာ ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ထုတ်ဝေသောစာအုပ်၊ စာစောင်များကို "တရားမဝင်ထုတ်ဝေစာ"အဖြစ် ကြေညာရန် ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ဒီတရားမဝင်ထုတ်ဝေစာတွေကို ကြေညာရန်သာ ပြဋ္ဌာန်းထားပြီး ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းစသည့် ပြဋ္ဌာန်းချက်မပါရှိတာ အံ့အားသင့်ဖွယ် တွေ့ရပြန်ပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၁၄ တွင် "ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းခြင်းခံရသူ တစ်ဦးဦးသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် ထုတ်ဝေစာများကို တွေ့ရာနေရာတိုင်း၌ သိမ်းယူနိုင်ကြောင်း၊ အဆိုပါဆန့်ကျင်သော ထုတ်ဝေစာကို ထားသိုဖွယ်ရာရှိသည့် အဆောက်အအုံနေရာတို့ကို တရားသူကြီး၏ ဝရမ်းစာဖြင့်ရှာဖွေနိုင်ကြောင်း၊ တွေ့ရှိသည့်ပစ္စည်းကို သိမ်းဆည်းနိုင်ကြောင်း" ပြဋ္ဌာန်းထားပါတယ်။

ဒါ့အပြင် ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၁၅ မှာ "တရားမဝင်ထုတ်ဝေစာကို ရိုက်နှိပ်သည့် ပုံနှိပ်စက်အား ရဲအရာရှိက တရားသူကြီး၏ဝရမ်းစာဖြင့် ရှာဖွေသိမ်းဆည်း၍ တရားသူကြီးထံတင်ပြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားချက်ကို တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ဥပဒေမှာလည်း တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပြီးပါက ရဲအရာရှိသည် ယင်းထုတ်ဝေစာကို တွေ့ရှိရာနေရာတိုင်း၌ သိမ်းဆည်းနိုင်ကြောင်း၊ တရားသူကြီး၏ ဝရမ်းစာဖြင့် ထားသိုရာနေရာ၊ အဆောက်အအုံကို ရှာဖွေနိုင်ကြောင်း" ပြဋ္ဌာန်းထားပါတယ်။

အခုဥပဒေကြမ်းမှာတော့ ရဲကရှာဖွေခြင်း၊ သိမ်းဆည်းခြင်းစတဲ့ ကိစ္စရပ်တွေကို ပြဋ္ဌာန်းခြင်းမပြုဘဲ ဖြုတ်ပယ်ထားတာကြောင့် ပုံနှိပ်စက်ပိုင်ရှင်များအတွက် ရွှေရင်အေးဖွယ်အချက်ဖြစ်ကြောင်း တွေ့ရပါတယ်။

"တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်း"နှင့်ပတ်သက်လို့ စာရေးသူလေ့လာခဲ့ဖူးတဲ့ စင်ကာပူနိုင်ငံရဲ့ Undesirable Publications Act နဲ့ မလေးရှားနိုင်ငံရဲ့ The Printing Presses and Publication Act များနဲ့ နှိုင်းယှဉ်တဲ့အခါ သူတို့ရဲ့ဥပဒေမှာလည်း တားမြစ်ချက်နှင့် ဆန့်ကျင်ထုတ်ဝေတဲ့ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို မလိုလားအပ်သော ထုတ်ဝေစာ (Undesirable Publication)အဖြစ် ကြေညာ၍ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ အရေးယူခြင်းတွေ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

ဥပဒေကြမ်းအခန်း (၅)၊ ပုဒ်မ ၉ မှာ "ပြည်ပမှ ထုတ်ဝေစာကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှထုတ်ဝေစာများကို ပြည်ပသို့ တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်"ဟု ရေးဆွဲပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေ ပုဒ်မ ၂၀ အရ လေဆိပ်နှင့် စာတိုက်ကြီးတို့မှာ အကောက်ခွန်ဌာန၊ စာတိုက်ကြီးတို့နှင့် ပူးပေါင်းရှာဖွေစိစစ်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ နိဂုံးတံသွားပြီဖြစ်လို့ ပြည်ပမှစာအုပ်၊ စာစောင်တင်သွင်းသူများဟာ တည်ဆဲဥပဒေနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိမှာဖြစ်ပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၁(ခ)မှာ "ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ပုံနှိပ်သော မည်သည့် ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရေအတွက်အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ်ပေးပို့ရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ပနိုင်ငံအချို့တွေမှာလည်း ထုတ်ဝေတဲ့စာအုပ်စာစောင်တွေကို အဖိုးအခလွတ်ပေးဖို့အတွက် သက်ဆိုင်ရာဥပဒေတွေနဲ့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ သိသလောက်ဆိုရင် ပုံနှိပ်သူ၊ ထုတ်ဝေသူတွေ အကျိုးစီးပွား မထိခိုက်ရလေအောင် အခမဲ့ပေးပို့တဲ့ အရေအတွက်ကို (၁၂)စောင်အထိ လျှော့ချထားပြီးဖြစ်တဲ့အတွက် ဥပဒေပေါ်လာရင် ပိုတောင်လျှော့လာဦးမယ်လို့ မျှော်မှန်းပြီး ကြိုတင်ပီတိပွားများနိုင်ပါသေးတယ်။

ဥပဒေကြမ်းအခန်း(၇) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အရေးယူတဲ့ပုဒ်မ (၃) ခုပါရှိပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေမှာ အရေးယူတဲ့ ပုဒ်မ (၅)ခုရှိပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေ ပုဒ်မ (၁၆) နှင့် (၁၈)မှာ "အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်နှစ်ထောင်မှ အများဆုံးငွေဒဏ် ကျပ်နှစ်သောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်" လို့လည်းကောင်း၊ ပုဒ်မ (၁၇) (၁၉)နှင့် (၂၀)တွင်"အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ၃၀၀၀ မှ အများဆုံး ငွေဒဏ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်" လို့လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းချက်တွေကြောင့်လည်း ၁၉၆၂ ခုနှစ် ဥပဒေကို စာပေလောကသားတွေကို အပြင်းအထန် ဝေဖန်ခဲ့ကြတာပါ။ သူ့ခေတ်အခြေအနေအရ ပြဋ္ဌာန်းခဲ့တာဖြစ်ပေမယ့် ဒီနေ့လို ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေချိန်မှာတော့ ဒီဥပဒေဟာ ဘယ်လိုမှ အံမဝင်၊ ခွင်မကျနိုင်တော့ပါဘူး။

အခု ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းမှာတော့ "ပုဒ်မ ၂၀ ၌ ငွေကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်ခြောက်လချမှတ်ရမည်"ဟု လည်းကောင်း၊ ပုဒ်မ ၂၁၌ "ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် သုံးလအထိ ချမှတ်ရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၂၂ ၌ ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်ခုနစ်ရက်အထိ ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားတာတွေ့ရတော့ တင်းကျပ်ဖို့မရည်ရွယ်ဘဲ စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်အောင် သင့်လျော်တဲ့ အတိုင်းအတာ သတ်မှတ်ထားခြင်းလို့ပဲ မြင်မိပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပါပြစ်မှုများဟာ ရဲအရေးပိုင်တဲ့ ပြစ်မှုများဖြစ်သော်လည်း ဒီဥပဒေမူကြမ်းပါပြစ်မှုတွေဟာ ဒဏ်ငွေသက်သက်သာပြဋ္ဌာန်းထားတဲ့အတွက် ရဲအရေးမပိုင်တဲ့အမှုတွေဖြစ်လို့ တရားရုံးသို့သာ ဦးတိုက်လျှောက်ထားရတဲ့အမှုတွေအဖြစ် ပြဋ္ဌာန်းထားတာဖြစ်လို့ ပုံနှိပ်မီဒီယာလောကရဲ့ ရှေ့ရေး ရင်အေးရပြန်ပါတယ်။

ဒီဥပဒေကြမ်းကို အားပါးတရဖတ်အပြီးမှာတော့ ကျွန်တော့်လို ဖတ်ပြီး တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အသီးသီးဆွေးနွေးနေကြမယ့် စာပေလောကသားတွေ၊ ဥပဒေပညာရှင်တွေ၊ ပြည်သူတွေရဲ့မျက်နှာကို မြင်အောင်ကြည့်မိပါသေးတယ်။

အားလုံးက သားရွှေအိုးထမ်းလာတာကို ပြုံးပြုံးကြီး ကြိုနေသလို ဖြစ်နေမှာပါ။

ဟုတ်ပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုလိုက်ရကြောင်းပါခင်ဗျာ။ ။

ပုံနှိပ်သူနှင့် ထုတ်ဝေသူတွေအတွက် "ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေအောင် ရေးဆွဲထားတဲ့ ဥပဒေသစ်တစ်ရပ်" ပေါ်လာပြီ။

လွှတ်တော်ရေးရာကဏ္ဍ

◆ ပြည်သူ့လွှတ်တော်မှ

ယခုကဲ့သို့ စပ်မျိုးစပါးမျိုးစေ့ ထုတ်ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးသည် ပုဂ္ဂလိကအခန်းကဏ္ဍမှပါဝင်လာကြမှသာ နိုင်ငံတော်၏လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အစိုးရအပိုင်းထက် ပုဂ္ဂလိကကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ

ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်။ (မြန်မာ့အလင်း)

တွင် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အိန္ဒိယနိုင်ငံမှ Tropical Biotechnology ကုမ္ပဏီ၊ ဗီယက်နမ်နိုင်ငံမှ Victrani-max ကုမ္ပဏီ၊ ဘယ်လ်ဂျီယံနိုင်ငံမှ Dev Gen ကုမ္ပဏီ စသည့် မျိုးစေ့ထုတ် ကုမ္ပဏီများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့်လည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးသန့်ဇုန်များ တည်ထောင်စိုက်ပျိုးခြင်းဖြင့် မျိုးရောနှောမှုသက်သာပြီး စပါးသန့်စင်မှု အရည်အသွေးတိုးမြှင့်ရရှိခြင်း၊ ပင်ခြားဝတ်မှုန်ကူးမှုကြောင့် ဖြစ်ပေါ်လာသည့် မျိုးဗီဇပြောင်းလဲမှုကို အကာအကွယ်ပေးပြီး စပါးဗီဇသန့်စင်မှုကို ထိန်းသိမ်းနိုင်ခြင်း၊ စပါးမျိုးသန့်စင်မှုကြောင့် ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းတို့အတွက် မျိုးရောနှောမှုကို အကာအကွယ်ရရှိခြင်း၊ စပါးအရည်အသွေးတိုးတက်ပြီး ဈေးနှုန်းပိုမိုရရှိခြင်း၊ ဈေးနှုန်းပိုမိုရရှိမှုကြောင့် တွက်ခြေကိုက်ပြီး ဝင်ငွေတိုးတက်ကာ တောင်သူများ၏လူမှုစီးပွားဘဝ မြင့်မားလာခြင်း၊ မျိုးသန့်စင်မှုကြောင့် ဆန်ကြိတ်ခွဲရာတွင် ဆန်ထွက်နှုန်းပိုမိုကောင်းခြင်း၊ အရည်အသွေးမြင့်ဆန်များရရှိခြင်း၊ ဆန်အရည်အသွေးကောင်းမွန်မှုကြောင့် ဈေးကွက်အာမခံချက်ရရှိခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက်တွင် ဈေးကွက်နေရာရရှိခြင်း၊ ဈေးနှုန်းကောင်းရရှိခြင်း စသည့်အကျိုးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စပ်မျိုးစပါးများကို မိမိတို့အစီအစဉ်ဖြင့် ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင် မိဘလိုင်းများကို အောင်မြင်စွာ မွေးမြူထုတ်လုပ်ပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ မျိုးပြန့်ပွားရေးအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ တောင်သူလယ်သမားများကလည်းနိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး မျိုးသန့်ဇုန်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်အပေါ် မေးခွန်းရှင်ကိုယ်စား **ဦးကျော်နိုင်ဌေး**က "လက်ရှိနိုင်ငံတော်ရဲ့ အခြေအနေအရ မြန်မြန်ဆန်ဆန်၊ သွက်သွက်လက်လက် ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ အကန့်အသတ်ရှိနေတဲ့သဘောကို တွေ့ရပါတယ်။ ကျွန်တော်တို့ ကြိုးစားကြရဦးမယ်။ မြို့နယ်တိုင်းမှာ တောင်သူတွေကို အကူအညီတွေပေးနိုင်ဖို့ လိုနေပါတယ်။ သွက်လက်ထက်မြက်တဲ့အစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုကို ပြည်သူတွေ၊ တောင်သူတွေက မျှော်လင့်နေကြတာပါ" ဟု ပြောပြခဲ့သည်။

အလားတူ ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် အရင်းအနှီး လိုအပ်ချက်များကို လတ်တလော ဖြေရှင်းပေးသည့်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းသို့ တိုးမြှင့်ချေးငှားပေးရန် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမှန်တကယ် ကိုယ်တိုင်ကြိုးပမ်း လုပ်ကိုင်သူများအတွက် မိသားစုလုပ်အားဖြင့် ပေါင်းပါက စပါးစိုက်ပျိုးရာတွင် ထိရောက်စွာ စိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **စိုက်ပျိုးစရိတ် မလုံလောက်သောတောင်သူများ အတိုးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ပေါင်နှံနိုင်ရန်နှင့် စိုက်ပျိုးစရိတ်မကွာဘဲ ဈေးကောင်းပိုမိုရနိုင်မည့် အထက်တန်းစားဆန်များ တင်ပို့နိုင်ရေး လျာထားချက်များကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ ခိုင်မာစွာ ဆောင်ရွက်ပေးပြီးမှသာလျှင် ဥပဒေနှင့်အညီ ပေါင်နှံခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အတတ်နိုင်ဆုံး ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ထိပ်တန်းဝင် အထက်တန်းစား ပေါ်ဆန်းမွှေးဆန်အား နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်အတွက် သဘောတစ်စင်းစာ တန်ချိန်ကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း၊ အနည်းဆုံးတန်ချိန်(၅၀၀၀) ခန့် တင်ပို့နိုင်ရေး စပါးစိုက်ပျိုးရန် အကန့်အသတ်များစွာ ရှိပါကြောင်း၊ စားကောင်းသည့် အရည်အသွေးရှိသော်လည်း နိုင်ငံခြားသို့ ဈေးကွက်တင်ပို့ရာတွင် ယှဉ်ပြိုင်တင်ပို့နိုင်သည့် အရေအတွက် ထုတ်လုပ်ပေးနိုင်စွမ်း မရှိပါကြောင်း။

နိုင်ငံတကာတွင် အစိုးရဌာနများအနေဖြင့် ကိုယ်တိုင်မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်းမရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ မျိုးစေ့ကုမ္ပဏီများကသာလျှင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤတာဝန်သည် နိုင်ငံ့ဝန်ထမ်းပညာရှင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍက စဉ်ဆက်မပြတ် ရေရှည်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ မျိုးစေ့ထုတ်ကုမ္ပဏီကြီးများ ပျံ့နှံ့ပေါ်ပေါက်လာရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးအောင်ဇင်**က "ကျွန်တော်သိလိုတာက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ လယ်ယာမြေစိုက်ပျိုးရေးအတွက် ပေါင်နှံချေးငှားဖို့ဘဏ်တွေ၊ အစိုးရ အသိအမှတ်ပြု ဘဏ်တွေ ဘယ်လိုစီစဉ်ထားတယ်၊ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာဖြစ်ပါတယ်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်။ (မြန်မာ့အလင်း)

စိုက်ပျိုးစရိတ် ချေးငွေအဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ပေးမှုကိုပဲ ဖြေကြားပြီး ဘဏ်အကြောင်းမပါပါဘူး။ ဆန်စပါးကိစ္စမှာလည်း စပ်မျိုးစပါးကိုပဲ အထူးပြုဖြေကြားသွားပြီး မြန်မာ့ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ ပေါ်ဆန်းမွှေးဆန်ကို ဘယ်လိုဆောင်ရွက်မယ်လို့ ဖြေကြားခြင်းမရှိပါဘူး။ မေးခွန်းရဲ့အဖြေကို တိကျစွာမဖြေနိုင်ဘဲ ယေဘုယျဖြေသွားလို့ အားရဖွယ်မရှိပါဘူး " ဟု ပြောပြခဲ့သည်။

ဥပဒေကြမ်းအတည်ပြုခြင်း ကဏ္ဍ၌ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွှန့် တင်သွင်းထားသော **ပြည်ထောင်စုတရား စီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြင်ဆင်ဆွေးနွေးမည့် ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ **ဦးခိုင်မောင်ရည်**က "ဦးသိန်းညွှန့် တင်သွင်းတဲ့ဥပဒေကြမ်းကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူတာဟာ ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူနဲ့ နိုင်ငံအတွက် အကျိုးရှိစေမယ့် ဆောင်ရွက်မှုတွေဖြစ်လို့ အားလုံးကို ထောက်ခံရမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို မတ်လ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးဆောင်၍ သင်တန်းသား သင်တန်းသူ ၁၃၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၅၃ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပနေပုံများကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ အမျိုးသားလွှတ်တော်မှ

အစီအစဉ်များဖြင့် ဘက်စုံမှ ကူညီပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ သတ္တုထွက်ရှိနိုင်သည့် ချင်းပြည်နယ်၏ ကြိုးဝိုင်း၊ ကြိုးပြင် မည်သည့်နေရာ၌မဆို ဒေသခံအစုအဖွဲ့ကုမ္ပဏီများအား လုပ်ကွက်များချပေးလျက် လုပ်ကိုင်ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးသည်။

ကူညီဆောင်ရွက်

အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုစမ်းသပ်တိုင်းတာ ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေမည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရှင်းလင်းဆွေးနွေး

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဓာတ်သတ္တု ရှာဖွေစမ်းသပ်တိုင်းတာခွင့်၊ထုတ်လုပ်ခွင့်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တောမြေစာရင်း၊ ဒေသခံရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် (၁၅)ဦးတို့၏ ထောက်ခံချက်များ ပြည့်စုံစွာပါရှိလာပြီး ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ချထားပေးသော လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိပါက သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးနေပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို မူလအဆိုရှင်၏ ဆန္ဒအရ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **အမေရိကန်ပြည်ထောင်စု စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) ဦးစံပြည့်က အမေရိကန်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံရေးဖိအားပေးသည့် နည်းလမ်းတစ်ရပ်အနေဖြင့် အသုံးပြုနေခြင်းကြောင့် ပိတ်ဆို့ခံရသည့်နိုင်ငံမှာ နစ်နာဆုံးရှုံးမှုရှိသကဲ့သို့ ပိတ်ဆို့သည့်နိုင်ငံမှာလည်း တစ်နည်းတစ်လမ်းအားဖြင့် တန်ပြန်နစ်နာဆုံးရှုံးမှုများ မလွဲမသွေ ခံစားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြုသဘောဆက်သွယ်ညှိနှိုင်း ထောက်ပံ့ကူညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးများ၊ အပြည့်အဝခံစားရရှိအောင် ဖော်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က လက်ရှိတွင် မြန်မာနိုင်ငံ၏ပြောင်းလဲလာသောနိုင်ငံရေးအခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှ အသိအမှတ်ပြုအားပေးခြင်း၊ အကူအညီပေးခြင်းများနှင့်အတူ ယခင်ချမှတ်ထားသော အရေးယူပိတ်ဆို့မှု



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမနားနိုင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

များကို နိုင်ငံအသီးသီးမှ ရုပ်သိမ်းဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းဖြေလျှော့ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေအရ အချို့နိုင်ငံများအနေဖြင့် ချက်ချင်းဆိုင်းငံ့ပယ်ဖျက်နိုင်ခြင်း၊ ယာယီ/အလုံးစုံဆိုင်းငံ့နိုင်ခြင်းများရှိသော်လည်း အမေရိကန်ပြည်ထောင်စု၏ကွန်ဂရက် လွှတ်တော်က ချမှတ်ထားသောဥပဒေများ အပြီးတိုင်ဖြေလျှော့ရုပ်သိမ်းရေးမှာ ၎င်း၏လွှတ်တော်က ပြန်လည်ဖြေလျှော့ရုပ်သိမ်းပေးရမည်ဖြစ်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသောပိတ်ဆို့မှုများ အပြီးသတ်ဖယ်ရှားရေးအတွက် ကြိုးပမ်းရာတွင် သက်ဆိုင်ရာအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသာမက ဥပဒေပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအသိုင်းအဝိုင်းအားလုံးမှ တက်ညီလက်ညီ စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က "ကျွန်တော်တို့ နိုင်ငံရဲ့ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာတွေကို အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံကြီးများက အလွန်ပဲမက်မက်မောမောရှိကြပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေက ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု လုပ်တဲ့အခါဖြစ်ဖြစ်၊ စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့တဲ့အခါ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာတွေကို ချန်လှပ်တဲ့အခါဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံမှာလာ ရောက်ဝယ်ယူသုံးစွဲ ဝယ်/ရောင်းမှုများမပြုကြပေမယ့် အခြားနိုင်ငံမှ တစ်ဆင့် ဝယ်ယူသုံးစွဲရောင်းဝယ်မှုပြုကြတာရှိပါတယ်။ အဲဒါနဲ့ပဲ တစ်ဆင့်ဝယ်/ရောင်းပြုတဲ့နိုင်ငံက အကျိုးအမြတ်ပိုမိုရရှိကြတယ်။ ဒီလိုအကျိုးအမြတ်က ကျွန်တော်တို့နိုင်ငံအတွက် အကျိုးမရှိပါ။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ တန်ဖိုးရှိကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာမှာ ကျွန်တော်တို့နိုင်ငံက ထိုက်ထိုက်တန်တန် အကျိုးခံစားခွင့် ရရှိနိုင်အောင်နဲ့ စိတ်ကြိုက်ဈေးနှုန်းနဲ့ ရောင်းဝယ်ဖောက်ကားနိုင်အောင် အနောက်နိုင်ငံနဲ့ ပွင့်လင်းမြင်သာမှု၊ ရင်းနှီးမှုပိုမို တည်ဆောက်နိုင်တာနဲ့အမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က အေးချမ်းသာယာတည်ငြိမ်မှုရရှိအောင်နဲ့ အဘက်ဘက်ကလည်း ဖွံ့ဖြိုးမှုလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာထွက်ကုန်မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျော့ပေးရေး အမေရိကန်ပြည်ထောင်စုအစိုးရသို့ တောင်းဆိုပေးသင့်ပါတယ်" ဟု ပြောပြသည်။

သဘောတူ

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲက **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာခြံမြေဥယျာဉ်နှင့် ကျေးရွာများအားပြန်လည်လုပ်ကိုင်စားသောက် နေထိုင်ခွင့်ပြုပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပကောင်စီဥက္ကဋ္ဌနှင့် ဥရောပပါလီမန်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၅ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီရုံးသို့ သွားရောက်၍ ဥရောပကောင်စီ ဥက္ကဋ္ဌ Mr. Herman Van Rompuy နှင့်တွေ့ဆုံသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များ၊ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး လုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပပါလီမန် ဥက္ကဋ္ဌ Mr. Martin Schulz နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဥရောပကောင်စီ ဥက္ကဋ္ဌတို့သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုကို မီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားဆက်ဆံရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာအကြီးအကဲ Ms. Catherine Ashton က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီခွဲတွင် ဥရောပပါလီမန်သို့ သွားရောက်၍ ဥရောပပါလီမန် ဥက္ကဋ္ဌ Mr. Martin Schulz နှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး တည်ငြိမ်မှုရရှိစေရန်အတွက်လုပ်ဆောင်နေမှု အခြေအနေများ၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအခြေအနေနှင့် ဥရောပသမဂ္ဂ၏ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းရန်လိုအပ်သည့် အခြေအနေများ၊ မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ ဥရောပ ပါလီမန်အမတ်များ၏ အားပေးထောက်ခံမှုနှင့် စိုးရိမ်ပူပန်မှုများ၊ ပြည်ထောင်စုလွှတ်တော်နှင့် ဥရောပပါလီမန်တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဥရောပပါလီမန် ဥက္ကဋ္ဌတို့သည် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး တွေ့ဆုံဆွေးနွေးခဲ့မှုကို မီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဥရောပပါလီမန်၏ အီးယူ-မြန်မာချစ်ကြည်ရေးအဖွဲ့ (EU- Myanmar Friendship Group) ကို ဦးဆောင်ဖွဲ့စည်းသူ လွှတ်တော်အမတ် Mr. Nirj Deva နှင့် အဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်သမ္မတသည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Didier Reynders အား ခေတ္တတည်းခိုသည့် Sheraton ဟိုတယ်၌ လက်ခံတွေ့ဆုံခဲ့ပြီး ညပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ သံရုံး မိသားစုများအား တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂသို့ရောက်ရှိစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား Crisis Response ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မတ် ၅ ရက် မွန်းလွဲပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Agostino Miozzo တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ သံရုံး မိသားစုများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဘုန်းတော်ကြီးသင် ပညာရေး(မူလွန်)အတွက် ကေအိုင်အေအဖွဲ့က အလှူငွေများပေးအပ်

နေပြည်တော် မတ် ၆

ကချင်ပြည်နယ် မံစီမြို့နယ် အေးသာယာရွာသစ်ကုန်း ဗုဒ္ဓသာသနာပြုဌာန ဘုန်းတော်ကြီးသင် ပညာရေး (မူလွန်)ကျောင်း ရန်ပုံငွေအတွက် ဖေဖော်ဝါရီ၂၂ ရက်တွင် ကေအိုင်အေအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူနှစ်ဦးတို့က ငွေကျပ်သိန်း၄၀ကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တစန္ဒဇောတိထံ လာရောက်လှူဒါန်းခဲ့ကြကြောင်း၊ ယင်းလှူဒါန်းပွဲသို့ ကချင်နှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာ ဦးတူးလွန်နှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ယူနိုက်တက်အမရာဘဏ် လီမိတက် မုံရွာဘဏ်ခွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၆

ယူနိုက်တက် အမရာဘဏ် လီမိတက်၏ မုံရွာဘဏ်ခွဲဖွင့်ပွဲကို မတ် ၄ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗိုလ်ချုပ်လမ်းရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဦးစိန်မောင်းနှင့်ဦးတင်ဝင်း၊ ကိုတင်ငွေနှင့် မုံရွာမြို့ မြို့မိမြို့ဖများ၊ လှနန်းသူဇာကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က ဘဏ်ဆိုင်းဘုတ်ကို Global Sensor ဖြင့် ဖွင့်လှစ်ပေးသည်။

ယူနိုက်တက် အမရာဘဏ် လီမိတက်သည် ကမ္ဘောဇဘဏ်၊ CB Bank ၊ မြဝတီဘဏ်လီမိတက်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့နှင့် ချိတ်ဆက်ထားပြီး ငွေစုခြင်း၊ စာရင်းသေအပ်ခြင်း၊ ငွေလွှဲခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် GIRO လျှပ်စစ်မီတာဘီလ် ဝန်ဆောင်မှုလုပ်ငန်းများကို "ဖွံ့ဖြိုးစီးပွား၊ ကြီးပွားမြန်ဆန်၊ ယူနိုက်တက် အမရာဘဏ်" ဆိုသော ဆောင်ပုဒ်နှင့်အညီ မြန်ဆန်တိကျစွာဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာသုံးအဆင့်မြင့်စက်ကိရိယာများနှင့် ခေတ်မီဆန်စက်များ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

နိုင်ငံနှင့်အဝန်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်း အဓိကအားထားရာဖြစ်သည့် လယ်ယာကဏ္ဍထွက်ကုန်များကို နိုင်ငံတကာနှင့် အဆင့်မီစွာ ဈေးကွက် ယှဉ်ပြိုင်နိုင်ရေးနှင့် အခြေခံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ဝင်ငွေဖွံ့ဖြိုးတိုးတက်စေရေးအတွက် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းခြွေလှေ့ပြီး ခေတ်မီအဆင့်မြင့် ဆန်စက်ကြီးများဖြင့် ကြိတ်ခွဲတင်ပို့ရောင်းချနိုင်ရန် အစမှအလယ်၊ အဆုံးတိုင်အောင် စက်မှုလယ်ယာစနစ်သို့အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်ရေးရည်မှန်းချက်တာဝန်အား နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပူးပေါင်းပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဂျပန်နိုင်ငံမှဝယ်ယူရောက်ရှိလာသည့် ခေတ်မီအဆင့်မြင့် ဆာတာကေးဆန်စက် အဆောက်အအုံတည်ဆောက်မည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆန်စက်လုပ်ငန်းရှင် Alliance Stars ကုမ္ပဏီမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ယခုနွေစပါးရိတ်သိမ်းချိန်အမီ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ဆန်စက်ကို ထိထိရောက်ရောက် လည်ပတ်ပြီး အခြေခံစိုက်ပျိုးကြသည့် တောင်သူများအား ထိုက်သင့်သော စပါးဈေးနှုန်းများဖြင့် သတ်မှတ် ဝယ်ယူပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကိုရီးယားနိုင်ငံ (KUJE)ကုမ္ပဏီမှ ထုတ်လုပ်သော မြင်းကောင်ရေ ၈၆ ကောင်နှင့် ၄၈ ကောင်အားရှိ ခေတ်မီအဆင့်မြင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ ဘက်စုံသုံး မော်တော်ယာဉ် စပါးမျိုးစေ့ချစက်နှင့် အဆင့်မြင့်လယ်ယာသုံးစက်များကို ပူးတွဲအသုံးပြုနိုင်သည့် ဘက်စုံ ၁၀ မျိုးသုံး ထွန်စက်ငယ်များ ရောက်ရှိထားသိုသည့် ယာယီအဆောက်အအုံသို့ ရောက်ရှိရာ ကိုရီးယားနိုင်ငံ (KUJE) ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင် Mr. Scott Mun နှင့်Alliance Stars ကုမ္ပဏီဥက္ကဋ္ဌ ဦးတင်လင်းပြည့်တို့က စက်များ၏ စွမ်းရည်နှင့်စွမ်းအားပြည့် အသုံးချနိုင်မှုများ၊ တစ်နေ့လျှင် စက်တစ်စီး (၈)ဧကမှ (၁၀)ဧကအထိ ရိတ်သိမ်းခြွေလှေ့နိုင်မှုများ၊ ယခုနွေစပါးရာသီမှ စတင်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာစနစ်မြေပြုပြင်ပြီးဖြစ်သော လယ်မြေများအားလုံးရာနှုန်းပြည့် မြေပြုပြင်ခြင်းလုပ်ငန်းမှသည် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခေတ်မီအဆင့်မြင့် ဆန်စက်များဖြင့် ကြိတ်ခွဲခြင်းလုပ်ငန်းများကို တောင်သူများအတွက် အလွန်သက်သာသော ဈေးနှုန်းများဖြင့် ဝန်ဆောင်မှု(Service) လုပ်ငန်းများ လုပ်ဆောင်ပေးရန် အသင်းစုဖွဲ့ပြင်ဆင်ထားရှိမှုများ၊ စက်ကိရိယာတစ်ခုချင်းအပေါ်တွင် ကိုယ်ပိုင်ဝယ်ယူသုံးစွဲလိုသူရှိပါက သုံးနှစ် အာမခံဖြင့်အပိုပစ္စည်းများ အပါအဝင်ဖြန့်ဖြူးရောင်းချပေးနိုင်သည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးသည် ခေတ်မီစက်ကိရိယာ စုစုပေါင်း စက်အစီးရေ ၁၅၀ ကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသော ဆာတာကေး ခေတ်မီအဆင့်မြင့် ဆန်စက်ပစ္စည်းများ ယာယီထိန်းသိမ်းထားသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆန်စက်များ တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းလုပ်ငန်းများ အမြန်စတင်ရေးတို့ကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manual အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထာဝရငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်နေချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရသည့်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယခင်ခေတ်များကထက် နိုင်ငံရေးအရ ပိုမိုပွင့်လင်းမြင်သာသော အခြေအနေများ၊ ပိုမိုလွတ်လပ်စွာ ပါဝင်ခွင့်ပြုသည့် အခြေအနေများကို မိမိတို့အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ပြည်သူများအကြား ကာလရှည်ကြာ လွှမ်းမိုးနေသည့် သမိုင်းနှင့်ချီသော အကြောက်တရားများကို လျှော့ချပေးနိုင်မည့် နိုင်ငံရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးပြီး အားလုံးကို ကိုယ်စားပြုသည့် ထင်သာမြင်သာရှိသော နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ကို အစပြုပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

လက်ရှိ ပေါ်ပေါက်နေသည့် နိုင်ငံရေးဖြစ်ထွန်းမှုများ၏ အဓိကအကြောင်းရင်းများမှာ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်ပြီး အတိုက်အခံအဖြစ်ရှိခဲ့ကြသော နိုင်ငံရေးအင်အားစုများအကြား စေ့စပ်ပြေလည်မှုများနှင့် ယုံကြည်မှုများ တည်ဆောက်လာနိုင်ခြင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ နိုင်ငံရေးအင်အားစုအသီးသီးသည် သမိုင်းကြောင်းအရ ရရှိရန်ခက်ခဲခဲ့သည့် နိုင်ငံရေးအရ သည်းခံနိုင်စွမ်းကို ယဉ်ကျေးမှုတစ်ရပ် အနေဖြင့် လက်ခံကျင့်သုံးလာကြခြင်းနှင့် နိုင်ငံသားများသည် နိုင်ငံရေးဖြစ်စဉ်အတွင်း ငြိမ်းချမ်းစွာ ပါဝင်လာကြခြင်းတို့ပင် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ အားပေးထောက်ခံမှုနှင့် ယုံကြည်မှုများကလည်း ယခုလို နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ထွန်းရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း။

နိုင်ငံရေးဖြစ်ထွန်း တိုးတက်မှုများ ရှိသကဲ့သို့ ပြုပြင်ပြောင်းလဲရေးကာလတွင် မလွဲမရှောင်သာ ပွတ်တိုက်မှုများ၊ တင်းမာမှုများနှင့် ဆန့်ကျင်မှုများလည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ အပြောင်းအလဲကာလတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ မလွဲမသွေကြုံတွေ့ရနိုင်သည်ကို နားလည်ထားပါကြောင်း၊ တချို့အခက်အခဲများသည် ဖြတ်ကျော်နိုင်ရန် အလွန်ခက်ခဲသည်ကို သိရှိထားပါကြောင်း၊ ယင်းအခက်အခဲများ၊ စိန်ခေါ်မှုများကို လွှတ်တော်၊ တရားရေးမဏ္ဍိုင်၊ တပ်မတော်၊ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ပူးပေါင်းပြီး ကြံ့ကြံ့ခံရင်ဆိုင်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်၌ အဆင်းရဲဆုံးနိုင်ငံများထဲက တစ်နိုင်ငံဖြစ်နေပါသေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာ အထီးကျန်ဆန်ခဲ့ရသည့် မိမိတို့နိုင်ငံသည် အသွင်ကူးပြောင်းရေးကာလတွင် လိုအပ်သော လူသားအရင်းအမြစ်၊ စွမ်းဆောင်ရည်၊ အင်စတီကျူးရှင်းများနှင့် နည်းပညာများ အားနည်းလျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို နောက်ပြန်လန်ကျသွားစေနိုင်သော စိန်ခေါ်မှုများရှိလာသည့်တိုင် မိမိတို့အနေဖြင့် ရှေ့ကိုသာ ဆက်လက်ချီတက်သွားရန် ရဲရဲဝံ့ဝံ့ဖော်ဆောင်သွားမည်ဆိုသည်ကို ကတိပြုနိုင်ပါကြောင်း၊ မိမိတို့ပြည်သူများ၏ အလိုလားဆုံးဖြစ်သည့် ပြည်သူများနှင့်လည်း ထိုက်တန်သော ဒီမိုကရေစီထွန်းကားပြီး တည်ငြိမ်အေးချမ်းသောလူ့အဖွဲ့အစည်းဖြစ်စေရန် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍ စသည်တို့အပေါ်၌သာ အာရုံစိုက်ပြီး အသားပေးပြောဆိုနေကြခြင်းများကို တွေ့ရပါကြောင်း၊ မိမိအနေဖြင့် ယင်းကိစ္စများထက် သာမန်ပြည်သူတစ်ဦး၏ အခက်အခဲနှင့် အကျပ်အတည်းများမှ လွတ်မြောက်ပြီး ပိုမိုကောင်းမွန်သာယာသောဘဝများ တည်ဆောက်နိုင်ရေးနှင့် လူတန်းစေ့ ဘဝရပ်တည်နိုင်ရေးအတွက် ဦးစားပေးအာရုံစိုက်ပါကြောင်း၊ မိမိဆိုလိုသည့် သာမန်ပြည်သူဆိုသည်မှာ ပညာရေးချို့တဲ့မှုကြောင့် ကာယကိုအသုံးပြုပြီး ဝင်ငွေရှာရသော ထွန်ယက်စိုက်ပျိုး စားသောက်ရန်အတွက် လယ်မြေတစ်ကွက်တောင်မပိုင်ဆိုင်နိုင်ဘဲ အကြွေးနွံနစ်ပြီး မိသားစုကို ဝလင်အောင်မကျွေးနိုင်သည့် မိသားစု၊ ဆွေမျိုးနှင့် မိတ်ဆွေများကို စွန့်ခွာပြီး အိမ်နီးချင်းနိုင်ငံများတွင် နှစ်ပေါင်းရှည်ကြာ အလုပ်လုပ်ကိုင်နေကြရသော၊ လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှု၊ ရေကောင်းရေသန့်နှင့် လျှပ်စစ်မီးစသည်တို့ကို မရရှိနိုင်သေးသော သန်းပေါင်းများစွာသော ပြည်သူများကို ရည်ညွှန်းခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူခဲ့သော နှစ်နှစ်တာကာလအတွင်း မြန်မာ့လူ့အဖွဲ့အစည်း၌ ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာလာရေးအတွက် ကြိုးစားလုပ်ဆောင်ခဲ့ပါကြောင်း၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ အကြောက်တရားများပပျောက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သည့် မူဘောင်များကိုလည်း ဖန်တီးဖော်ဆောင်နေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြန်အလှန် ထိန်းကျောင်းမှုများပါဝင်သည့် အုပ်ချုပ်မှု၊ လွှတ်တော်များ၊ တရားရေးမဏ္ဍိုင်၊ နိုင်ငံရေးပါတီများ၊ လွတ်လပ်သောသတင်းမီဒီယာ အစရှိသည့် အင်စတီကျူးရှင်းအသစ်များကို ပုံဖော်ဖန်တီးနိုင်ခဲ့ပြီးဖြစ်သော်လည်း လက်တွေ့လိုက်နာကျင့်သုံးမှုများမရှိလျှင် ဒီမိုကရေစီ ရင့်ကျက်လာမည်မဟုတ်သည့်အတွက် မိမိတို့အနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နှစ်ပေါင်းရှည်ကြာ ပျောက်ဆုံးခဲ့သည့် ဒီမိုကရေစီနည်းကျ အတွေးအခေါ်များ ပြန်လည်ထွန်းကားလာစေရန် လှုပ်နှိုးနေရသည့် အချိန်အခါလည်း ဖြစ်ပါကြောင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ အားကောင်းမောင်းသန်ဖြစ်ပေါ်လာရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး အဓိကအားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်ယူရဆုံးမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးညှိနှိုင်းမှုများဖြင့် အဖြေရှာသော ဓလေ့တစ်ခုကို အစပျိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ဖြစ်ပွားနေသည့် အလုပ်ရှင်၊ အလုပ်သမားပြဿနာများမှစ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအထိ စားပွဲဝိုင်းတွင် အဖြေရှာနေခြင်းကို လက်တွေ့တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးကို အဆုံးသတ်ပြီး ရေရှည်တည်တံ့၍ တရားမျှတမှုရှိသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အားလုံးသဘောတူလက်ခံမည့် ရလဒ်တစ်ခု ထွက်ပေါ်လာသည်အထိ မဆုတ်မနစ်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ လွန်ခဲ့သော ၁၈ လအတွင်း တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် အဓိကလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သော KIO အဖွဲ့နှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး လက်ရှိရရှိထားသော အောင်မြင်မှုများသည် စစ်မှန်သောငြိမ်းချမ်းရေးကို ရယူလိုသည့် မိမိတို့မြန်မာပြည်သူများ၏ ပြင်းပြသောဆန္ဒများကြောင့်ပင်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးများမှတစ်ဆင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် လိုအပ်သော နိုင်ငံရေးဆွေးနွေးအဖြေရှာမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များပါဝင်နိုင်သော ဖြစ်စဉ်တစ်ခုဖြစ်အောင်မူဘောင်များ ချမှတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကိုအခြေခံပြီး တိုင်းရင်းသား ညီအစ်ကိုများအကြား ကာလရှည်ကြာ သဘောထားကွဲလွဲမှုများကြောင့် နာကျည်းမှုများ၊ စိတ်ဒဏ်အနာတရဖြစ်မှုများကို ချေဖျက်ပြီး ကွဲပြားမှုများရှိသော်လည်း ခွဲခြားမှုများမရှိသည့် အားလုံးပါဝင်သော မြန်မာ့လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုအချိန်အခါသည် နိုင်ငံရေးဖြစ်ထွန်းမှုများ ရေရှည်တည်တံ့စေရန်ကြိုးစားနေရသကဲ့သို့ တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် ပုံဖော်ဖန်တီးနေရချိန် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်နှင့် ပြန်လည်ချိတ်ဆက်နိုင်ရေးတို့တွင် အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်းနှင့် အတူ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပေးခဲ့သည့်အတွက် အဆွေတော်တို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် အကူအညီ အထောက်အပံ့များအပေါ်မှာသာ ရပ်တည်နေမည်မဟုတ်ဘဲ ရေရှည်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့် ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများ ကြွယ်ဝပြီးထိုအရင်းအမြစ်များ၏ အကျိုးကျေးဇူးများကို ပြည်သူတိုင်းခံစားရရှိနိုင်စေရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ တစ်ပြိုင်တည်းမှာပင် နိုင်ငံသားတိုင်း အလုပ်လုပ်ခွင့်နှင့်တန်းရည်ညီမျှ ယှဉ်ပြိုင်နိုင်ခွင့်ရှိပြီး တီထွင်ကြံဆမှုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးသော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်ကို ဦးတည်ကြိုးပမ်းနေပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် လုပ်ဆောင်လျက်ရှိသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် အရည်အသွေးနှင့် နည်းပညာဆိုင်ရာ အကူအညီများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများ၊ အခြေခံ အဆောက်အအုံဆိုင်ရာ အကူအညီများ၊ ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကိစ္စရပ်များကို အဓိကထားသည့် အကူအညီများ လက်တလောတွင် လိုအပ်လျက်ရှိပါကြောင်း၊ အနာဂတ်တွင် ယင်းအကူအညီများထက် နိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဗြိတိန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Andrew Richard Heyn သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်စစ်သံမှူး ခန့်အပ်ခြင်းကိစ္စ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် အရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ကုန်စည်ပြပွဲ - ၂၀၁၃ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ပထမထပ်၌ ကျင်းပသော ဘင်္ဂလားဒေ့ရှ်ကုန်စည်ပြပွဲ-၂၀၁၃ အခမ်းအနားသို့တက်ရောက်ပြီး ပြပွဲကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ပထမအကြိမ် ပြုလုပ်သော Single Country Trade Fair of Bangladesh 2013 ကျင်းပခြင်းကို ကြိုဆိုပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် ကုန်စည်ပြပွဲများ ကျင်းပခြင်းသည် ထိရောက်သည့်နည်းလမ်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသည့်အလျောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုမှာများစွာ အရေးပါကြောင်း၊ ယခုအခါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ ကုန်စည်ပြပွဲများမှတစ်ဆင့်နှစ်နိုင်ငံအကြား ထုတ်ကုန်များနှင့်ဈေးကွက်များ ချဲ့ထွင်ရေးကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံဖြစ်သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်ကြောင်း၊ လက်ရှိနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ဒေါ်လာ ၈၄ သန်း ဝန်းကျင်သာရှိသည့်အတွက် ပိုမိုတိုးချဲ့သွားရန် လိုအပ်ကြောင်း၊ ယခုအခါ ကုန်သွယ်မှုသိသိသာသာတိုးမြှင့်နိုင်ရေး Automatic Lincensing System နှင့် Non-Lincensing System တို့ကို ကုန်စည်အချို့တွင် စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်နိုင်ရေးအတွက် ကုန်စည်ပြပွဲများအပြင် ကုန်သွယ်ရေးမစ်ရှင်များ၊ ကိုယ်စားလှယ်အဖွဲ့များ အမြဲမပြတ် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ပြုလုပ်သည့် ကုန်စည်ပြပွဲမှ တစ်ဆင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Mr. Ghulam Muhammed Quader၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပို့ကုန်မြှင့်တင်ရေးဗျူရိုမှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကား ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ကုန်မြှင့်တင်ရေးဗျူရိုမှ ဒုတိယဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးတို့က ဘင်္ဂလားဒေ့ရှ် ကုန်စည်ပြပွဲ-၂၀၁၃ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ ဆေးပစ္စည်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် လက်မှုပစ္စည်းများအား ပြသထားပြီး ပြပွဲကို မတ် ၈ ရက်အထိ သုံးရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာမူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်တောလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေမှု အခြေအနေ၊ ညောင်သူများ ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် သီးပင်အိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မတ် ၁ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ယင်းမာပင် မြို့နယ် သီးကုန်းကျေးရွာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး ကျေးရွာအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ကပိုင်ကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဆင်စွယ်ကျေးရွာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်သစ် ဆောက်လုပ်ပြီးစီးမှု မြောက်ယမားတိုးချဲ့ ရေသောက်စနစ် မြောင်းမကြီး တူးဖော်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် ရင်ပေါင်တိုင်ကျေးရွာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာမီးလင်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ် သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာ စာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(တိုင်းဒေသကြီး ပြန်/ဆက်)

ပုပ္ပားတောင် ငဝစမ်းရေထွက်တွင် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်

ကျောက်ပန်းတောင်း မတ် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပုပ္ပားတောင်မကြီး သဘာဝရေထွက်စမ်းများ ရေပုံမှန်ထွက်ရှိစေရေးနှင့် အဆိုပါစိမ့်စမ်းရေများကို မှီခိုအားထားသောက်သုံးနေကြသော မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာပြည်သူများ အန္တရာယ်ကင်းဘေးရှင်းစေရန် ရည်ရွယ်၍ မြို့ရေတိုးမြှင့်ရရှိရေး ကော်မတီ၏ အစီအစဉ်ဖြင့် မြို့ပေါ်ကျောင်းတိုက်ကြီးများမှ ဆရာတော်များအား ပင့်ဖိတ်ပြီး မတ် ၄ ရက် နံနက် ၁၀ နာရီက ငဝစမ်းရေထွက်တွင် အန္တရာယ်ကင်း ပရိတ်ရွတ်ခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်များအား မေတ္တာပို့ အမျှဝေခြင်းနှင့် အဆိုပါစမ်းရေအတွင်း ပရိတ်ရေသွန်းလောင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပရိတ်ရွတ်ဖတ်ပူဇော်ပွဲသို့ ဥက္ကဋ္ဌ ကုန်းစာသင်တိုက်မှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဦးသူရိယ အမှူးပြုသည့် ဆရာတော်သံဃာတော်ကိုးပါးနှင့် မြို့ရေတိုးမြှင့်ရရှိရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာနှင့် စည်ပင်သာယာ အကြံပေးအဖွဲ့ဝင်များ မြို့မိမြို့ဖများ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ ငဝစမ်းရေထွက်သည် ပုပ္ပားတောင်မကြီး၏ တောင်ဘက်ခြမ်း အမြင့်ပေ ၁၃၀၀ ခန့်တွင် တည်ရှိပြီး ကျောက်ပန်းတောင်းမြို့မှ ၁၀ မိုင်ခန့် ကွာဝေးကြောင်းနှင့် မြို့သို့ သွယ်ယူရရှိသည့် သဘာဝရေထွက် စမ်းများအနက် ရေထွက်အား အကောင်းဆုံး စိမ့်စမ်းတစ်ခုဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၂၇၀၀၀ ထွက်ရှိကြောင်းနှင့် ယင်းရေအား ဆည်ပေါက်စပျစ်ခြံမှ တစ်ဆင့်ခွဲ ဝေသုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၈)**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (မန္တလေး) သက်ကြီး ပူဇော်၊ နှစ်ပတ်လည်စည်းဝေး

မန္တလေး မတ် ၆

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (မန္တလေး) ၏ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၃ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေနှင့် တိုင်းဒေသကြီးကျန်းမာရေးအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်တို့က အမှာစကားပြောကြားကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းကူညီကြသည့် GSK နှင့် Polygold ကုမ္ပဏီတို့ အားအသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဘဏ္ဍာရေးနှစ် အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ခရိုင်အဆင့်အသီးသီး၏ တင်ပြဆောင်ရွက်မှုများအပေါ် အသင်းဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားသည်။ ယင်းနောက် အငြိမ်းစား သက်ကြီးကျန်းမာရေးမှူးများအား ကန်တော့ပစ္စည်းများဖြင့် ပေးအပ် ကန်တော့ကြကြောင်း သိရသည်။ **(ဝ၄၀)**

ကြာအင်းကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်

ကလေး မတ် ၆

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီးရရှိမှုသည် အရေးပါလှသည်ကိုသိရှိသော ကြာအင်းကျေးရွာပြည်သူများအနေဖြင့် လျှပ်စစ်မီးရရှိရေးကို ကျေးရွာမှ သုံးမိုင်ခန့်အကွာ ဝေဘူလနယ်မြေ စည်းရင်းကြိုးဝိုင်းမှ စီးဆင်းလာသော လုံးထာပါရ်ချောင်းတွင် ရေအားလျှပ်စစ် တာဘိုင်ကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ စီမံကိန်းချ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်နိုင်ခြေ အဆင့်ဆင့်ကို ပညာရှင်များ၊ အင်ဂျင်နီယာများဖြင့် တိုင်ပင်ကာ ၂၀၁၁ ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ရေအားလျှပ်စစ်စီမံကိန်းသည် ရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး ရေလှောင်ကန်သည် ၂၀၁၃ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်။ ယခုအချိန်ထိ စုစုပေါင်းငွေကျပ် သိန်း ၇၀ နီးပါးကုန်ကျပြီးဖြစ်ကာ ကျေးရွာသို့ လျှပ်စစ်မီးအရောက်ဆိုပါက ငွေကျပ်သိန်း ၁၂၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်းကို ကျေးရွာတာဝန်ခံ ဦးကပ်လွယ်က ရှင်းပြသည်။

အဆိုပါ ရေအားလျှပ်စစ်မှ ၁၂၀ ကီလိုဝပ်ထွက်ရှိမည်ဖြစ်ပြီး ကြာအင်းကျေးရွာအိမ်ခြေ ၅၃၀၊ လူဦးရေ ၃၂၀၀ ကို လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်မည်ဖြစ်သည့်အပြင် အနီးကျေးရွာများပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ကြာအင်းကျေးရွာ အနေဖြင့် မဝေးတော့သော အနာဂတ်တွင် ကလေးမြို့နယ်၏ ပထမဆုံး ၂၄ နာရီ လျှပ်စစ်မီးရရှိသော ဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **(သျှင်နေမင်း-ဂန့်ဂေါ)**

မီးဘေးသင့်ပြည်သူများ ထောက်ပံ့ငွေပေးအပ်

စစ်ကိုင်း မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၄ နာရီခွဲက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ အိမ်ထောင်စု ၂၃ စုအိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

မီးဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မတ် ၅ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာရှိ ဝတ်ကျောင်းမြေမှာရုံ၌ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တော၊ သတ္တုစွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်အားပေးကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က မီးဘေးသင့်အိမ်ထောင်စု ၂၃ စုအတွက် တစ်စုလျှင် ငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ အောင်သပြေမိသားစုက ငွေကျပ် ၁၀၀၀၀ စီနှင့် စတီးဇလုံသုံးလုံးစီကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက အိမ်ထောင်စု ၂၃ စုအတွက် ငွေကျပ် ၁၈ သိန်းကျော်တန် ငွေသားနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ စီကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ အိမ်ထောင်စု ၂၃ စုကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ရပ်မိရပ်ဖ ဦးအောင်ဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဦးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ချောင်းဦး မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် နွေရာသီ မီးဘေးအန္တရာယ်မကျရောက်စေရန် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ကို ဌာနဆိုင်ရာများ စုပေါင်းဖွဲ့စည်းပြီး လုပ်ရှားဆောင်ရွက်မှုများကို ဖေဖော်ဝါရီ ၂၃ ရက်က စတင်ပြုလုပ်ခဲ့သည်။ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို ဌာနအလိုက် ပြုလုပ်စေပြီး စတင်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဌာနမှ မီးကြိုးများစနစ်တကျ သွယ်တန်းမှု ရှိမရှိနှင့် မီးကြိုးဟောင်းများ လဲလှယ်တပ်ဆင်စေခြင်း၊ မီးတိုင်များ လဲလှယ်ခြင်းနှင့် လျှပ်စစ်ခိုးယူသွယ်တန်းမှု စသည်တို့ကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဌာနမှ မီးသတ်ကန်များ ရေလဲလှယ်ဖြည့်တင်းခြင်း၊ မီးသတ်ကား၏ လိုအပ်ချက်နေရာများကို စစ်ဆေးပြုပြင်ခြင်းနှင့် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်ကျေးရွာပြည်သူလူထုထံသို့ မီးဘေးအန္တရာယ်ကြုံတွေ့ပါက အသုံးပြုသောပစ္စည်းများ (ရေအိုး၊ လှေကား၊ မီးချိတ်) စသည်တို့ ပြုလုပ်ထားပေးရန်နှင့် ပြည်သူတစ်ရပ်လုံးကလည်း မီးဘေးအန္တရာယ်ကျရောက်ခဲ့လျှင် တတ်နိုင်သရွေ့ မိမိတို့အနေနှင့် လက်တွဲပါဝင်ကူညီကြရန်တို့ကိုလည်းကောင်း စီမံဆောင်ရွက်ထားသည်။

ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာများကလည်း မီးဘေးအန္တရာယ် မဖြစ်စေရန် နေ့/ညအလှည့်ကျ စောင့်ကြပ် လှည့်လည်စစ်ဆေးနေ ကြပြီဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ **(ချောင်းဦးသား)**

မြစ်ကြီးနား၌ နွေရာသီအင်္ဂလိပ်စာ ပညာဒါနသင်တန်းဖွင့်

မြစ်ကြီးနား မတ် ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့် အခြေခံပညာကျောင်း၌ မတ် ၄ ရက် နံနက် ၉နာရီက နွေရာသီအင်္ဂလိပ်စာ ပညာဒါနသင်တန်းဖွင့်ပွဲကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနန်ဇိန်းအောင်က အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဆရာမ ဒေါ်မြတ်သင်းလွင်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

မတ် ၄ ရက်မှ မေ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည့် အဆိုပါ သင်တန်းသို့ အခြေခံပညာ စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ဝ၆၂)**

ပုဗ္ဗသီရိမြို့နယ်၌ မီးဘေးကာကွယ်ရေးစစ်ဆေး

နေပြည်တော် မတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ဝဲကြီးကျေးရွာတွင် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်စေရေးကို ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ဝဲကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့သည် မတ် ၂ ရက်မှ ၅ ရက်အထိ ဝဲကြီး၊ ကျောင်းကုန်း၊ သရက်ပင်၊ ကျောက်ခွက်၊ အင်းတိန်ကျေးရွာများ၌ ကွင်းဆင်း၍ တစ်အိမ်ဆင်း စစ်ဆေးမှုများပြုလုပ်သည်။ အဆိုပါအဖွဲ့သည် အိမ်ခြေ ၃၀၀ကို စစ်ဆေးမှုများပြုလုပ်ပြီး မီးဖိုချောင်နှင့် ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းတင်ပြကြပြီးနောက် အိမ်တိုင်းမီးချိတ်၊ မီးကတ်၊ သဲ၊ ရေနှင့် ညကင်းစောင့်များထားရှိကြရန်တို့ကို မှာကြား ခဲ့ကြောင်း သိရသည်။

ရွှေစင်အိ(နေပြည်တော်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများ

သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး

နေပြည်တော် မတ် ၆

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲများကို ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း၌ မတ် ၆ ရက် နံနက်က ကျင်းပရာ အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ချက်က စံချိန် ၁၅ မိနစ် ၁၆ ဒသမ ၀၉ စက္ကန့်ဖြင့် ပထမ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဖြူဝါသက်က ၁၆ မိနစ် ၃၉ ဒသမ ၈ စက္ကန့်တွင် ပထမရရှိခဲ့သည်။

အမျိုးသားဘော်လီဘော အကြိုဗိုလ်လုပွဲတွင် ရခိုင်နှင့် မန္တလေးတို့ ယှဉ်ပြိုင်စဉ်။

အလျားခုန်

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ မတ် ၆ ရက် နံနက်က ကျင်းပသည့် အမျိုးသမီး အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ နှင်းရည်ဝေက စံချိန် ၅ ဒသမ ၄၀ မီတာဖြင့် ပထမ ဗိုလ်စွဲသွားသည်။

မကွေးတိုင်းဒေသကြီးမှ မြင့်မြင့်ဝေက ၅ဒသမ ၂၈ မီတာဖြင့် ဒုတိယ ရရှိပြီး မန္တလေးတိုင်းဒေသကြီးမှ မြတ်ဆုက ၅ ဒသမ ၂၁မီတာဖြင့် တတိယဆု ရရှိခဲ့သည်။

တန်းမြင့်ခုန်

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ မတ် ၆ ရက် နံနက်က ကျင်းပသည့် အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်ဇော်မင်းက စံချိန် ၁ ဒသမ ၈၃ မီတာခုန်ပြီး ရွှေတံဆိပ် ရယူနိုင်ခဲ့သည်။ မွန်ပြည်နယ်မှ ထွန်းလင်းနိုင်က စံချိန် ၁ ဒသမ ၈၃ မီတာဖြင့် ဒုတိယရရှိပြီး ငွေတံဆိပ်ဆွတ်ခူးခဲ့သည်။ ပထမနှင့် ဒုတိယ အမြင့်ခုန် စံချိန်တူညီနေသော်လည်း မန္တလေးတိုင်းဒေသကြီးမှ အောင်ဇော်မင်းက တစ်ကြိမ်တည်း ခုန်နိုင်ခဲ့ခြင်းဖြစ်ပြီး မွန်ပြည်နယ်မှ ထွန်းလင်းနိုင်မှာ နှစ်ကြိမ်ခုန်ခဲ့သဖြင့် ဒုတိယရရှိခဲ့ခြင်း ဖြစ်သည်။

အမျိုးသားဘော်လီဘော

ရှမ်းနှင့် မန္တလေးတို့ ဗိုလ်လုမည်

ဇမ္ဗူသီရိမြို့နယ်ရှိTC-1 လေ့ကျင့်ရေး အားကစားရုံ၌ မတ် ၆ ရက်က ကျင်းပသည့်အမျိုးသား ဘော်လီဘော ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ပွဲတွင် ရှမ်းပြည်နယ်အသင်းက အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားသည်။

အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက အနိုင်ရရှိခဲ့သည်။

အမျိုးသား ဘော်လီဘော ဗိုလ်လုပွဲအဖြစ် မတ် ၇ ရက် နံနက်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တတိယနေရာလုပွဲအဖြစ် ရန်ကုန်နှင့် မွန်တို့ လုကြမည်ဖြစ်သည်။

တစ်ဖန် အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲကို မတ် ၇ ရက် နံနက်၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တတိယကိုမူ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရရှိသွားသည်။

လုံတံပစ်ဗိုလ်လုပွဲ

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်း မတ် ၆ ရက် နံနက်က ကျင်းပသည့် အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးတိုင်းဒေသကြီးမှ စိုးစိုးထွေးက ပထမရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

စိုးစိုးထွေးသည် ယခုကျင်းပသည့် အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၌ စံချိန် ၃၉ ဒသမ ၇၈ မီတာဖြင့် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

လုံတံပစ် ရွှေတံဆိပ်ဆုရှင် မကွေးတိုင်းဒေသကြီးမှ စိုးစိုးထွေး။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲဆုရအားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဆုချီးမြှင့်

နေပြည်တော် မတ် ၆

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိရာပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ လာရောက်ကြည့်ရှုအားပေးပြီး အမျိုးသား အမျိုးသမီး မီတာ ၁၀၀ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန်ဗိုလ်လုပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေး ဗိုလ်လုပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲနှင့် အမျိုးသား လုံတံပစ်ဗိုလ်လုပွဲတို့တွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း (လယ်ဝေး) Training Center-2 ရှိ ကရာတေးဒို အားကစားခန်းမ၌ အမျိုးသား အမျိုးသမီး ကရာတေးဒို ဗိုလ်လုပွဲများယှဉ်ပြိုင်နေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ က ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Training Center-1 ရှိ ရိုးရာလက်ဝှေ့(မွေ) အားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် အမျိုးသား အမျိုးသမီးဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှု၊ နပန်း၊ လက်ဝှေ့ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ

သတင်း - ဖေမြင့်ဦး

နေပြည်တော် မတ် ၆

အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၆ ရက် နံနက်ပိုင်းက အားကစားလေ့ကျင့်ရေးစခန်း (၁)ရှိ ဘော်လီဘောပြိုင်ပွဲရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ယခုပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစား နာမည်ကြီးနေသော စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၅၀ မှတ် ၄၉ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

▲ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်း ခရီးသွားဧည့်သည် တစ်သန်းကျော်လာရောက်ခဲ့ရာ မကြာမီနှစ်အတွင်း နှစ်စဉ် ပြည်ပခရီးသွား နှစ်သန်းအထိ လာရောက်လည်ပတ်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံသို့ ယခင်က အာရှခရီးသွားများသာ အများဆုံး လာရောက်သော်လည်း ယခုအခါ အနောက်ဥရောပတိုက်သားများလာရောက် လည်ပတ်မှုမှာလည်း တဖြည်းဖြည်းတိုးပွားလာလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရပ်ကွက်အမှတ် (၅)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ် ၅/၄၊ အတိုင်းအတာ (၂၅ ပေ×၇၅ပေ)ခန့်ရှိ ပါမစ်မြေကွက်၊ ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် မရမ်းကုန်းမြို့နယ်၊ ရပ်ကွက်အမှတ် ၅၊ လေဆိပ်လမ်းမနှင့် အောင်ဇေယျလမ်းထောင့်၊ မြေကွက်အမှတ် ၅/၂၊ အတိုင်းအတာ (ပေ ၃၀× ပေ ၄၀)ခန့်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့် လက်ရောက်လွှဲပြောင်းဝယ်ယူသည့်နည်းအရ လက်ရောက်ဝယ်ယူ စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသူ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ (၁) ဦးညွန့်တင် ၁၂/စခန(နိုင်)၀၄၈၇၇၉၊ (၂) ဦးမင်းဆွေ WAW-၀၈၉၃၄၁၊ အမှတ် ၅၁၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဝယ်ယူရန် ကတိစာချုပ်ချုပ်ဆိုစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာလုံလောက်သော အထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေလုပ်ထုံးလုပ်နည်းရှိသည်နှင့်အညီ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း (စဉ်-၂၀၁၂)	**ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)**
B.A(Law), LL.B,D.B.L, D.M.L	**LL.B,D.B.L,D.M.L, D.I.L**
ဖုန်း-၀၉-၅၁၀၈၅၂၁	**ဖုန်း-၀၉-၅၀၁၅၃၁၆**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၁၂၊ အခန်း ၂၀၁၊ ၃၅ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်



ပြည်တွင်းသတင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ ပူးပေါင်း၍ (၃၁)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာဖြေသာမဏေ ၃၄၃ ပါး၊ သံဃာတော် ၇၁ ပါးတို့အား မတ် ၅ ရက်က လင်းခေးမြို့ မဟာဝိဟာရပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင်၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းစဉ်။ (စိုင်းဇော်လတ်)

ငပုတောမြို့နယ် သဇင်ကွင်းကျေးရွာတွင် ကလေးသုံးမွှာပူး အောင်မြင်စွာမွေးဖွား

ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုံ့ချောင်းကျေးရွာအုပ်စု သဇင်ကွင်းကျေးရွာနေ ကိုအောင်ကြိုင်၏ဇနီး မတင်မိုးခိုင်သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက ကလေးသုံးမွှာပူးကို ၄င်းတို့နေအိမ်မှာပင် အောင်မြင်စွာ မွေးဖွားပေးခဲ့သည်ဟု သိရသည်။

ကလေးများကို အရပ်လက်သည်ဖြင့် ကောင်းမွန်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ပြီး မိခင်မှာသုံးမွှာပူးကို မွေးဖွားခဲ့ရခြင်းဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ မဖြစ်မနေလိုအပ်သည့်အပြင် ကလေးသုံးဦးကို ပြည့်စုံစွာ နို့မတိုက်နိုင်ဟုလည်း သိရသည်။

မတင်မိုးခိုင်၏ မိသားစုများမှာ ဆင်းရဲချို့တဲ့ကြသဖြင့် တောင်ချောင်းကျေးရွာနေ ကိုစိုးနိုင်ဦးဆောင်သည့် ကျေးရွာသားများ မတည်ထည့်ဝင်ငွေများဖြင့် စက်လှေငှားကာ ငပုတောမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ငပုတောပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအောင်နှင့်အတူ ဆေးရုံဝန်ထမ်းများက ဂရုတစိုက်ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးခဲ့ပြီး ငပုတောစခန်းမှူး ရဲအုပ်စိုးဝင်းအပါအဝင် ရဲဝန်ထမ်းမိသားစုဝင်များ၊ ငပုတောမြို့ပေါ် မေတ္တာသွေးကူညီရေးအဖွဲ့နှင့် ကိုဝေလင်း၊ ပန်းတိမ်ပညာရှင်များက လိုအပ်လျက်ရှိသော ငွေကြေး၊ ဆေးဝါးနှင့်ကလေးအသုံးအဆောင်ပစ္စည်းများ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုအောင်ကြိုင်နှင့်ဇနီး မတင်မိုးခိုင်တို့မိသားစုတွင် သားသမီးသုံးဦးရရှိထားကြောင်း၊ ယခုမွေးဖွားသောအမြွှာကလေးသုံးဦးနှင့်ပါဆိုလျှင် သားသမီးခြောက်ဦး ဖြစ်လာပြီး ကလေးများစရိတ်အတွက် ဖခင်ဖြစ်သူမှာ အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့တွင်လည်း ၂၀၁၁ ခုနှစ် အောက်တိုဘာလက ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ဒေါ်နော်ရင်လေး ငွေဆောင်မြို့နယ်ခွဲ သလပ်ခွာကျေးရွာအုပ်စု မဒေါ့ကုန်းကျေးရွာနေသူက ယခုကဲ့သို့ ကလေးသုံးမွှာပူးကို ခွဲစိတ်မွေးဖွားခဲ့ရပြီး ယခု သုံးမွှာပူးမွေးဖွားသူ ငပုတောမြို့နယ် သဇင်ကွင်းကျေးရွာမှ မတင်မိုးခိုင်မှာ မခွဲစိတ်ရဘဲ ကျေးရွာရှိ အရပ်လက်သည်၏ အကူအညီဖြင့် သဘာဝအတိုင်း အောင်မြင်စွာမွေးဖွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယခုမွေးဖွားသော ကလေးသုံးမွှာပူးတွင် ပထမနှင့် ဒုတိယမှာ သားယောကျ်ားလေးများဖြစ်ပြီး တတိယမွေးဖွားသူမှာ သမီးမိန်းကလေးဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** ကိုအောင်ကြိုင်နှင့် ဇနီးမတင်မိုးခိုင်တို့မှာ လယ်သမားမိသားစုများဖြစ်သဖြင့် ကလေးသုံးမွှာပူးအား ကျွေးမွေးစောင့်ရှောက်နိုင်ရန် အခက်တွေ့နေရကြောင်း၊ အလှူရှင်များက ဝိုင်းဝန်းကူညီပံ့ပိုးမှုများရှိလျှင် ပိုမိုပြေလည်နိုင်မည်ဟု ဒေသခံများက ပြောကြားလျက်ရှိကြောင်း သိရသည်။

စိုးညွန့်(ပုသိမ်)

ကျူးကျော်ဆိုင်များကြောင့် လမ်းပိတ်ဆို့နေ

မန္တလေး မတ် ၆

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း ၈၃×၈၄ လမ်းကြား အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်ရှိ ယူအက်စ်ပလတ်စတစ်ပစ္စည်း ရောင်းဝယ်ရေးဆိုင်သည် လမ်းဘေးပလက်ဖောင်းကို ကျော်လွန်ကာ ကားလမ်းပေါ်သို့ ၁၅ ပေခန့် ပစ္စည်းများ ကျူးကျော်တည်ခင်း ရောင်းချနေသည်ကို တွေ့ရသည်။ **(ယာပုံ)**

တည်ခင်းရောင်းချ

အလားတူ ၂၆×၃၅ လမ်းကြား ၈၀×၈၄ လမ်းကြားရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ အကင်ဆိုင်များ၊ စတိုးဆိုင်များနှင့် ပစ္စည်းအရောင်းဆိုင်များသည် ပလက်ဖောင်းကိုကျော်၍ လမ်းများပေါ်တွင် တည်ခင်းရောင်းချခြင်းကြောင့် ဆိုင်လာယာဉ်များသည် အဆင်ပြေသလို ယာဉ်နှစ်ထပ်ရပ်တန့်လျက်ရှိရာ ယာဉ်ကြောပိတ်ဆို့ပြီး လမ်းသွားလမ်းလာများနှင့် ပြည်သူများ အနှောင့်အယှက်ဖြစ်စေသည့်အပြင် မီးသတ်ယာဉ်၊ အရေးပေါ်ယာဉ်များ သွားလာရန် ခက်ခဲခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပေးရန် ပြည်သူများ လိုလားတောင်းဆိုလျက်ရှိကြောင်း သိရသည်။

(ကျော်ထူး)

ဘောလုံးပွဲလောင်းကစားသူများ တပ်ကုန်း၌ ဖမ်းဆီး

တပ်ကုန်း မတ် ၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်နယ်မြေ (၉)ရှိ ရွှေအိမ်စံ-၂ လက်ဖက်ရည်ဆိုင်တွင် နိုင်ငံတကာဘောလုံးပွဲများကို လောင်းကြေးငွေများဖြင့် လောင်းကစားနေကြောင်း သတင်းအရ နယ်မြေခံနယ်ထိန်းတပ်ကြပ်ခင်ယုသည် သက်သေများနှင့်အတူဝင်ရောက်ရှာဖွေရာ ရွှေအိမ်စံ-၂ လက်ဖက်ရည်ဆိုင်ရှေ့ ထိုင်ခုံတွင် အောင်ဇော်မင်း ၂၃ နှစ် (မုန့်ဆရာ) ထံတွင် နိုင်ငံခြားဘောလုံးအသင်းအမည်များနှင့် လောင်းကြေးငွေများရေးထားသော စာရွက်အပိုင်း ၃၅ ပိုင်း၊ နိုင်ငံခြားဘောလုံးအသင်းအမည်များနှင့် ပွဲချိန်၊ လောင်းကြေး၊ ပေါက်ကြေးများပါသော စာရွက် ၁၁ ရွက်နှင့် လောင်းကြေးငွေများပါ ရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ နိုင်ငံခြားဘောလုံးအသင်းများ ယှဉ်ပြိုင်မှုကို လောင်းကြေးငွေ လက်ခံယူ၍ တရားမဝင်လောင်းကစားပြုလုပ်သူ အောင်ဇော်မင်းအား တပ်ကုန်းရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

(ကျော်ကြီး)

မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ကျုံဒိုးမြို့တွင် နေအိမ်များပြိုကျ

ကျုံဒိုး မတ် ၆

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့တွင် မတ် ၃ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က မိုးသက်လေပြင်းများတိုက်ခတ်၍ မိုးသီးများရွာသွန်းမှုကြောင့် ကျုံဒိုးမြို့ အမှတ်(၂)ရပ်ကွက်တွင် အိမ်ခြေရှစ်လုံးနှင့် အမှတ်(၃)ရပ်ကွက်တွင် အိမ်ခြေသုံးလုံးခန့် အမိုးလန်ပြိုကျပျက်စီးဆုံးရှုံးခဲ့ပြီး အမှတ်(၂)ရပ်ကွက်မှ ဒေါ်မြ(၅၆)နှစ် ဒဏ်ရာရရှိသဖြင့် ကျုံဒိုးပြည်သူ့ဆေးရုံမှ ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ကျုံဒိုးနာရေးလူမှုကူညီရေးအဖွဲ့က ပို့ဆောင်ခဲ့သည်။ ယင်းမိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများကျိုးကျပြိုလဲပြီး လျှပ်စစ်ဓာတ်တိုင်၌ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုး ပြတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အမိုးလန်ပြိုကျပျက်စီးဆုံးရှုံးခဲ့သော စုစုပေါင်းအိမ်ခြေ ၁၁ လုံးရှိ အိုးမဲ့အိမ်မဲ့အိမ်ထောင်စုများမှ လူဦးရေ ၅၃ ဦးမှာ အခက်အခဲများနှင့် ခေတ္တကြုံတွေ့ခဲ့ရသည်။

အဆိုပါ အိုးအိမ်မဲ့အိမ်ထောင်စုများကို နယ်မြေခံတပ်ရင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ဝိုင်းဝန်းကူညီဖယ်ရှားရှင်းလင်း ဆောင်ရွက်ခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်နှင့်ဇနီး၊ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ တာဝန်ရှိသူများ၊ ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ထွန်း၊ မြို့နယ်စည်ပင်မှ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဒေသခံသက်ဆိုင်ရာတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုတစ်စုကို ငွေကျပ် ၁၀၀၀၀၀ နှင့် ဆန်တစ်အိတ်နှုန်း၊ အဝတ်အစား၊ အိုးခွက်၊ ဆပ်ပြာစသည့် အိမ်အသုံးဆောင်ပစ္စည်းရှစ်မျိုးနှင့် အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း ဝါးလုံး အလုံး ၁၀၀ ခန့်လှူဒါန်းခဲ့ပြီး ယခုလက်ရှိ ယာယီနေထိုင်နိုင်ရန်နှင့် လိုအပ်သည့်အကူအညီများကို ဆက်လက်၍ကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် ကျုံဒိုးလျှပ်စစ်ဦးစီးမှူး ဦးမျိုးသက်က ပြတ်တောက်သွားသော လျှပ်စစ်မီးကြိုးများ အချိန်မီ ပြန်လည်ပြုပြင်တပ်ဆင်၍ လျှပ်စစ်မီးများ ပုံမှန်ချိန်အတိုင်း ထုတ်လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ဗိသုကာပညာရပ်ဆိုင်ရာဟောပြောပွဲ

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၂/၂၀၁၃)ကို ၂၀၁၃ခုနှစ် မတ် ၉ ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)၊တတိယထပ် Function Hall ၌ ကျင်းပမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲတွင် Housing Development Trend and Innovative Construction Methods ခေါင်းစဉ်ဖြင့် ဦးဇော်ဇော်အေးမှ ဟောပြောမည်ဖြစ်ပြီး ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၁၉၆၇၇~၇၆(လိုင်းခွဲ-၁၁၉)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆီဘောက်ဆာကားငှားရန်ရှိသည်

ဂါလန် ၃၂၀၀ ဆံ့၊ လချုပ်ငှားမည်ဖြစ်သည်။ စာရွက်စာတမ်း အပြည့်အစုံ Nissan ရှစ်ဘီး(၂ခ/----)

ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၁၂၅၄၇

Computer to Plate စက်ကြီးများဖြင့် Plate ထုတ်ခြင်းလုပ်ငန်း

လူကြီးမင်းတို့၏ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သည့် Plate များ ပုံဖော်ပေးခြင်းလုပ်ငန်းအား Japan နိုင်ငံလုပ် ခေတ်မီ Thermal Computer to Plate စက်ကြီးများ အသုံးပြု၍ အချိန်တိုအတွင်း အရည်အသွေးပြည့်မီပြီး သင့်တင့်သော နှုန်းထားဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) နေပြည်တော်သတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ ဖုန်း-၀၆၇-၃၆၁၁၀
(၂) မြန်မာ့အလင်းသတင်းစာတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၄၃၁၄
(၃) ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၊ လမ်း ၂၀×၂၁ နှင့် ၈၂×၈၃ ကြား၊ ပုလဲငွေတောင်ရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး ဖုန်း-၀၂-၇၃၂၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၀ ရှိ ပေ(၄၀×၆၀)မြေနှင့် တစ်ထပ်ပျဉ်ထောင်သွပ်မိုးအိမ်၏ မူလအမည်ပေါက် ကွယ်လွန်သူ ဦးခိုင်ရွှေ ၁၂/ဒဂန(နိုင်)၀၁၆၉၃၀၏ဇနီး ဒေါ်စန်းငွေ ၁၂/ဒဂန(နိုင်)၀၂၁၁၄၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လေး
လိုင်စင်-၁၁၅၆၅/၈၅
LL.B အကျိုးဆောင်ရှေ့နေ
အမှတ် ၆၅၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၅၅၇၈၅၊ ၀၉-၄၂၀၀၅၉၈၅၃



အရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒသမ ၅၁ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်တွင်းသတင်း

မတော်တဆထိခိုက်ဒဏ်ရာရသူအား ထောက်ပံ့ငွေပေးအပ်

ကျောက်တော် မတ် ၆

ပြီးခဲ့သည့် နိုဝင်ဘာ ၁၂ ရက်က ကျောက်တော်ဘူတာတွင် မီးရထားဖြင့် မတော်တဆထိခိုက်ဒဏ်ရာရပြီး ဝဲဘက် ခြေထောက်ဖြတ်ခဲ့ရသူ ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက်မှ အသက် ၁၇ နှစ်အရွယ်ရှိ ဆွံ့အနားမကြားသူ မသန်းသန်းဌေးအား ရခိုင်ပြည်နယ် ပို့ဆောင်ရေးဝန်ကြီး ဦးကျော်ခင်က ဖေဖော်ဝါရီ ၂၈ ရက်က ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ကြေးပေးရာတွင် ပို့ဆောင်ရေးဝန်ကြီးက ငွေကျပ်နှစ်သိန်း၊ အဆောက်အအုံ အထူးအဖွဲ့(၈) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးဝင်းက ငွေကျပ် တစ်သိန်း၊ မြန်မာ့မီးရထား အမ်း-စစ်တွေ ရထားလမ်း စီမံကိန်းမန်နေဂျာ ဦးမျိုးဇော်ထူးက ငွေကျပ်တစ်သိန်း၊ ဇေယျာအောင် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇေယျာက ငွေကျပ်တစ်သိန်းကို ပေးအပ်ခဲ့ရာ မသန်းသန်းဌေးနှင့် မိခင်ဖြစ်သူက လက်ခံယူခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ မသန်းသန်းဌေးသည် သူမ၏ဖခင်ထံသို့ ထမင်းသွားပို့ပြီးအပြန် အခင်းဖြစ်သည့် နေရာတွင် မီးရထားဥသြဆွဲသံကို မကြား၍ အချိန်မီ ရှောင်တိမ်းခြင်း မပြုနိုင်သဖြင့် ယခုကဲ့သို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားဌာနမှ စစ်တွေဆေးရုံသို့ အရေးပေါ် ပို့ဆောင်ပေးခဲ့ပြီး ငွေကျပ် ငါးသိန်းကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မသန်းသန်းဌေးအား ခြေတုတပ်ဆင်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ **(ဂဇ္ဇပမီဒီယာ)**

မှုခင်းကျဆင်းရေး စကားဝိုင်းဖွဲ့ဆွေးနွေး

နေပြည်တော် မတ် ၆

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူး၊ နယ်ထိန်းတာဝန်ခံ၊ တပ်ဖွဲ့ဝင်များနှင့် နယ်မြေပိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တွေ့ဆုံ၍ စကားဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မော်လမြိုင် မြို့မရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ စစ်ကဲကုန်း၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ ဘိုကုန်း၊ ရွှေတောင်နှင့် ဖက်တန်းရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးသန့်က အမှာစကားပြောကြားပြီး မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဆန်းဝင်းက စခန်းပိုင်နယ်မြေအတွင်း လောင်းကစားမှုများ၊ ဒုစရိုက်မှုများ၊ မူးယစ်ဆေးဝါးရောင်းချမှုများနှင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေး၊ တရားခံပြေးများအား ဖမ်းဆီးအရေးယူ ဆောင်ရွက်ရေးတို့တွင် နယ်မြေခံ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် နယ်ထိန်းတာဝန်ခံတို့ကပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြသည်။

(၁၀၇)

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေး ဆွေးနွေး

ညောင်ရွှေ မတ် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စုတွင် ဆောင်ရွက်မည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် ကုလသမဂ္ဂလူဦးရေ ဆိုင်ရာလုပ်ရှားမှုရန်ပုံငွေအဖွဲ့ UNFPA နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ညောင်ရွှေမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းတင်နှင့် ကော်မတီဝင်များက ရှင်းလင်းဆွေးနွေးတင်ပြပြီး UNFPA မှ Mr.Yan-ming Lin က အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ကုန်ကြမ်းစက္ကူများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Art Card(250 gsm) 23½ "x33"(A 1)(500 Shts/Pkt)	3350 Ream
(ခ)	Art Card(250 gsm) 31"x43"(500 Shts/Pkt)	1050 Ream
(ဂ)	Woodfree Paper 30"(80 gsm)Reel	450 Ton
(ဃ)	Duplex Board (Foreign) 32"x46"(180 gsm) (100 Shts/Pkt)	600 Ream

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၃-၂၀၁၃ရက်မှ ၁၅-၃-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄
၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
သပိတ်ကျင်းမြို့နယ်ရုံးပြန်လည်ပြုပြင်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သပိတ်ကျင်းမြို့နယ်ရုံးတွင် အောက်ဖော်ပြပါ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအပေါ်ထပ် မျက်နှာကြက် ကျောက်ပြားများ၊ ကျောက်တန်းများ ပြုကျပျက်စီးခြင်း

(ခ) ရုံးခန်းနံရံများ ပျက်စီးခြင်း

(ဂ) ရုံးခြံဝင်းပတ်လည် အုတ်စည်းရိုး ပြုကျပျက်စီးခြင်း

(ဃ) ရေနှင့် လျှပ်စစ်မီးလိုင်းများ ပျက်စီးခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၃-၂၀၁၃ ရက်မှ ၁၂-၃-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၃-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၊ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ပြုပြင်ရမည့် လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက ရုံးတည်ရှိရာ သပိတ်ကျင်းမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၁ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၁၆၈နေ ဒေါ်အေးသန့် ၁၂/အစန(နိုင်)၀၂၆၆၉၄ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၇၊ မြေကွက်အမှတ် (၃၄၄/က)၊ ဧရိယာ ပေ(၂၀×၆၀)၊ (၃၄၄/ခ)၊ ဧရိယာ ပေ (၂၀×၆၀)မြေ နှစ်ကွက်နှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြရီက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
ရှေ့နေများနားနေခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် ၇၁၊ ဧရိယာပေ(၄၀×၆၀)နှင့် ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေဂရန်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးမိုးဇော်ဦး (လူပျိုကြီး) ၁၂/ဒလန(နိုင်)၀၀၄၃၆၁က တူအရင်းအချာများဖြစ်ကြသော မောင်စည်သူကောင်းစံနှင့် မောင်ဇေယျာလင်းစံတို့ကို မေတ္တာဖြင့် အပြီးအပိုင်တရားဝင်လက်ရောက်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါ၍ ဦးမိုးဇော်ဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ဘဲ မောင်စည်သူကောင်းစံနှင့် မောင်ဇေယျာလင်းစံတို့သာ လက်ရောက်ပိုင်ဆိုင်ပြီးဖြစ်၍ ၄င်းတို့၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ပါမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ပေးကမ်း၊စွန့်လွှတ်လှူဒါန်းခြင်းများမပြုကြပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမိုးဇော်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၄၅၄၊ ဧရိယာ ပေ(၄၀×၆၀)မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေဂရန်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးပါလေး ၁၂/ဥကတ(နိုင်)၀၃၁၃၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်း ၁၂/သကတ(နိုင်)၁၃၅၀၀၆က ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်ပိုင်ဆိုင်ပြီးဖြစ်၍ ၄င်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ စွန့်လွှတ်လှူဒါန်းခြင်းများမပြုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

နိုင်ငံတကာအားကစားသတင်း

မန်ယူပရိသတ်တွေရဲ့နှလုံးကို ဒိုလေးဂိုးနဲ့ ချေမွခဲ့ အိမ်ရှင်ဒေါ့မွန် ပြုတ်သားတဲ့ရလဒ်ဖော်ဆောင်

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တွေကို မတ် ၆ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်းမှာ ရှုံးပွဲကြုံပြီး ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။ မန်ယူပရိသတ်တွေရဲ့ အသည်းနှလုံးကို စီရိုနယ်ဒိုဂိုးနဲ့ချေမွခဲ့သလို ဒေါ့မွန်တို့ကလည်း ရှက်တာဒိုးနက်ကို ပြုတ်ပြုတ်သားသားအနိုင်ယူခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူနှင့် ရီးရဲမက်ဒရစ်

တစ်ကမ္ဘာလုံးက ပရိသတ်တွေ စောင့်မျှော်ကြည့်ရှုခဲ့တဲ့ ပွဲစဉ်ဖြစ်တာမို့ ဒီပွဲရလဒ်ကလည်း အံ့အားသင့်စရာ ဖြစ်ခဲ့ရပါတယ်။ အိုးထရက်ဖို့ဒ်ကွင်းမှာ မန်ယူတိုက်စစ်မှူးတွေ တစ်ဂိုးမျှ မသွင်းနိုင်ဘဲ လည်စင်းခံခဲ့ရသလိုဖြစ်ခဲ့တဲ့ပွဲပါပဲ။

နှစ်သင်းစလုံး ပထမပိုင်း ပွဲချိန်အတွင်းမှာ ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ပေမယ့် ဂိုးမသွင်းနိုင်ခဲ့ကြပါဘူး။ ပထမပိုင်းမှာ ရီးရဲမက်ဒရစ်တိုက်စစ်ကို ဟန့်တားရင်း ပွဲချိန်က ၁၈ မိနစ်မှာ မန်ယူခံစစ်ကစားသမား အီဗရာ အဝါကတ်ထိခဲ့ပါတယ်။

ပွဲချိန် ၄၈ မိနစ်မှာတော့ မန်ယူတိုက်စစ်ကို ဟန့်တားရှင်းထုတ်ရင်း ရီးရဲမက်ဒရစ်မှ ရာမို့စ် ကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ခဲ့တာမို့မန်ယူတို့ ဂိုးစတင်ရရှိသွားပါတယ်။ **(အပေါ်ပုံ)**

ဒါပေမယ့် ပွဲချိန် ၅၆ မိနစ်မှာ မန်ယူကွင်းလယ်ကစားသမား နာနီ အနီကတ်ပြ အထုတ်ခံခဲ့ရလို့ မန်ယူတို့ ၁၀ ဦး တည်းနဲ့ ကစားခဲ့ရပါတယ်။

ရီးရဲမက်ဒရစ်ဟာ ချေပဂိုး ပြန်လည်သွင်းယူနိုင်ရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၆၆ မိနစ်မှာ မိုဒရစ်က ဂိုးသွင်းယူနိုင်ခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ ချေပဂိုးရရှိသွားခဲ့ပါတယ်။ ချေပဂိုးရရှိရေးကြိုးစားနိုင်ခဲ့တာမို့ ရီးရဲမက်ဒရစ်တို့ စိတ်ဓာတ်တက်ကြွပြီး ဆက်လက်ထိုးဖောက်ကစားခဲ့ရာမှာ ပွဲချိန် ၆၉ မိနစ်မှာ စီရိုနယ်ဒိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

မန်ယူအသင်းဟာ ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် အရာမထင်ဖြစ်နေခဲ့ပြီး ပွဲချိန် ၇၂ မိနစ်မှာ ကာရစ် အဝါကတ်ပြခံရသလို ပွဲချိန် ၇၃ မိနစ်မှာ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ကာကာလည်း အဝါကတ်ထိခဲ့ပါတယ်။

ဒါ့အပြင် ပွဲချိန် ၈၈ မိနစ်မှာ ပီပီလည်း အဝါကတ် ထိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် ရလဒ်မပြောင်းနိုင်ခဲ့လို့ မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီပွဲမှာ ရှုံးနိမ့်ခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ရီးရဲမက်ဒရစ်တို့ နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်ပါတယ်။

ဒေါ့မွန်နှင့် ရှက်တာဒိုးနက်

ပြီးခဲ့တဲ့ ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ ရလဒ်ပြတ်သားဖို့ ဒေါ့မွန်တို့ ကြိုးစားခဲ့ပါတယ်။ ဒေါ့မွန်ဟာအိမ်ကွင်းမှာစနစ်တကျ ဗျူဟာခင်းကျင်းပြီး ကစားခဲ့တာမို့ ပွဲချိန် ၃မိနစ်မှာ အက်ရှုဆိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ထိုးဖောက်ကစားခဲ့တဲ့အခါ ၃၇ မိနစ်မှာ ဂေါ့ဇီက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၅၉ မိနစ်မှာ ကောစကီးက တစ်ဂိုး သွင်းယူနိုင်ခဲ့တာမို့ ပွဲအပြီးမှာ ဒေါ့မွန် တို့သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။ ဒေါ့မွန်ဟာ ဒီပွဲမှာ အနိုင်ရရှိခဲ့တာမို့ နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး-နှစ်ဂိုးနဲ့ ချန်ပီယံလိဂ် နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

နာနီကိုပေးသည့် အနီကတ် ထိုက်တန်သည်ဟု ရှိုင်ကီန်းပြော

မန်ယူနှင့် ရီးရဲမက်ဒရစ်တို့ ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး ကူနက်ကာကီယာအနေဖြင့် နာနီကို အနီကတ်ပြ ထုတ်ပယ်ခြင်းသည် ထိုက်တန်သည်ဟု ယုံကြည်မိကြောင်း မန်ယူအသင်းခေါင်းဆောင်ဟောင်း ရှိုင်ကီန်းက ပြောကြားသည်။ ပွဲချိန် ၅၆ မိနစ်တွင် မန်ယူနောက်ခံလူ နာနီအနေဖြင့် ရီးရဲမက်ဒရစ်ကစားသမား အယ်လ်ဗာရိုအာဘီလိုအာကို ကြမ်းတမ်းစွာကစား၍ ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြထုတ်ပယ်ခဲ့သည်။ **(အပေါ်ပုံ)**

နာနီ၏ ကစားကွက်သည် ဘောလုံးသမားတစ်ယောက်ကို အန္တရာယ်ပြုသည့် ကစားနည်းဖြစ်ကြောင်း၊ ယင်းအတွက် ဒိုင်လူကြီးအနေဖြင့် အနီကတ်ပြသည်ကို ထိုက်တန်သည်ဟု ယူဆမိကြောင်း ရှိုင်ကီန်းက ပြောကြားသည်။

မန်ယူကို အနိုင်ယူရသည့်အတွက် စိတ်မကောင်းဟု စီရိုနယ်ဒိုပြောကြား

မန်ယူကို ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်သွားရအောင် ကစားရသည်မှာ စိတ်မကောင်းဖြစ်မိကြောင်း ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒို **(ဝဲပုံ)**က ပြောကြားသည်။ စီရိုနယ်ဒိုသည် နာနီထွက်သွားပြီးနောက် ရီးရဲမက်ဒရစ်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ၂၀၀၉ ခုနှစ်နောက်ပိုင်း ပေါင်သန်း ၈၀ ဖြင့် မန်ယူက ရီးရဲမက်ဒရစ်ကို ရောင်းချလိုက်ပြီးနောက် စီရိုနယ်ဒိုအနေဖြင့် ပထမဆုံးအကြိမ် အိုးထရက်ဖို့ဒ်သို့ ပြန်လာကစားခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပြန်လာကစားခြင်းကပင် မန်ယူကို အနိုင်ဂိုးသွင်းယူခဲ့ရခြင်းအတွက် စိတ်မကောင်းဖြစ်မိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကောင်းမြတ်သူ - ရေးသားသည်

ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင်ပါဝင်သော မန္တလေးတိုင်းရင်းဆေး ဒီပလိုမာအပတ်စဉ် (၆၊ ၇၊ ၈၊ ၉) အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ ကြော်ငြာအောက်ဆုံးပိုဒ်တွင် ပါဝင်သည့် ကမ္ဘောဇ(ဗဟန်းဘဏ်ခွဲ) ငွေစုစာရင်းအမှတ် ဖုန်း-၀၄၁၂၂၀၀၀၇၁၀၇ အစား ငွေစုစာရင်း အမှတ် ၀၄၂၁၂၂၀၀၀၇၁၀၇ သို့ ငွေလွှဲလှူဒါန်းနိုင်ပါကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မာန်စာ
(တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒေးဒရဲမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈

ဒေါ်သန်းရှင်း (တရားလို) **နှင့်** **ဦးသိန်းစိုးနိုင်(ဘ)ဦးကျော်နက်** (တရားပြိုင်)

အထက်အမည်ပါ တရားပြိုင်ဖြစ်သော ဦးသိန်းစိုးနိုင်(ဘ)ဦးကျော်နက် ၁၂/တတန (နိုင်) ၁၄၂၁၃၉၊ ငါး/ပုစွန်ကန်လုပ်ငန်း၊ မာတလိလမ်း၊ လေးအိမ်ကုန်းကျေးရွာအုပ်စု ဒေးဒရဲမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လုပ်ငန်းအတွက် အသုံးပြုရန် ထုတ်ပေးခဲ့သော ငွေ ၃၂၀၀၀၀၀ိ/-နှင့် နစ်နာကြေးငွေ ၁၆၀၀၀၀၀ိ/-နှစ်ရပ်ပေါင်း ၄၈၀၀၀၀၀ိ/-ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မတ် ၁၄ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ မတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မိုးမြင့်
မြို့နယ်တရားသူကြီး
ဒေးဒရဲမြို့နယ်တရားရုံး

ပျောက်ဆုံးကြောင်း

ဦးလှိုင်လင်းသူ ၁၂/ပမန(နိုင်)၀၀၀၄၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် 11.082665 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၁၇၅၅၀

အမြန်ပြန်လာပါ

တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ဒေါ်စိုးသန္တာမျိုးကျော် ၁၂/ဗတထ(နိုင်)၀၃၅၈၂၅ **(အပေါ်ပုံ)** သည် နေအိမ်မှ ထွက်သွားပါသည်။ သမီးလေး အရမ်းသတိရနေသည်။ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၅၂၇၁၆၄၅၊ ၀၉-၅၁၈၇၉၈၆



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျိုင်းတုံမြို့ စော်ဘွားကြီးဈေး အထူးစည်ကား

ကျိုင်းတုံ မတ် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် မိရိုးဖလာ ထုံးတမ်းအစဉ်အလာအရ ရိုးရာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော စော်ဘွားကြီး ဈေးကို မတ် ၃ ရက်က ရှေးဟောင်းမြို့အဝင်တံခါး လမ်းတစ်လျှောက်နှင့် စော်ဘွားကြီး သချိုင်းဂူလမ်း တစ်လျှောက်၌ ကျင်းပရာ ကျိုင်းတုံမြို့မဈေးကြီးအတွင်း ရောင်းဝယ်ဖောက်ကားနေသော ဈေးသည်များ၊ ရပ်ဝေး ရပ်နီးဈေးသည်များနှင့် တစ်ပိုင်တစ်နိုင် ခြံထွက်သီးနှံစိုက် တောင်သူများက လာရောက်ရောင်းချကြရာ မြို့ပေါ် ကျေးလက်နေ တိုင်းရင်းသားများနှင့် ကမ္ဘာလှည့်ခရီးသွားများက ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးကာ ကြက်ပျံမကျ အထူးစည်ကားခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဆွေတော်မျိုးတော်များနှင့်ပွဲဈေးလာ တိုင်းရင်းသားများက စော်ဘွားကြီးအုတ်ဂူကို ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ကန်တော့ကာ ကျေးငှက်တိရစ္ဆာန်များကိုလည်း ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

တစ်နှစ်တွင်တစ်ကြိမ်၊ တစ်ကြိမ်တွင်မှတစ်ရက်သာ အဆိုပါ ဈေးအားရောင်းချကြောင်း၊ နာတာရှည်လူနာများမှလွဲ၍ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် သံဃာအန္တယ်ဝင်များပါမကျန် လာရောက်ကြကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် တစ်နှစ်အတွင်း ရာသီဥတု ကောင်းမွန်ပြီး ဆန်၊ ရေ၊ စပါးပေါများက ဖျားနာခြင်းများကင်းဝေးကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရန်နိုင်(သီလဝ)

ပြည်သူ့လူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူ့လူထုအခြေပြု ရွေ့လျားကျန်းမာရေး ဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေး ပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ PMCT Project မှ တာဝန်ရှိသူများ၊ IPPF Project မှ တာဝန်ရှိသူများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာမများ၊ ပျဉ်းမနားမြို့နယ် ခုတင် (၂၀၀) ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံမှ သွားဆရာဝန်များအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့နယ် ဂုံမင်းအိုင်ကျေးရွာ၌ ပြည်သူ့လူထုအခြေပြု ရွေ့လျားကျန်းမာရေး ဆေးခန်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာ ထွေးယဉ်အေးက ရွေ့လျားကျန်းမာရေး ဆေးခန်းဆောင်ရွက်ရခြင်းအကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာလင်းလင်းခက်က အန္တရာယ်ကင်းသော မိခင်ဘဝရရှိစေရန် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူရန် လိုအပ်သည့်အကြောင်းနှင့် သားဆက်ခြားနည်းလမ်းများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ဆောင်ရွက်ခဲ့

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသော ကိုယ်ဝန်ဆောင်များအား အနှီးပိတ်၊ တစ်ခါသုံး မွေးအိတ်နှင့်အိုင်အိုဒင်းဆားများကိုလည်းကောင်း၊ သက်ကြီးဘိုးဘွားများအား အိုင်အိုဒင်းဆားများနှင့်ဆပ်ပြာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ထို့နောက် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိနှင့်သွားလူနာများအား စစ်ဆေးကုသပေးခြင်း၊ အထွေထွေ လူနာများအား ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများအား နီးစပ်ရာကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်းနှင့်ချို့တဲ့လူနာများအား ထောက်ပံ့ပေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ်တွင် လူရည်ချွန်ငါးဦးထွက်ပေါ်

တာချီလိတ် မတ် ၆

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက ၂၀၁၂-၂၀၁၃ပညာသင်နှစ်မှစတင်ကာ အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူစာရင်းကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် ရှမ်း၊ အာခါ၊ လားဟူ၊ 'ဝ'၊ ဗမာ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မြန်မာနိုင်ငံ၏ အရှေ့ဖျား နယ်စပ်ဒေသဖြစ်သော တာချီလိတ်မြို့နယ်မှ လူရည်ချွန်မောင်မယ် ငါးဦး ထွက်ပေါ်လာသည်။

နယ်စပ်ဒေသမှ လူရည်ချွန်မောင်မယ်များ ထွက်ပေါ်လာမှုအတွက် ဒေသခံတိုင်းရင်းသားများမှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်လျက်ရှိနေကြသည်ကို တွေ့ရှိရသည့်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က မှတ်တမ်းတင်ခဲ့ရာ လူရည်ချွန်မောင် မယ်များဖြစ်သည့် မောင်လင်းကျော်ပိုင် (အဋ္ဌမတန်း) အလက-ပုန်းထွန် (ဦးကျော်ကျော်ဆွေ-ဒေါ်နန်းအင်)၊ မထက်ထက်ဝင်း (အဋ္ဌမတန်း) အထက-ဆန်ဆိုင်း (ဦးစောနိုင်-ဒေါ်ဝင်းပပကြွယ်)၊ မလှိုင်သဇင်မြင့်(နဝမတန်း) အထက-ဆန်ဆိုင်း (ဦးဝင်းမြင့်-ဒေါ်စန္ဒာကြွယ်)၊ မနန်းအောင်အောင်မော်(နဝမတန်း) အထက(ခွဲ) မိုင်းကိုး(ဦးစိုင်းဇွေလျှံထောင်း-ဒေါ်နန်းနွန်း)၊ မောင်ဂျိုးဇက်(တက္ကသိုလ်ဝင်တန်း) အထက-တာချီလိတ်(ဦးအားဂျော့၊ ဒေါ်အားနွန်း)တို့အား တစ်ဦးချင်းတွေ့ဆုံမှတ်တမ်းတင်ဂုဏ်ပြုနိုင်ခဲ့ပြီး စာမေးပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မောင်ဂျိုးဇက်ကိုမူ ၄င်း၏ ကိုယ်စားအနီးကပ်လေ့ကျင့်ပေးလျက်ရှိသော ဆရာမ ဒေါ်နန်းလောဝ်ခမ်းမှ တစ်ဆင့်ဂုဏ်ပြုခဲ့ရသည်။ အဆိုပါ လူရည်ချွန်မောင်မယ်များအား တာချီလိတ်မြို့မှ မိဘပြည်သူများက မတ် ၁ ရက်က အောင်မြတ်ခန်းမ၌ဂုဏ်ပြုပွဲ ကျင်းပခဲ့ကြောင်း ကြားသိခဲ့ရသည်။ **မောင်ယဉ်ကျေး(တာချီလိတ်)**

ဗုဒ္ဓသာသနာပြုကျောင်းအား သာသနာပြုဆရာတော်များအဖွဲ့က ဆက်လက်တည်ဆောက်မည်

တွန်းဇံ မတ် ၆

(၁၄)နှစ်ကြာ တည်ဆောက်အောင်မြင်ပြီးစီးခြင်းမရှိသေးသည့် ချင်းပြည်နယ်တွန်းဇံမြို့နယ် တွီးခိန်ဇံကျေးရွာ ကိုယ့်အားကိုယ်ကိုး ဗုဒ္ဓသာသနာပြုကျောင်းကို နေပြည်တော် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓသာသနာပြုဆရာတော်များအဖွဲ့က ဆက်လက်၍ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

၁၉၉၉ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့သော ယင်းကိုယ့်အားကိုယ်ကိုး ဗုဒ္ဓသာသနာပြု ကျောင်းသည် လမ်းခရီးသွားလာရန် ခက်ခဲခြင်း၊ တည်ဆောက်ရန် ရန်ပုံငွေ ခက်ခဲခြင်းတို့ကြောင့် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း၊ ယခင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရရှိစဉ်က ချင်းဗုဒ္ဓဘာသာဝင်များ ရှိခဲ့သော်လည်း ယခုအခါ ဗုဒ္ဓသာသနာ ရဟန်းတော်များအား ကြည်ညို ဆည်းကပ်ခွင့်၊ တရားဓမ္မများနာကြားခွင့်၊ လှူဒါန်းပူဇော်ခွင့်မရသည်မှာ ငါးနှစ်တိုင်တိုင်ရှိပြီဖြစ်ကြောင်း ဒေသခံချင်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ပင့်လျှောက်တင်ပြချက်များအရ မိမိတို့သာသနာပြုဆရာတော်များအဖွဲ့က ချင်းပြည်နယ် သာသနာပြုခရီးစဉ်အတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းမိန့်ကြား

"ဒီဆက်လက် တည်ဆောက်မယ့် သာသနာပြုကျောင်းမြေ ကိုးဧကကို ချင်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် တစ်ဦးကပဲ လှူဒါန်းခဲ့တာပါ။ လမ်းခရီးသွားရောက်ဖို့ ခက်ခဲတဲ့ဒေသတွေမှာ သာသနာပြုသွားတဲ့အခါ ဒေသခံ သာသနာပြုဆရာတော်နဲ့ ချင်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တွေက လိုလိုလားလားကြိုဆိုကြလို့ ဆရာတော်တို့သာသနာပြုအဖွဲ့ အလွန်ဝမ်းသာကျေနပ်ရပါတယ်။ အဲဒီကိုယ့်အားကိုယ်ကိုး ဗုဒ္ဓသာသနာပြုကျောင်းကို ပြေလကုန် အပြီးတည်ဆောက်မှာမို့ လှူဒါန်းလိုသူများအနေနဲ့ ဆရာတော်ဦးသုဇန (သဒ္ဓမ္မဇောတိကဓဇ)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတသာသနာပြုကျောင်း ခေတ်အေးကျေးရွာ ဇေယျာသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၉-၄၉၂၀၁၉၆၃၊ ၀၉-၄၉၃၄၈၃၄၂နဲ့ နေပြည်တော် နယ်စပ်နှင့် တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုဆရာတော်များအဖွဲ့ ဖုန်း-၀၉-၄၉၂၀၄၀၂၇၊ ၀၉-၄၂၀၇၁၅၆၄၅၊ ၀၉-၄၉၂၀၈၃၅၄၊ ၀၉-၄၉၂၀၆၀၉၈၊ ၀၉-၄၅၈၀၃၀၄၆၅၊ ၀၉-၄၀၂၇၆၀၂၃၃၊ ၀၉-၄၂၀၇၁၅၆၄၅ သို့ ပြေလမကုန်မီ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း" ဆရာတော်ဦးသုဇနက ရှင်းလင်းမိန့်ကြားခဲ့သည်။

မောင်ဇော်(ကလေး)

ဆေးကုသစရိတ် ပေးအပ်

ဗန်းမော် မတ် ၆

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တိမ်းရှောင်မိသားစုများအတွက် ဗန်းမော်ပြည်သူ့ဆေးရုံသို့ ဆေးကုသစရိတ် လှူဒါန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က လှူဒါန်းငွေကျပ်သိန်း ၅၀ကျော်ကို လက်ထောက်ဆရာဝန် ဒေါက်တာဘရန်အောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဆီမီးခုံ-နန်းရီ)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်လုပ်ငန်းများအား အငှားချထားမည်ဖြစ်၍ လေလံတင်အငှားချထားခြင်းကို ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၂၄၉၅၂၅၊ ၃၇၄၀၇၇၊ ၃၇၉၆၁၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့၊ စေတီပြင်ကျေးရွာနေ ဦးမောင်စောဝင်း ၁၁/ရသတ(နိုင်)၀၀၂၆၀၀၏သား မောင်ကိုနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၂-၁၉၈၇ ဖြစ်ပါကြောင်း။

အမြန်ဆက်သွယ်ပါ

Cherry QQ 3. Taxi ယာဉ်မောင်းလိုသူများ အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၇၅၂၂၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၆၅၀ GAOBO M/C ယာဉ်လက်ဝယ်ရှိသူဦးစန်းဝင်း ၅/ကလဝ(နိုင်)၀၀၃၈၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)



သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်၊ အကွက်(၁၃၉)နေ ဦးခင်ငွေ ၉/မနမ(နိုင်)၀၃၇၆၇၇-ဒေါ်ခင်တိုး ၉/မနမ(နိုင်)၀၃၇၆၇၈တို့၏ သမီး မခိုင်ဝါဖြိုး(ခ)မအိပုံ ၉/အမဇ(နိုင်)၀၃၀၇၅၃သည် မိဘနှစ်ဦး၏ ဆိုဆုံးမစကားများနားမထောင်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

ဦးခင်ငွေ-ဒေါ်ခင်တိုး

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ အမှတ် ၁၆၉ နေ ဒေါ်ကြည်ကြည်၏သား မောင်အောင်ကိုမြတ် ၇/ပခန(နိုင်)၃၆၄၈၂၉ သည် မိဘစကား လိုက်နာမှုမရှိသဖြင့် အမွေပြတ် စွန့်လွှတ်လိုက်သည်။

ဒေါ်ကြည်ကြည်

၁၂/ဒလန(နိုင်)၀၂၂၉၂၄

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၆၈၆၊ မြရတနာလမ်း၊ ဒဂုံအရှေ့ပိုင်းနေ ဒေါ်လှသန်း၏သမီး မဇင်မိုးဦး(ခ)မရွှေဇင် ၁၂/ဒဂရ(နိုင်)၀၀၃၅၃၁သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ သူမနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

မိခင်-ဒေါ်လှသန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်မဲမြို့၊ ပန်ပေါင်ရွာ၊ အိမ်အမှတ် ၆၈ နေ ဦးသန်းထွန်း-ဒေါ်သန်းသန်းတို့၏သား မောင်ဇော်မင်းထွန်း ၁၃/ကလန(နိုင်)၀၀၁၃၈၉ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးသန်းထွန်း-ဒေါ်သန်းသန်း

ကြော်ငြာ

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများအား တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့်ဝယ်ယူပြီး ၁၇-၃-၂၀၁၃ ရက်ညနေ ၄ နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိလိုပါက တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၂၁၂၁၆၉၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ
တောင်ကြီးမြို့

PHOE THAR GYI
Travels & Tours Co.,Ltd

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်၊ မြေကွက်အမှတ် ၉၅၀(က)၊ မြေကွက်အမှတ် ၃၀၊ ဘုရင့်နောင်ကမ်းနားလမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ နှစ်၆၀ဂရန်မြေ ဧရိယာ ၀ဒသမ၀၂၇၅ဧက(စတုရန်းပေ ၁၂၀၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ အမည်ပေါက် မြေရှင် ဒေါ်ချိုချိုဝင်း ၁၂/သဃက(နိုင်)၁၀၁၂၈၉ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီရိနိုင်
၁၅၉၊ စက်ဝလမ်း၊
(၈)ရပ်ကွက်၊ မရမ်းကုန်း၊
ဖုန်း-၀၉-၇၃၀၅၅၅၄၃

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၉၂၊ ဦးပိုင်အမှတ် ၃-ဃ၊ ၄၁လမ်းအနောက်ထိပ် ဒေါ်နက်၊ ဦးကျော်ဆွေ အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်အမာရီ ၉/မနတ(နိုင်)၀၃၉၄၀၇၊ ဦးတင်ညို ၉/မနတ(နိုင်)၀၃၈၃၈၈၊ ဒေါ်အမာကြည် ၉/မနတ(နိုင်)၀၃၉၂၀၀၊ ဒေါ်တင်အောင် ၉/မနတ(နိုင်)၀၃၉၄၀၃၊ ဒေါ်ခင်ဆောင် ၉/မနတ(နိုင်) ၀၃၉၄၀၄၊ ဒေါ်တင်မူ ၉/မနတ(နိုင်)၀၃၉၇၉၅၊ ဒေါ်သန်းသန်းဌေး ၉/မနတ(နိုင်)၀၃၉၄၀၅၊ ဒေါ်လှလှမြင့် ၉/မနတ(နိုင်)၀၃၉၈၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်/စွန့်လွှတ်စာချုပ်ချုပ်ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်နှင့် မြိတ်မြို့၊ မြို့သစ်ရပ်၊ ရွှေစံပယ်(၁)လမ်း၊ အမှတ် ၄၉နေ မနှင်းနှင်းမြတ်တို့သည် သဘောထားချင်းမတိုက်ဆိုင်၍ ၁၁-၄-၂၀၁၂ ရက်မှစပြီး အတူတကွပေါင်းသင်းနေထိုင်ခြင်းမရှိပါသဖြင့် ဖနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ကိုမင်းမင်းဦး
၆/မအရ(နိုင်)၀၉၉၅၉၃
သာကေတ(၁)လမ်း၊
ကန်ကြီးနယ်မြေ၊ မြိတ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အက်ဖ်၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား၅၄၊ မြေကွက်တည်နေရာအမှတ် ၅၄၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁)မခင်မေသိန်း၊ (၂)မောင်မောင် အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် အစ်မဒေါ်ခင်မေသိန်း (အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ဦးမောင်မောင် CF-၀၅၆၄၉၁၊ ၁၂/မဂတ(နိုင်)၀၇၀၇၈၁ က မောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Maritime Management Institute - MMI
Diploma in Ship Management
(50% Discount)

ကျိုင်းတုံမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သာသနဝိပုလကာရီ နှစ်ထပ်သိမ်တော်ကြီး ဆောက်လုပ်ရန် တစ်သိန်းအထက် အလှူရှင်များ

၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျိုင်းတုံမြို့ ၃၀၀၀၀၀
၂။ ဘဒ္ဒန္တဇောတိက၊ လယ်ဝေးမြို့ ၂၀၀၀၀၀
၃။ တိုင်းမှူးဗိုလ်ချုပ် သန်းထွန်းဦး ဇနီး ဒေါက်တာဒေါ်သီတာဇင် မိသားစု၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံမြို့(ဘုရားခန်းအလှူရှင်) ၂၁၀၀၀၀၀
၄။ တွဲဖက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး မိသားစု၊ ကျိုင်းတုံမြို့ ၁၃၂၅၀၀၀
၅။ ဒေါ်သောင်းဇင် မိသားစု၊ သန့်ဇင်ပရိဘောဂ၊ မော်လမြိုင်မြို့။ ဘိလပ်မြေ ၁၀၀ ၆၀၀၀၀၀
၆။ ဦးသီဟ-ဒေါ်နှင်းနှင်းဝေ မိသားစု၊ အမြွာညီအစ်ကို၊ ကျိုင်းတုံမြို့ ၁၀၀၀၀၀၀
၇။ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ရှမ်း/ရှေ့ ၅၀၀၀၀၀
၈။ ဦးစိုင်းဆာထွန်း-ဒေါ်သန်းသန်းဝေ မိသားစု၊ ဟိန်းကောင်းစံကုမ္ပဏီ ၅၀၀၀၀၀
၉။ ဒေါ်မိချူး၊ဒေါ်အေး၊ကိုဆန်းလင်းဦး၊ကိုအေးမင်းစိုး၊မြို့သစ်၊ကျိုင်းတုံမြို့ ၄၀၀၀၀၀
၁၀။ ဦးစိုးပိုင်မြင့်-ဒေါ်သီတာချို မိသားစု၊ လဝကဝန်ထမ်းအိမ်ရာ၊ကျိုင်းတုံမြို့ ၃၂၀၀၀၀
၁၁။ လဝက ဝန်ထမ်းမိသားစုများ၊ ကျိုင်းတုံမြို့ ၂၅၀၀၀၀
၁၂။ စစ်တက္ကသိုလ် အမှတ်စဉ်(၄၁)ကျောင်းဆင်းဗိုလ်မှူးများ၊တသခ၊ကျိုင်းတုံ ၂၀၀၀၀၀
၁၃။ ဦးရဲမြင့်-ဒေါ်နော်ချစ်မေ မိသားစု၊E.P.C ၊ကျိုင်းတုံမြို့ ၂၀၀၀၀၀
၁၄။ ဦးခင်စိုး-ဒေါ်ယဉ်ယဉ်နွဲ့ မိသားစု၊လဝက ဝန်ထမ်းအိမ်ရာ၊ ကျိုင်းတုံမြို့ ၂၀၀၀၀၀
၁၅။ ဦးခင်မောင်တင့်-ဒေါ်အေးအေးစိုး မိသားစု၊ နမ့်ချပ်၊ ကျိုင်းတုံမြို့ ၂၀၀၀၀၀
၁၆။ ဒေါ်ရီ၊ ဦးစိုင်းလှထွန်း-ဒေါ်ကေသီမာ မိသားစု၊E.P.C၊ ကျိုင်းတုံမြို့ ၂၀၀၀၀၀
၁၇။ ဦးသန်းထွဋ်-ဒေါ်ခင်စန်းလွင်၊ သား ဝီရထွဋ် မိသားစု၊ တသခ ၂၀၀၀၀၀
၁၈။ ဦးအုန်းမြိုင်-ဒေါ်မြင့်မြင့်သန်း မိသားစု၊ ပါတီလိုင်း၊ ကျိုင်းတုံမြို့ ၂၀၀၀၀၀
၁၉။ ဦးမိုးအောင်-ဒေါ်အေးကြိုင် မိသားစု၊ ရဲဘော်ဟောင်း၊ကျိုင်းတုံမြို့ ၂၀၀၀၀၀
၂၀။ ဦးကျော်ဇေယျအားရည်စူး၍ ဒေါ်စန်းစန်းမြို့မိသားစု၊E.P.C၊ကျိုင်းတုံမြို့ ၁၉၅၅၀၀
၂၁။ ဒေါ်စိန်ရီ၊ ဗိုလ်မှူးကြီးမင်းမင်းလွင်-Dr. ဒေါ်ခင်မျိုးဦး မိသားစု၊တသခ ၁၅၀၀၀၀
၂၂။ ဦးစိုင်းထွန်းထွန်း-ဒေါ်ယဉ်ယဉ်တင့် မိသားစု၊စည်ပင်၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၃။ ဦးလှမျိုး-ဒေါ်ဖြူဖြူကြည် မိသားစု၊ ပြည်နယ်စည်ပင်၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၄။ ဦးချစ်ဦး-ဒေါ်မိုးသီတာလင်း မိသားစု၊ နမ့်ချပ်၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၅။ မကဖ-၇၊လဝက မိသားစု၊ လဝက ဝန်ထမ်းအိမ်ရာ၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၆။ ဦးဝင်းငွေ-ဒေါ်အောင်မေလွင်၊ ရဲဘော်ဟောင်း၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၇။ ဦးမြင့်စန်း-ဒေါ်တင်တင်ဦး မိသားစု၊ ပန်ဟွန်း၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၈။ ဦးကျော်ဆန်း-(ဒေါ်ချိုသဇင်နွယ်) မိသားစု၊ သာသနာရေး၊ ကျိုင်းတုံမြို့ ၁၅၀၀၀၀
၂၉။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သံဃာတော်များ၊ ကျိုင်းတုံမြို့ ၁၂၀၀၀၀
၃၀။ ဒုတကမောင်ဌေး-ဒေါ်သန်းသန်းထွေး မိသားစု၊တသခ၊ ကျိုင်းတုံမြို့ ၁၂၀၀၀၀
၃၁။ ဦးအောင်မင်းဦး-ဒေါ်ဆွေဇင်ဝင်း မိသားစု၊ E.P.C ၊ကျိုင်းတုံမြို့ ၁၁၅၀၀၀
၃၂။ ဒေါ်မော်မော်အောင် မိသားစု၊ နမ့်ချပ်၊ ကျိုင်းတုံမြို့ ၁၁၀၀၀၀
၃၃။ MRS.LIN HNI LIEN,Bangkok, Thailand ဘတ် ၁၀၀၀၀
၃၄။ ရှင်သုဝဏ္ဏ၊ သုဝဏ္ဏနာဝံကျောင်း၊ ကမ္ဘာအေး၊ ကျိုင်းတုံမြို့ ဘိလပ်မြေ ၁၀၀
၃၅။ ကိုစိုင်း၊ ကိုအားဆာနှင့် တပည့်များ(ရှမ်းမလေး) အုတ် (၂၅၀၀၀)၊အုတ်ကြွပ် ၅၀၀
၃၆။ ဦးအောင်ဝင်း-ဒေါ်ဥမ္မာလွင်မိသားစု၊G.E ၊ ဘိလပ်မြေ (၁၀၀)၊ ကျောက် နှစ်စီး
၃၇။ ဦးဆန်ခမ်း-ဒေါ်ပါကောင်ခမ်း မိသားစု၊ ဝပ်အင်း၊ ကျိုင်းတုံမြို့ ဘိလပ်မြေ ၁၀၀
၃၈။ ဒေါ်နန်းအမ်း၊ မအားယိင် မိသားစု၊ စွန်မိုင်၊ ကျိုင်းတုံမြို့ သစ် နှစ်တန်

သိမ်တော်ကြီးဆောက်လုပ်ရာ၌ သိန်းတစ်ထောင်ကျော်ကုန်ကြမည်ဖြစ်ပါ၍ အခန်းတစ်ခန်းလျှင် ကျပ်ဆယ်သိန်းဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းနိုင်ပါသည်။ အခန်းအလှူရှင်များ ကျောက်စာကမ္ပည်း သီးသန့်ထိုးပေးမည်။ နည်းများမဟူ လှူဒါန်းလိုသူများ ဖုန်း-၀၉-၄၉၀၃၁၁၄၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စုပေါင်းရှင်ပြုပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို ၁၀-၃-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၃ ရက်အထိ ပြုလုပ်မည်ဖြစ်ပါ၍ ရှင်သာမဏေပြုလိုသူများနှင့် သင်တန်းတက်လိုသူများသည် ၉-၃-၂၀၁၃ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

Dream
09-5012452, 09-5075612, 09-5012336

စာအုပ်လှူမလား

အုပ် ၄၀၀ကို ငွေတစ်သိန်းကျပ်ဖြင့် ကျေးရွာစာကြည့်တိုက်များအတွက် ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ဘာသာရေး၊ အင်္ဂလိပ်ဝတ္ထု၊ သုတ၊ ကာတွန်းစုံလင် သက်သာစွာ ပို့ပေးပါမည်။ ဆက်သွယ်ပါ။ မိုးမြင့်စာပေ။

ဖုန်း-၀၁-၅၄၃၁၄၃၊ ၀၁-၄၀၀၉၃၁

OASIS

www.zawtika.com

ဇောတိကာအမှတ်တံဆိပ်ပါ သင်္ကန်း၊ ပရိက္ခရာများ၏ ဈေးနှုန်းဖြစ်ပါသည်။ (ပုံသေဈေးနှုန်း)

HOT - LINE
01-370792

ရွှေဥ ရာဇုသစ် ၏ မေတ္တာကုသိုလ် ကံစမ်းမဲ

အလျှော့တွက် 30% လျှော့၍ မြန်မာ့ရိုးရာသကြန်အကြို စိန်ထည်၊ ရွှေထည်များ ရောင်းချနေပါသည်။

ရွှေဥရာဇုသစ် စိန်ရွှေရတနာဆိုင်မှ စိန်ထည်၊ ရွှေထည်၊ ကျောက်မျက်ရတနာများကို ဝယ်ယူအားပေးသောသူများအား

ကျေးဇူးတုံ့ပြန်သောအားဖြင့် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ် ဆုမဲ(၅)ဆု အပါအဝင် အဖိုးတန် ဆုမဲများစွာ တို့အား မေတ္တာလက်ဆောင် ပြန်လည်ချီးမြှင့်ပါမည်။

အလျော့တွက် လုံးဝမပါသော ဘုံးထည် များအား ငွေစုနိုင်ရန် ရောင်းချပေးနေပါသည်။

ရတနာသည် သင့်အတွက် ထာဝရ
ရတနာဆိုလျှင် ရွှေဥရာဇုသစ် သို့ကြွခဲ့ပါနော်

အမှတ်(၆၁၈)၊ မဟာဗန္ဓုလလမ်း၊ (၂၉လမ်း နှင့် ဗိုလ်ချုပ်လမ်းကြား)၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၄၇၁၇၊ ၇၀၃၄၅၂

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌

၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်သီဂီထွေး နှင့် ၁။ ဦးလှတင်
၂။ ဒေါ်တင်တင်အေး

ဒီကရီအနိုင်ရသူ တရားရှုံးများ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၀၊ မြနန္ဒာရပ်၊ အမှတ်(စီစီ-၅၂)နေ ၁။ ဦးလှတင် ၂။ ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီဂီထွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-E)၊ မြေကွက်အမှတ်(၁၉)၊ အကျယ်အဝန်းပေ(၅၀× $\frac{၆၀}{၉၃}$)ရှိ ဒေါ်အေးမြင့်(ခ)ဒေါ်အေးအေးမြင့် အမည်ပေါက်ဂရန်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ နှစ်ခန်းတွဲ(၈ ½)ထပ်တိုက်၊ အမှတ် ၄၀၊ အကျယ်အဝန်းပေ(၂၄×၇၃)၊ အမြင့်ပေ(၁၇)ရှိ မြေညီထပ်(ဝဲဘက်)တိုက်ခန်း၊ အကျယ်ပေ(၂၄×၃၃)ရှိ RC အထပ်ခိုး (Mezzanine)အပါအဝင်နှင့် တိုက်ခန်းနှင့်ကပ်လျက်(ဝဲဘက်အနောက်)ပေ(၂၀×၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်ဂိုဒေါင်တစ်လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးခင်ဇော် ၁၂/မဂတ(နိုင်)၀၆၈၃၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်မာနွယ်ဝင်း (စဉ်-၃၃၃၈၈) LL.B,LL.M,M.Res အထက်တန်းရှေ့နေ
အမှတ်G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကလေးမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုလမှုအမှတ်-၁၁

ဦးကဲပ်ချင်း (၄င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်ထွေးကျင်ဆုန်း) နှင့် ၁။ ဦးရှန်မုန်း၊ ၂။ ဦးကြယ်ထွန်း၊ ၃။ ဒေါ်ကြည်ငွေး၊ ၄။ မောင်သက်နိုင်ဦး၊ မောင်မျိုးသက်နိုင်ထွန်း၊ မောင်မျိုးသက်နိုင်ထွေးနှင့် မစုစုထွေး (၄င်းတို့၏ အုပ်ထိန်းသူ ဦးကြယ်ထွန်း)

တရားလို တရားပြိုင်များ

ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ နယ်မြေ(၂)နေ ဦးရှန်မုန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ဝိုင်းမြေပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် တရားပြိုင်များဖယ်ရှားပြီး လက်ရောက်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၈ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သီတာ
ဒုတိယမြို့နယ်တရားသူကြီး
ကလေးမြို့နယ်တရားရုံး

အစ္စလာမ်ဘာသာဝင်များသိစေရန်

ရွှေဘိုမြို့၊ အမှတ်(၁) ဘူတာရပ်ကွက်ရှိ အန္တဝါရွှလ်အို့လူး(မ်)အာရဗီစာသင်ကျောင်း (ယခင်ဟေမာယာသွလ်အိုလမာ)သည် ၃၁-၁-၂၀၁၃ရက်မှစတင်၍ ကျောင်းဆရာများအား တာဝန်မှရပ်ဆိုင်းပြီး ကျောင်းပိတ်ထားပါသည်။

သို့ဖြစ်ပါ၍ ၄င်းကျောင်းအမည်နှစ်မျိုးမှ တစ်မျိုးမျိုးနှင့်ဖြစ်စေ အလှူငွေကောက်ခံခြင်းမရှိပါကြောင်း အသိပေးအပ်ပါသည်။

ကျောင်းအကျိုးဆောင်ကော်မတီ
အန္တဝါရွှလ်အို့လူး(မ်)အာရဗီစာသင်ကျောင်း
ရွှေဘိုမြို့

ဦးစိုးလွင် သိသာရန်

ဦးစိုးလွင် ၆/ထဝန(နိုင်)၀၀၁၆၅၇ ယခင်နေရပ်လိပ်စာ အမှတ် ၃၆၊ ပုလဲမြို့သစ်၊ ကျောက်စိမ်း ၁ လမ်းနေ (ယခုနေရပ်လိပ်စာမသိ)မှ ရောင်းချထားသော ကားအမှတ် ၈ဂ/၇၈၃၂ မှာ လူကြီးမင်းလက်ဝယ်တွင် ရှိစဉ်ကိစ္စများနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း လာရောက်ရှင်းလင်းရန်နှင့် မလာရောက်ပါက ဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်အေးဟေမာန်စိုး
ဖုန်း-၀၉-၅၁၅၇၃၇၈

ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်များသို့ပေးရန်

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၂၊ နည်း-၄)

ကသာခရိုင်တရားရုံးတော်၌

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်အေးချယ် (၄င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးခင်မောင်သန်း) နှင့်
၁။ ဦးကြည်မောင်
၂။ ဦးအောင်သန်းဦး } ၄င်းတို့၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဝင်းသိန်း
၃။ ဦးမြင့်မောင်
၄။ ဦးအောင်မြင့်
၅။ ဦးအောင်ဝင်း
၆။ ဦးစိုးဝင်း
၇။ ဦးလှမော် } ကွယ်လွန်သူ ဒေါ်ရွှေ၏ တရားဝင်ကိုယ်စားလှယ်များ
၈။ ဒေါ်လင်းစိန်

တရားလို တရားပြိုင်များ

၃။ ဦးမြင့်မောင်၊ မြောက်အင်းရပ်ကွက်၊ ကောလင်းမြို့၊ ၄။ ဦးအောင်မြင့်၊ တောင်ကြီးကျေးရွာ၊ ဥမင်ကုန်းကျေးရွာအုပ်စု၊ ကောလင်းမြို့နယ်၊ ၆။ ဦးစိုးဝင်း၊ မြောက်အင်းရပ်ကွက်၊ ကောလင်းမြို့၊ ၇။ ဦးလှမော်၊ တောင်ကြီးကျေးရွာ၊ ဥမင်ကုန်းကျေးရွာအုပ်စု၊ ကောလင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားလို ဒေါ်အေးချယ် (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးခင်မောင်သန်းက ဤရုံးတော်၌ တရားပြိုင် ဦးကြည်မောင် ပါ-၄ဦးအပေါ် တရားစွဲဆိုထားသည့်အမှုတွင် ၃-တရားပြိုင် ဒေါ်ရွှေကွယ်လွန်သွားသည့်အတွက် သင်တို့သည် ဆိုခဲ့သော ကွယ်လွန်သူ ဒေါ်ရွှေ၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြောင်း ၄င်းကွယ်လွန်သူအစား သင်တို့အား တရားပြိုင်ဖြည့်သွင်းပါမည့်အကြောင်း အထက်တရားလိုက လျှောက်ထားသောကြောင့် သင်တို့အား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုထားသည်ဖြစ်၍ ၄င်းအမှုကို ထုချေရန် ဤရုံးတော်သို့ ၂၀၁၃ခုနှစ် မတ် ၁၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် လာရောက်ရမည်။ အထက်ဆိုခဲ့သောနေ့ရက်တွင် သင်မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်ကျော်)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး
ကသာမြို့

သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အမှတ်(၇)ရပ်ကွက်နေ ဦးဝင်းရွှေ ၇/ရတန(နိုင်)၀၀၃၅၇၅ နှင့် ဒေါ်မိုးမြင့်မြတ်ထွန်း ၇/ရတန(နိုင်)၀၄၀၂၇၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

သားဖြစ်သူ မောင်ရန်ပိုင်ဦး ၇/ရတန(နိုင်)၁၃၂၀၂၄သည် လူကြီးမိဘဆိုဆုံးမခြင်းကို နားထောင်ခြင်းမရှိဘဲ နေအိမ်မှ ၄င်းဆန္ဒအတိုင်း ထွက်ခွာသွားပြီး မည်သို့မျှဆက်သွယ်မရပါသဖြင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးတော့မည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှစွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော် (စဉ်-၈၂၆)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂

ကြော်ငြာ

အားကစားဝန်ကြီးဌာန
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)
အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှစ၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းတက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် ၈/၉/၁၀တန်း တက်ရောက်မည့် ကျောင်းသား/သူများသာဖြစ်ရမည်။
(ဂ) လျှောက်ထားသူများသည် အဋ္ဌမတန်းအတွက် အသက် (၁၃)နှစ်ထက်မငယ်၊ (၁၄)နှစ်ထက် မကျော်လွန်သူများဖြစ်ရမည်။
(ဃ) နဝမတန်းအတွက် အသက် (၁၄)နှစ်ထက်မငယ် (၁၅)နှစ်ထက်မကျော်လွန်သူများ။
(င) တက္ကသိုလ်ဝင်တန်းအတွက် အသက် (၁၅)နှစ်ထက်မငယ် (၁၆)နှစ်ထက်မကျော်လွန်သူများ။
(စ) ကိုယ်ခန္ဓာပြေပြစ်ပြီး အရပ်အမောင်းကောင်းရမည်။
(ဆ) ကျန်းမာကြံ့ခိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် အသက်နှင့် ပညာအရည်အချင်းမှန်ကန်မှုအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။

၃။ လျှောက်ထားသူများအားလုံး ပညာအရည်အချင်း စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းနှင့် ဆေးဘက်ဆိုင်ရာ စစ်ဆေးခြင်းများ အဆင့်ဆင့်စစ်ဆေးဆောင်ရွက်သွားမည်။

၄။ ပညာအရည်အချင်းစစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်နှင့် ဆေးစစ်အောင်မြင်သူများကို အခြေခံအားကစားကြံ့ခိုင်မှု စုပေါင်းသင်ကြားလေ့ကျင့်ပြီးနောက် သက်ဆိုင်ရာ အားကစားနည်းများအလိုက် ရွေးချယ်သင်ကြားလေ့ကျင့်ပေးသွားမည်။

၅။ သင်တန်းတက်ရောက်ခွင့်ရရှိသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နှစ်နှစ်ဆက်တိုက်စာမေးပွဲကျရှုံးပါက ကျောင်းမှထုတ်ပယ်ခြင်းခံရမည်ဖြစ်ပြီး နှစ်စဉ်အတန်းအောင်မြင်ပါက နိုင်ငံတော်မှ အကုန်အကျခံ၍ ဘွဲ့ရရှိသည်အထိ ပညာသင်ကြားပေးမည်ဖြစ်သည့်အပြင် အားကစားဝန်ကြီးဌာနတွင် နည်းစနစ်မှူး (လစာနှုန်းကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)နှင့် ဦးစီးအရာရှိ (လစာနှုန်းကျပ် ၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀)ရာထူးနေရာများတွင် အားကစားအရည်အချင်းကိုမူတည်၍ ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်ပါသည်။

၆။ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (ရန်ကုန်၊ ပဲခူး၊ တနင်္သာရီ၊ ဧရာဝတီ၊ ကယား၊ ကရင်၊ မွန်နှင့် ရခိုင်)

၇။ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)နှင့် အကျုံးဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ (မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ချင်းနှင့် ရှမ်း)

၈။ လျှောက်ထားသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှတစ်ဆင့် လျှောက်လွှာပုံစံများဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဖုန်း-၀၁-၄၀၀၀၃၇(ရုံးချိန်အတွင်း)၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ဖုန်း-၀၂-၈၀၉၃၆(ရုံးချိန်အတွင်း)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်း/တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်း
လုပ်ကိုင်ခွင့်လိုင်စင်များကို မဲစနစ်ဖြင့်လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်သုံးခုနှင့် တံတားအသုံးပြုခကောက်ခံသည့် ဂိတ်တစ်ခုအား ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၄ ရက်အထိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့် လမ်း/တံတားဂိတ်များ**

(၁)	ကျိုင်းတုံဂိတ်	(ကျိုင်းတုံမြို့)
(၂)	တုံတာဂိတ်	(တုံတာမြို့နယ်ခွဲ)
(၃)	မိုင်းပျဉ်းဂိတ်	(မိုင်းပျဉ်းမြို့)
(၄)	တာဆန်းတံတား(သာမန်)	(မိုင်းတုံမြို့နယ်)

(ခ) **လေလံဝင်ခွင့်လျှောက်လွှာနှင့် လေလံစည်းမျဉ်းစည်းကမ်းများ ဝယ်ယူရမည့်နေရာ**
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့

(ဂ) **လေလံလျှောက်လွှာတင်သွင်းခြင်းပိတ်သိမ်းမည့်ရက်နှင့်အချိန်**
၁၃-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) ၁၂:၀၀ နာရီ

(ဃ) **လေလံပွဲကျင်းပမည့်ရက်နှင့်အချိန်**
၁၄-၃-၂၀၁၃ ရက်(ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ

(င) **လေလံပွဲကျင်းပမည့်နေရာ**
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့

(၂) ဂိတ်တစ်ခုချင်းအလိုက် စိတ်ပါဝင်စားကြေးပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းရမည့် စိတ်ပါဝင်စားကြေး/လုပ်ကိုင်ခွင့် လိုင်စင်ရောင်းချခြင်း/ လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်များအား စုံစမ်းမေးမြန်း နိုင်ပါသည်။

မှတ်ချက်- **ဆက်သွယ်ရန်ဖုန်းနံပါတ်များ-**

အင်ဂျင်နီယာမှူးကြီးရုံး	**- ဖုန်း-၀၈၄-၂၃၁၇၀၊ ၂၁၆၃၉**
အင်ဂျင်နီယာမှူးကြီး	**- ဖုန်း-၀၉-၅၁၁၄၅၆၁**
ဦးစီးအရာရှိ(စီမံ)	**- ဖုန်း-၀၉-၅၂၅၄၉၀**

လမ်း/တံတား လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၅၃၃၃/၂)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်ယခုအခေါ် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် ၅၃၃ ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးတင်မောင်ဦး ၁၂/ဥကမ(နိုင်)၁၃၉၇၀၈ ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊(၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃၊ ၉၆၆၉၀၀၄

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှမောင်
အသက်(၉၉)နှစ်

မြန်မာနိုင်ငံသားများဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးတိုးလုံနှင့် ဒေါ်အေးမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးလှမောင်သည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
ဦးမြင့်စန်း(မြို့နယ်တရားသူကြီး)
(၇-၃-၂၀၁၂)-(၇-၃-၂၀၁၃)

ကွယ်လွန်ခဲ့သည်မှာ ၇-၃-၂၀၁၃ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ တစ်နေ့မှ မေ့မရပါ။ ပြုသမျှကုသိုလ်အားလုံး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်နုယဉ်
သမီး-မစန်းမေသက်ထား

အထူးကျေးဇူးတင်ရှိခြင်း

၄-၃-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့သော ဦးချမ်းမြ(ကော့ကရိတ်) အသက်(၈၇)နှစ်၏ နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီပေးခဲ့သော ဦးတင့်ဝေသုန်-ကော့ကရိတ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကရဏာဖောင်ဒေးရှင်း၊ နာရေးကူညီမှုအသင်းမှ ပုဂ္ဂိုလ်များ၊ နာမကျန်းဖြစ်စဉ်ကူညီပေးခဲ့သော ကော့ကရိတ်မြို့ ဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန် ဆရာမများ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီ မေးမြန်းခဲ့ကြသော မြို့မိမြို့ဖများ၊ တယ်လီဖုန်းနှင့် မေးမြန်းခဲ့ကြသော ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ တာလောရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၇၄/က နေ ဦးအိုက်စင်း ၁၃/တခလ(နိုင်)၀၄၂၇၅၄၊ ဦးအိုက်ဟောက် ၁၃/တခလ(နိုင်)၀၄၂၇၅၆နှင့် ဒေါ်နန်းမုန့် ၁၃/တခလ(နိုင်)၀၄၂၇၅၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ဖော်ပြပါအတိုင်း ကန့်ကွက်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွယ်စတုံတောင်ကွင်း-ဆုတောင်းပြည့်ရပ်-ဆုတောင်းပြည့်အနောက်ရပ်ရှိ မြေ ၁၃၃ ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ ပုဂ္ဂလိကနှစ်ထပ်ဈေးတည်ဆောက်ခြင်းတို့ကို ၁၆-၂-၂၀၀၁ ရက်မှစ၍ မိသားစုများဖြစ်သော ဒေါ်ရင်မေ၊ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးအိုက်စင်း၊ ဦးအိုက်မိန်၊ ဦးအိုက်ဟောက်နှင့်ဒေါ်နန်းမုန့်တို့ ငါးဦးပိုင်ဆိုင်ခဲ့ကြပါသည်။ ဖော်ပြပါ မြေ ၁၃၃ ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ ပုဂ္ဂလိကနှစ်ထပ်ဈေးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဒေါ်ရင်မေ ၁၃/တခလ(နိုင်)၀၄၂၇၅၉ တစ်ဦးတည်းသဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့ ဒေါ်ရင်မေတစ်ဦးတည်း၏သဘောဖြင့် ဆောင်ရွက်ခဲ့ခြင်းကို ကျန်မိသားစုဝင်များဖြစ်ကြသည့် ဦးအိုက်စင်း၊ ဦးအိုက်မိန်၊ ဦးအိုက်ဟောက်နှင့် ဒေါ်နန်းမုန့်တို့၏ သဘောတူညီခွင့်ပြုချက်တစ်စုံတစ်ရာ ရယူခဲ့ခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ အများသိစေရန် ကန့်ကွက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေဧက ၁၃၃ ဧကနှင့် ပတ်သက်၍သော်လည်းကောင်း၊ ယင်းမြေကွက်ပေါ်ရှိ ပုဂ္ဂလိကနှစ်ထပ်ဈေး အဆောက်အအုံနှင့်ပတ်သက်၍သော်လည်းကောင်း၊ အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် စီမံဆောင်ရွက်ခြင်း စသည့်ပြုလုပ်မှုများ မပြုလုပ်ကြရန်နှင့် ပြုလုပ်သူများကိုလည်း ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးအိုက်စင်း၊ ဦးအိုက်ဟောက်နှင့် ဒေါ်နန်းမုန့်တို့က တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းလှ
တရားလွှတ်တော်ရှေ့နေ
စဉ်-၆၁၉၃
အမှတ် ၂၉၀၊ ချယ်ရီလမ်းသွယ်၊ ဖရဲငွေတောင်လမ်း၊
နယ်မြေ ၁၁၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊
ဖုန်း-၀၉-၄၂၈၃၃၁၅၇၃၊ ၀၈၁-၂၀၀၇၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေ/မြောက်ရပ်ကွက်၊ ဦးညိုလမ်း၊ အမှတ် ၆၆ တွင် တည်ရှိသည့် အကျယ်ပေ (၂၀×၃၆)ပါမစ်မြေ၊ ပျဉ်အိမ်ငယ်နှစ်လုံး၊ မီတာပေါက် နှစ်လုံးပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှအောင် ၁/မကန (နိုင်)၀၂၇၃၂၁ထံမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေ/မြောက်ရပ်ကွက်၊ ဦးညိုလမ်း၊ အမှတ် (၆၅-အေ)၊ ခေါင်းရင်းခန်းပေ (၁၀×၄၀)၊ ပျဉ်သွပ်မိုးနှစ်ထပ်အိမ်ငယ်တစ်လုံး၊ မီတာပေါက်တစ်လုံး ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီချို ၁၂/စခန(နိုင်)၀၃၂၈၄၆ထံမှလည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝေယံလင်း ၈/အလန(ဧည့်)၀၀၀၁၀၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှစ်ကွက် ရောင်းဝယ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

ဒေါ်စန္ဒာမိုး(မမိုးလေး) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၁)
တိုက် (၁၈) ဒုတိယထပ်၊ ရွှေလောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၆၅၇၂၄

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရိုးရာစာပေသဘင်ပညာရှင် ရာမဦးအုန်းမောင် အသက်(၈၃)နှစ် (မြန်မာနိုင်ငံသဘင်သမဂ္ဂနာယက)သည် ၂၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

မြန်မာနိုင်ငံသဘင်သမဂ္ဂ
(ဖြစ်မြောက်ရေးကော်မတီ)

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း ဒါယကာကြီး
ဦးတင်အောင်
အသက်(၇၈)နှစ်

ပြည်မြို့၊ ရွှေဘုန်းပွင့်ဘုရားလမ်းနေ ဦးခင်မောင်မြင့်-ဒေါ်သီသီဝေ(တက်တိုးရောင်းဝယ်ရေး)နှင့် ဦးမောင်မောင်အေး-ဒေါ်ရီရီမေ(ကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏ဖခင် ဦးတင်အောင်သည် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **Peace Myanmar Group Co.,Ltd.**
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကို
မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)
အသက်(၇၅)နှစ်

ဦးသန်းတိုးအောင်-ဒေါ်မာမာဝင်း(Director- Nice Land Services Co.,Ltd.)တို့၏ဖခင် ဦးအောင်ကို အသက်(၇၅)နှစ်သည် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၄:၀၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Nice Land Services Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းဦး(ဟသ်ာတ)
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အသက်(၇၃)နှစ်

သူငယ်ချင်းဒေါက်တာနေမျိုးဦး (ဖျားနာဆောင် ၁၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဦးသည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
ညီညီအောင်၊ ဉာဏ်ဝင်း၊ သက်လင်းအောင်၊
ထားထားစံ၊ ထက်နုဝေ၊ အိအိမွန်၊
ဝါဝါဦး၊ ညိုမီကြိုင်၊ ဖွန်ဇာဦး၊ အိမွန်သက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းစန်းရီ
အသက်(၇၃)နှစ်

ဦးအေးကျော်လွင် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)၏ဇနီး ဒေါ်စန်းစန်းရီသည် ၂-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အငြိမ်းစားဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွေးတင်
အသက်(၆၉)နှစ်

ဦးမြအေး နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)၏ဇနီး ဒေါ်ငွေးတင်သည် ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အငြိမ်းစားဝန်ထမ်းများ

သံပန်းဆရာကြီး ဦးစောထွန်း
အသက်(၅၉)နှစ်

မန္တလေးမြို့၊ မြို့သစ် (စ-၃)ရပ်ကွက်၊ ဇလပ်ဝါလမ်း၊ ၆၅×၆၆လမ်းကြား၊ အိမ်အမှတ် ၁၀၇နေ ဒေါ်ကျစ်၏ခင်ပွန်း သံပန်းဆရာကြီးဦးစောထွန်း အသက်(၅၉)နှစ်သည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
မဝေဝေအောင်
B.A (Korean) MUFL (08 Intake)
အသက်(၂၁)နှစ်

၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆:၃၀ နာရီတွင် ရန်ကုန်ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) ကိုရီးယားဌာနမိသားစု၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မဝေဝေအောင် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)
ကိုရီးယားဘာသာမိသားစု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

ရခိုင်   မတ်   ၆

ရခိုင်ပြည်နယ်အတွင်းရှိ တရားသူကြီးများ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးကျောက်က အမှာစကားပြောကြားပြီး တရားသူကြီးများနှင့်တရားရေးအရာရှိများသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။ အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၂၀နှင့် တရားရေးအရာရှိငါးဦးတို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံနှင့်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။

လေးဝတီထွန်းစောခိုင်

ရောဝတီတံတား (ပခုက္ကူ) ရေလမ်းကြောင်းပြောင်းလဲမည်

ရန်ကုန်   မတ်   ၆

ဧရာဝတီတံတား(ပခုက္ကူ) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၅)နှင့် (၁၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ်ရေလယ်တိုင် အမှတ် (၁၆)နှင့် (၁၇) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၆ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၄)နှင့်(၁၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်။ တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်း ရေယာဉ်များ တစ်တွဲချင်း သာ ချိတ်ဆွဲဖြတ်သန်း ကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)



ရမည်းသင်းမြို့ သမိုင်းဝင် ရွှေမြင်တင်ဘုရား ဗုဒ္ဓပူဇနိယပွဲ

ရမည်းသင်း   မတ်   ၆

ရမည်းသင်းမြို့ သမိုင်းဝင် ရွှေမြင်တင်ဘုရားပွဲတော်ကို မတ် ၂၃ ရက်မှ ၂၇ ရက်အထိ တောင်တော်မြတ်ဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ဂေါပကအဖွဲ့က(၁၁၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တောင်သူလယ်သမားများ လုပ်ငန်းခွင်နားသည့်အချိန်တွင်ပွဲတော်ကျင်းပရခြင်းဖြစ်၍ ရွာနီးချုပ်စပ်မှ ဒေသခံတောင်သူများ မိသားစုအလိုက် ပွဲတော်မစမီကပင် ထမင်းအိုး ဟင်းအိုးများကို လှည်းပေါ်တင်ကာ လာရောက်ဖူးမြော်ကြပြီး တောင်ခြေရှိ မန်ကျည်းပင်နှင့်သရက်ပင်များ အောက်တွင် လှည်းဝိုင်းဖြင့် တစ်ရွာလုံးစုပေါင်း နေထိုင်ကြကာ ဘုရားပွဲတော်ပြီးမှ မိမိနေအိမ်အတွက် လိုအပ်သောပစ္စည်းများကို ပွဲဈေးတန်းမှ ဝယ်ယူကာ အိမ်ပြန်ကြခြင်းဖြစ်သည်။ ဂေါပကအဖွဲ့မှ ပွဲတော်ရက်အတွင်း ဘုရားဖူးကြွရောက်လာသော အနယ်နယ်အရပ်ရပ်မှ သံဃာတော်များ၊ သီလရှင်များအား ဆွမ်းများဆက်ကပ်ပြီး တပေါင်းလပြည့်နေ့ ညနေ၃နာရီတွင် တောင်ခြေရှိ ရွှေမန်း ဓမ္မာရုံကြီး၌ သံဃာအပါး ၃၀၀အား ဆွမ်းဆန်စိမ်းများလောင်းလှူကြသည်။ **(၀၁၁)**

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်

မူဆယ်   မတ်   ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခွဲအတွင်းရှိ ကျေးရွာပြည်သူများသို့ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်လျက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နိပ္ပွန် ဖောင်ဒေးရှင်းအဖွဲ့တို့မှ ပေးပို့လှူဒါန်းသော အရေးပေါ်သုံး တိုင်းရင်း ဆေးသေတ္တာများပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀နာရီက မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး(ကိုယ်စား) ဒုတိယဦးစီးမှူး ဦးဇင်အောင်က အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေး သေတ္တာများ ဖြန့်ဝေပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့်သုံးစွဲနည်း အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက်မြို့နယ်ခွဲအတွင်းရှိ ရပ်ကွက်သုံးခုနှင့် ကျေးရွာပေါင်း ၁၆ ရွာရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆေးသေတ္တာ Set ခုနစ်လုံးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

မြောင်းမြမြို့တွင် ထရန်စဖော်မာအသစ် တပ်ဆင်

မြောင်းမြ   မတ်   ၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် အများပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော မြောင်းမြမြို့ 66 KV ဓာတ်အားခွဲရုံတွင် 5 MVA မိန်းထရန်စဖော်မာ သစ်တစ်လုံး ဖေဖော်ဝါရီ ၁၄ ရက်ညက ရောက်ရှိလာရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ပေါ်နှင့် ဓာတ်အားခွဲရုံမှူး ဦးသက်နိုင်ထွန်းတို့က ကြီးကြပ်လျက် လျှပ်စစ်ဝန်ထမ်းများက တပ်ဆင်ခဲ့ကြကြောင်း သိရသည်။

“မြောင်းမြမြို့မှာ အရင်က တပ်ဆင်ခဲ့တဲ့ 4 MVA ထရန်စဖော်မာ နှစ်လုံးက နှစ်ပေါင်း ၃၀ နီးပါးရှိခဲ့ပြီ။ အခု စက်ရုံ အလုပ်ရုံတွေ တိုးလာတာနဲ့အမျှရပ်ကွက်တွေ၊လူဦးရေတွေ လည်းတိုးလာတယ်။ လက်ရှိ ထရန်စဖော်မာနဲ့ မလုံလောက်တော့ဘူး။ အခု အသစ်တစ်လုံးတပ်ဆင်လိုက်တဲ့ အတွက် မြို့က ပြည်သူတွေ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး စိတ်ချမ်းသာစေရမှာပါ။ ဒီအချိန်က တက္ကသိုလ်ဝင်စာမေးပွဲကလည်း နီးနေပြီဆိုတော့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း ပိုပြီးတော့ အဆင်ပြေသွားတာပေါ့”ဟု မြောင်းမြခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးကြည်ပေါ်က ပြောပြသည်။ မြောင်းမြမြို့တွင် ယခင်က 4 MVA ×2 ထရန်စဖော်မာဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှ မြောင်းမြမြို့၏ တိုးတက်လာသော စီးပွားရေးစနစ်နှင့်သုံးစွဲမှုထပ်မံလိုအပ်ချက်အရ ယခု 5 MVA ထရန်စဖော်မာ အပါအဝင် နှစ်လုံးပေါင်း13 MVA အထိ တိုးမြှင့်တပ်ဆင်နိုင်ခြင်းဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

မြေပုံမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သို့မဟုတ် အသင်းဝင်များ၏ မိဘဘိုးဘွားများ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများ၊ နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခံရသူများအားလုံး အထောက်အထားများဖြင့် တင်ပြကြပါရန်နှင့် မြို့နယ်သူမြို့နယ်သားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၇-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီမှ ၁၃း၀၀နာရီအထိ
ကျင်းပမည့်နေရာ - ရခိုင်ဓမ္မာရုံ(ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်)
စုံစမ်းရန်/အလှူခံထည့်ဝင်မည့်နေရာ - ဦးမြသာ ဖုန်း-၀၁-၆၆၄၉၈၄၊ ဦးဘသိန်း ဖုန်း-၀၁-၅၈၁၅၈၆၊ ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၆၂၀၅၊ ဦးကျော်လှ ဖုန်း-၀၁-၂၄၈၂၂၇၊ ဦးထွန်းကျော် ဖုန်း-၀၁-၅၄၆၂၄၅

အလုပ်အမှုဆောင်အဖွဲ့

ဂျူလီယာ ပညာဒါနစက်ချုပ်သင်တန်း အမှတ်စဉ် (၄) သင်တန်းသားများခေါ်ယူခြင်း

စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ စကပ်ဒီဇိုင်းအမျိုးမျိုး၊ ဂါဝန်၊ ဘောင်းဘီနှင့် ကုတ်အင်္ကျီအပါအဝင် အမျိုးပေါင်း ၂၀ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူမည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲ -
(A) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး နံနက် (၇း၀၀ - ၉း၀၀)
(B) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး နံနက် (၁၀း၀၀ - ၁၂း၀၀)
(C) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး မွန်းလွဲ (၁း၀၀ - ၃း၀၀)
(D) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး ညနေ (၄း၀၀ - ၆း၀၀)
(E) သောကြာ-စနေ-တနင်္ဂနွေ နံနက် (၇း၀၀ - ၉း၀၀)
(F) သောကြာ-စနေ-တနင်္ဂနွေ နံနက် (၁၀း၀၀ - ၁၂း၀၀)
(G) သောကြာ-စနေ-တနင်္ဂနွေ မွန်းလွဲ (၁း၀၀ - ၃း၀၀)
(H) သောကြာ-စနေ-တနင်္ဂနွေ ညနေ (၄း၀၀ - ၆း၀၀)

ဧပြီ ၂ ရက် စတင်ဖွင့်လှစ်မည်။
တစ်ပတ်သုံးရက်၊ နှစ်လပြတ် လူဦးရေကန့်သတ်ထားသည်။
လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံသုံးပုံယူဆောင်လာ၍ အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၁၄၄၊ ပထမထပ်(ဝဲ)၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၇၆၇

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၄၄

ဒေါ်စန်းစန်းမြင့်ပါ-၅ **နှင့်** ဦးကိုလေးပါ-၉
တရားလိုများ **တရားပြိုင်များ**

၉။ ဒေါ်မာလာဝင်း၊ အမှတ် (၂)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်စန်းစန်းမြင့်ပါ-၅က ဤရုံးသို့ ကျောက်ဆည်ခရိုင်တရားရုံး မကြီး ၂၂/၂၀၁၂၏ ၈-၁၁-၂၀၁၂ရက်စွဲပါ အမိန့်နှင့် စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍၊ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ခုနှစ် မတ် ၁၈ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်



Always balloon decoration and printing centre မှ မင်္ဂလာဆောင်၊ မွေးနေ့ပါတီ၊ ကုမ္ပဏီဖွင့်ပွဲ၊ ကားအရောင်းပြခန်းအားလုံးအတွက် balloon အလှဆင်ခြင်းနှင့် Hotel နှင့် Company အားလုံးအတွက် ကုန်အမှတ်တံဆိပ် Logo များကို balloon ပေါ်တွင် print ရိုက်နှိပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါပြီ။

အခန်း(၂)၊ တိုက်(၂၅)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်း၊
ဖုန်း-၀၉-၄၅၀၀၅၇၅၅၃၊ ၀၉-၄၅၀၀၆၆၇၄၃

ပျောက်ဆုံး

ကျွန်တော် စောဘလုလောလ ၁၂/မဂဒ(နိုင်)၀၉၅၆၃၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၃၈၃၉၈

အများပြည်သူသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဦးဖိုးစိန်လမ်း၊ အမှတ် ၂၅တွင် HORIZON INTERNATIONAL SCHOOL အမည်ဖြင့် ကျောင်းဖွင့်လှစ်ထားသော ဦးကာဆင်ဆူလတီနှင့် အများအား သိစေအပ်ပါသည်။ အဆိုပါ HORIZON INTERNATIONAL SCHOOL ကျောင်းဖွင့်လှစ်ထားရှိသော မြေကွက်နှင့်အဆောက်အအုံမှာ မိုဟမ္မက်အစ္စအီလ်အာရစ်(စ်)ဝကပ်(ဖ်)အယ်အောင်လဒ် (မှတ်ပုံတင်စာချုပ်အမှတ်- 1394/32 6-10-1932) အရ ပိုင်ဆိုင်ထားပါသည်။ မိုဟမ္မက်အစ္စအီလ်အာရစ်(စ်)ဝကပ်(ဖ်)အယ်အောင်လဒ်တွင် ကာစင်စူရတီ[မန်နေဂျင်းထရပ်(စ်)တီ]၊ အာမက်စူရတီ[ထရပ်(စ်)တီ]နှင့် မိုဟာမက်စူရတီ[ထရပ်(စ်)တီ]တို့သည် တရားဝင်လက်ရှိ စီမံခန့်ခွဲအုပ်ချုပ်သူ ဂေါပကလူကြီးများဖြစ်ကြပါသည်။ ကျွန်ုပ်၏အမှုသည် မိုဟာမက်စူရတီ[ထရပ်(စ်)တီ]၏ ခွင့်ပြုချက်မရပါဘဲနှင့် ဝကပ်(ဖ်)ပိုင်ဆိုင်သောမြေနှင့် အဆောက်အအုံကို HORIZON INTERNATIONAL SCHOOL အား ဖွင့်လှစ်၍ ရရှိသည့်အကျိုးအမြတ်အားလုံးကို ဦးကာဆင်စူရတီတစ်ဦးတည်းမှ သုံးစွဲနေပါသဖြင့် ဝကပ်(ဖ်)[ထရပ်(စ်)တီ] တစ်ဦးတည်းဖြစ်သူ မိုဟမ္မက်စူရတီနှင့်တကွ ကွယ်လွန်သူ မိုဟမ္မက်အစ္စအီလ်အာရစ်(စ်)၏ အမွေဆက်ခံခွင့်ရှိသူများ၏ ခွင့်ပြုချက်မရဘဲ ဝကပ်(ဖ်)ပိုင်မြေပေါ်တွင် ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခြင်း၊ အကျိုးအမြတ်များရယူခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် ကန့်ကွက်အပ်ပါသည်။

မိုဟာမက်စူရတီ [မိုဟာမက်အစ္စအီးလ်အာရစ်(မ်) ဝကပ်(ဖ်)အယ်အောင်လဒ်(ထရပ်(စ်)တီ] ၏ ဖုန်း-၀၉-၅၀၆၈၁၀၉ ညွှန်ကြားချက်အရ-

ဒေါ်ကေသီအုံး LL.M
တရားလွှတ်တော်ရှေ့နေ
အမှတ်စဉ် (၄၂၂၇) (၂၁-၈-၁၉၈၇)
အမှတ် ၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်မှုခင်း

ကသာ-အင်းတော်-မန်စီလမ်းပိုင်းတံတားသစ် ပြန်လည်တည်ဆောက်

ကသာ မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အင်းတော်မြို့နယ် မန်စီလမ်းပိုင်း ဗန်းမောက်မြို့သို့ ဆက်စပ်သွားလာနေရသော ခရိုင်ချင်းဆက်လမ်း ခရီးသွားရေးနှင့် ကုန်စည်စီးဆင်းမှု ကောင်းမွန်စေရန်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၁)မှကသာ-အင်းတော်-မန်စီလမ်းမိုင် ၂၅/၇၊ ၂၆/၀ နံ့သာချောင်းကူးတံတား တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

"အခုလိုနိုင်ငံတော်က အင်းတော်ဘက်ကစပြီး ဗန်းမောက်မြို့ကိုသွားတဲ့ လမ်းတွေ၊ တံတားတွေအဆင့်မြင့်မြင့် သံကူကွန်ကရစ်တံတားတွေကို ပြင်ဆင်ဆောက်လုပ်ပေးနေတာ တွေ့ရတော့ အလွန်ဝမ်းသာ ပီတိဖြစ်မိတယ်"ဟု နံ့သာကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။

နံ့သာချောင်းကူး တံတားကြီးပြီးစီးနိုင်ရေးအတွက် အင်ဂျင်နီယာများ၊ ကာယဉာဏလုပ်သားများက စက်ယန္တရားကြီးဖြင့် နေ့ည အချိန်ပြည့် ဆောင်ရွက်နေကြသဖြင့် ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ နံ့သာချောင်းကူး တံတားပြီးစီးပါက ကသာမြို့မှ ဝင်ရောက်လာသော ကုန်များ၊ အခြားမြို့မှ ဝင်ရောက်လာသောကုန်များ အလွယ်တကူ တင်ပို့ရောင်းချပေးနိုင်တော့မည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင်မြင်လာနိုင်စေရေး ယခုနှစ် မိုးမကျမီ ကာလအတွင်း အပြီး ဆောက်လုပ်သွားမည်ဟု သိရသည်။

ငွေအိုး(ကသာ)



ကျေးရွာ မီးလင်းရေး စုပေါင်းဆောင်ရွက်

မိုးညှင်း မတ် ၆

ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးအတွက် အင်္ဂတေမီးတိုင်များ စုပေါင်း စိုက်ထူခြင်းကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာတွင် ပြည်သူလူထု စုပေါင်းဆောင်ရွက်ကြသည်ကို မတ် ၅ရက်ကစုပေါင်းလုပ်ငန်းခွင်၌ တွေ့မြင်ခဲ့သည်။"မီးလင်းနိုင်ရေးအတွက် ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး စုပေါင်းငွေနဲ့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။

ဓာတ်မီးတိုင်တွေ စိုက်ထူကြတာ ၁၀ ရက်ကျော်ပါပြီ။ ဌာနရဲ့ သတ်မှတ်ချက်နှင့်အညီ အင်္ဂတေဓာတ်မီးတိုင် စုစုပေါင်း ၁၂၀ စိုက်ထူကြမှာဖြစ်ပါတယ်။ ကုန်ကျမည့် ငွေကျပ် သိန်း ၁၀၀၀ ကျော် ဖြစ်မယ်လို့ ခန့်မှန်းထားကြပါတယ်။ မီးအားဖြည့်တင်းလင်းနိုင်ဖို့ ထရန်စဖော်မာနှစ်လုံးကိုလည်း တပ်ဆင်ဖို့ စီစဉ်ထားပါတယ်။ လိုအပ်တဲ့ ဓာတ်အားကြိုးများကိုလည်း သက်ဆိုင်ရာနဲ့ ညှိနှိုင်းစီစဉ်ထားပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်အောင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီ ဦးမြင့်အောင်တို့က ရှင်းလင်းပြောပြသည်။

ကျေးရွာ မီးလင်းရေးအတွက် မိုးညှင်းမြို့ ဓာတ်အားခွဲရုံမှတစ်ဆင့် 66 KV ဓာတ်အားလိုင်း ဆက်သွယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ဝ၆၃)

ပရိယတ္တိ နုဂ္ဂဟ ရေးဖြေစာမေးပွဲကျင်းပ

ဖျာပုံ မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့ ကျက်သရေဆောင် တိလောကမာရဇိန်ဘုရားကြီးအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ (၃၉)ကြိမ်မြောက် ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲလေးမြို့နယ် ပရိယတ္တိနုဂ္ဂဟရှင်သာမဏေ ရေးဖြေစာမေးပွဲကြီးကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါ လေးမြို့နယ်မှ နာယကဆရာတော်များ၊ ကြီးကြပ်ဆရာတော်များနှင့် စာဖြေသာမဏေအပါး ၆၀၀ ကျော်တို့ တက်ရောက်ဖြေဆိုတော်မူကြသည်။

အဆိုပါ ရေးဖြေစာမေးပွဲတွင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုတန်း စသည်ဖြင့် အဆင့်လေးဆင့် ခွဲပြီး ဖြေဆိုကြရသည်။ အောင်လက်မှတ်ပေးအပ်ပွဲနှင့်အထူးအောင် သာမဏေအပါး ၂၀ တို့အား ဂုဏ်ပြုပူဇော်လှူဒါန်းပွဲကို မတ် ၃ရက် မွန်းတည့် ၁၂ နာရီက သာသနာ့ ဗိမာန်တော်ကြီးအတွင်း၌ကျင်းပခဲ့ရာကျိုက်လတ်မြို့မှ ဂုဏ်ထူးအောင် ရှစ်ပါး၊ ဖျာပုံမြို့မှ ၁၀ ပါး၊ ဘိုကလေးမြို့မှ တစ်ပါးနှင့် ဒေးဒရဲမြို့မှ တစ်ပါး အသီးသီး အောင်မြင်တော်မူကြသည်။

စာမေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ အလှူဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြပြီး ဝေယျာဝစ္စအားလုံးကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ဇော်မင်း(ဖျာပုံ)

အချိုရည်ဘူးခွံထဲ ထည့်ထားသည့်အရက် သောက်မိသူ ညီအစ်ကိုနှစ်ဦးသေဆုံး

ကန်ကြီးထောင့် မတ် ၆

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီခွဲခန့်က ကန်ကြီးထောင့်မြို့ အမှတ် (၁) ရပ်ကွက် မင်းကုန်းလမ်းနေ ဦးမြင့်အောင်၏ ဝက်သတ်ရုံ၌ အလုပ်လုပ်နေကြသော ကန်ကြီးထောင့်ဘောလုံးကွင်းရပ်ကွက်နေ ဝင်းကို (၂၈နှစ်)နှင့် ဝင်းထွန်း (၃၁နှစ်)တို့ညီအစ်ကိုနှစ်ဦး အလုပ်လုပ်နေစဉ် အရက်အတူသောက်ရာမှ ဝင်းကိုသည် ရုတ်တရက် လဲကျသွားရာ ကန်ကြီးထောင့်ဆေးရုံသို့ ချက်ချင်းတင်ပို့ကုသစဉ် သေဆုံးသွားသည်။ ဝက်သတ်ရုံ၌ ကျန်ရစ်ခဲ့သောအစ်ကိုဖြစ်သူ ဝင်းထွန်းလည်း သေဆုံးသွားကြောင်း သိရှိရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ကန်ကြီးထောင့်ရဲစခန်းမှ ဒုရဲအုပ်အုန်းကျော်နှင့်အဖွဲ့က သွားရောက်စုံစမ်းစစ်ဆေးရာ ဦးမြင့်အောင်၏ဝက်သတ်ရုံ၌ ဝင်းကိုနှင့်အတူ ဇနီးမအုန်းမြိုင်တို့ အလုပ်လုပ်နေစဉ် ဝင်းကို၏အစ်ကို ဝင်းထွန်းရောက်လာပြီး အရက်သောက်မည်ဟု ပြောဆို၍ ဝင်းထွန်းယူဆောင်လာသော စူပါပါဝါ အချိုရည် ဘူးခွံထဲမှ အရက်ကိုယူသောက်လိုက်စဉ် ဝင်းကိုမှာ နာရီဝက်ခန့်တွင် လဲကျသွားသဖြင့် ဦးမြင့်အောင်က ဆေးရုံသို့တင်ပို့ရကြောင်း၊ ဝက်သတ်ရုံ၌ ကျန်ရစ်ခဲ့သူ ဝင်းထွန်းမှာလည်း သတိလစ်လဲကျပြီး သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသည်။ ထို့ကြောင့် ဝင်းကိုနှင့် ဝင်းထွန်းတို့၏ သေဆုံးမှုမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ကန်ကြီးထောင့် ရဲစခန်းက သေမှုသေခင်းဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ထော်လာဂျီယာဉ်ပေါ်လိုက်လာသူ ဓာတ်ကြိုးနှင့်ထိပြီး ဓာတ်လိုက်ခံရ

ကျုံပျော် မတ် ၆

ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲက ကျုံပျော်မြို့ အောင်မင်္ဂလာရပ်ပင်လုံရပ်ကွက်မှ နတ်ပွဲသိမ်း၍ နတ်ပစ္စည်းသေတ္တာများကို ရေကြည်မြို့ ထော်ဦးကျေးရွာနေ ယာဉ်မောင်း တင်ဝမ်း (၄၈နှစ်)၏ ထော်လာဂျီ ယာဉ်ဖြင့် တင်ဆောင်လာစဉ် ခဲဘောင်တံတားဘေး အောင်မင်္ဂလာကွက်သစ် ဘက်ခြမ်း လှည်းလမ်းအရောက်၌ ရေကြည်ဓာတ်အားခွဲစက်ရုံမှ အထောင်သို့ သွယ်တန်းထားသော မြေပြင်မှ ကိုးပေအမြင့်ရှိ 11KV ဓာတ်အားလိုင်း ကြိုးနှင့် ဇာတ်ပစ္စည်းများအပေါ်ထိုင်လိုက်လာသူ ကြည်နိုင် (၃၈နှစ်)မှာ ထိခိုက်မိ၍ ဓာတ်လိုက်ပြီး ထော်လာဂျီယာဉ်ပေါ်မှ ပြုတ်ကျသွားသည်။ သတင်းအရ ကျုံပျော်ရဲစခန်းမှ ဒုတိယရဲအုပ်မင်းအောင်နှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ ဓာတ်လိုက်ခံရသူ ကြည်နိုင်၏ လက်ပြင်တွင် ဓာတ်လိုက် မီးလောင်ဒဏ်ရာ လေးခုတွေ့ရှိသဖြင့် ကျုံပျော် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပြီး ဒုရဲအုပ်မင်းနောင်၏ တိုင်တန်းချက်အရ ကျုံပျော် ရဲစခန်းက မဆင်မခြင်ယာဉ်မောင်းသူ တင်ဝမ်းအား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

စိတ်သဘောထားဖြူစင်မြင့်မြတ်လှသော အန်တီ ဒေါ်စိန်မြင့်(ခ)ဒေါ်ညွန့်ဝေ (ညွန့်ဝေရတနာရွှေဆိုင်၊ လက်ပံတန်းမြို့) အား နိုင်ငံတော်က ချီးမြှင့်အပ်သော **သုဓမ္မသီဂီဘွဲ့တံဆိပ်** ရရှိခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေသရဖူ ရွှေပန်းထိမ်၊ ၄၄ လမ်းမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)

ကမာရွတ်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဒေါ်ခင်သန်းငွေး
အမှတ် ၂၉၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

နှင့်

၁။ ဒေါ်မြမြ
၂။ ဦးဆန်းလွင် (လိပ်စာတူ)
အမှတ်၂၉၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။(ယခုနေရပ်လိပ်စာမသိ)

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၂၉နေ ဒေါ်မြမြနှင့် ဦးဆန်းလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်)၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မတ် ၂၈ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၄ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြတ်ဇင်(တ/၂၆၃၉)

တွဲဖက်မြို့နယ်တရားသူကြီး၊ ကမာရွတ်မြို့နယ်တရားရုံး

ရွှေကျင်မြို့ အထကဆရာကန်တော့ပွဲ

ရွှေကျင်မြို့(အထက) ကျောင်းသူ ကျောင်းသားဟောင်းကြီးများ၏ ဆရာကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အဝေးရောက် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ကြပါရန်နှင့် အသက် (၇၀)နှင့်အထက် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်၊ အချိန် - ၂၄-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

ကျင်းပမည့်နေရာ - ရွှေကျင်မြို့နယ်အသင်း၏ ဓမ္မာရုံ၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ဒဂုံမြို့နယ်။

လှူဒါန်းရန်လိပ်စာများ
ရွှေကျင်မြို့နယ်အသင်းဓမ္မာရုံ ဖုန်း-၂၄၁၈၃၀၊
ဦးငွေစိုး ဖုန်း-၂၀၁၁၂၃
ကိုငွေး (ရွှေကျင်ရွှေဆိုင်) ဖုန်း-၀၉-၅၀၂၂၂၆၀
ကိုစွယ်စုံ Master စားသောက်ကုန်လုပ်ငန်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်း-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၁၂ ခုနှစ် တရားမကြီးအမှုအမှတ်-၃၉၈

ဒေါ်ဥဥခင်

နှင့်

၁။ ဒေါ်သက်သက်
၂။ ဦးအောင်ကျော်မိုး
၃။ ဒေါ်အေးအေး
၄။ ဒေါ်နုနုယဉ်
၅။ ဦးသိန်းနိုင်အောင်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၀လမ်း၊ အမှတ် ၈၂၇ (ယခုနေရပ်လိပ်စာမသိ) ဦးသိန်းနိုင်အောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)

ဒုတိယခရိုင်တရားသူကြီး(၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အလုံ၊ အောင်မင်္ဂလာတိုက်သစ်နွယ်ဝင် ရဟန်းရှင်၊ လူများအား အသိပေးနှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အောင်မင်္ဂလာစာသင်တိုက်ကြီးတွင် စာချ၊ စာသင်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်ခဲ့ကြဖူးသော ရဟန်းရှင်လူ တပည့်သာဝကများ စုပေါင်း၍ ကျေးဇူးဆပ် အာစရိယပူဇော်ပွဲကြီးဖြစ်မြောက်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်မည်ဖြစ်ပါသောကြောင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကြွရောက်တော်မူကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

သံဃာတော်အများ၏ဆန္ဒအရ ရွှေမြင့်မိုရ်ကျောင်းတိုက်တွင် ကျင်းပပါမည်။ အဆင့်ဆင့် ဆက်သွယ်အသိပေးကြပါရန်။

အစည်းအဝေးအစီအစဉ်

နေ့ရက် - ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့
၂၆-၃-၂၀၁၃ ရက် (အင်္ဂါနေ့)
အချိန် - မွန်းလွဲ ၁:၃၀ နာရီ အရောက်ကြွရောက်ကြပါရန်။
နေရာ - ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ
အမှတ် (၁)ဝိုင်း၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၇၁၂၅၈၊ ၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၇၇၃၂၈ (ရွှေမြင့်မိုရ်)၊ ၀၉-၅၁၁၇၈၆၈ (အောင်ချမ်းသာ)၊ ၀၁-၆၅၁၉၅၇ (ဓမ္မသိင်္ဂီ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) (ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ညိုမီအောင်တို့၏ သားကြီး၊ မောင်ထက်ရဲမာန်ဝင်း၊ မမေသက်ပိုင်ဝင်းတို့၏အစ်ကို

ဗိုလ်ကြီးသန့်တေဇာဝင်း

B.Sc(Maths) (D.S.A), M.Sc(Applied Maths), Russia

နှင့်

ရန်ကုန်မြို့နေ
ဦးတင်မြင့်-ဒေါ်မြင့်မြင့်ရီတို့၏သမီးဦး၊ မောင်သီဟ၏ညီမ၊ မစန္ဒာမြင့် (SAKURA Japanese Language Centre)၏ညီမ

မသဥ္ဇာဦး

B.E Information Technology

တို့၏ ၂၆-၂-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားဝင်း **ဝိမုတ္တိသုခတိုက်**ကျောင်း၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားတွင် ကြွရောက်ချီးမြှင့်အားပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းတို့အား လည်းကောင်း၊ ၂-၃-၂၀၁၃ရက် (စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌဦးကြည်သိန်း (သံအမတ်ကြီး၊ ငြိမ်း)နှင့်ဇနီး ဒေါ်မာမာရှိန်၊ မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)နှင့်ဇနီး ဒေါ်ခင်ခင်လှတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့် အားပေးပါသော ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ထောက်ချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၏ဇနီး ဒေါ်ဆွေဆွေဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညိုစော၏ဇနီး ဒေါ်စမ်းစမ်းအေး တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးနှင့်ဇနီး ဒေါ်လှစမ်းရီတို့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစန္ဒာမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မဇင်မျိုးအေး၊ မင်္ဂလာ လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေသက်ပိုင်ဝင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးထူးဝေအောင်၊ မင်္ဂလာသတို့သမီးအရံ မဖြူဖြူဇော် တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့သားများ၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးသော လင်းလင်း(Make-up Artist)၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဦးတွတ်(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့် ဓာတ်ပုံစတူဒီယိုအဖွဲ့သားများနှင့်တကွ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ စစ်တက္ကသိုလ်အပတ်စဉ် ၂၃ မှ သူငယ်ချင်းများနှင့်ဇနီးများ၊ အဘက်ဘက်မှကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့ကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန့်တေဇာဝင်းနှင့်မသဥ္ဇာဦး

အမည်ပြောင်း

ဦးကျော်လင်း၏သား သာကေတမြို့နယ်၊ အမှတ်(၄) အထက (VII တန်း-B) မောင်ဆက်ပိုင်ဦးအား မောင်ကောင်းခန့်စိုး ဟုခေါ်ပါရန်။ **မောင်ကောင်းခန့်စိုး**

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက(၈)၊ စတုတ္ထတန်းမှ ဦးထွန်းနောင် ၁၂/ရကန(နိုင်)၀၅၇၁၆၂ ၏သား မောင်ကျော်ရာဇာအား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်ဇော်**

ကားငှားမည်

CHERY QQ3 TAXI(ဒဂုံမြို့သစ်မြောက်ပိုင်း) နေ့မောင်း၊ စပေါ်ကျပ်၅သိန်း၊ တစ်သောင်းတစ်ထောင်၊ TM (Mini Truck) ကောင်း၊ အမိုးကိုင်းပါ၊ စပေါ်သုံးသိန်း၊ တစ်လ နှစ်သိန်းတစ်သောင်းကျပ်။

ဖုန်း-၀၉-၄၂၁၀၉၅၃၄၆

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၄

ဒေါ်တင်လှ(ခ)နော်အလွမ်း **နှင့်** ၁။ ဦးစောဒဲနစ် ၂။ ဦးဉာဏ်ထွန်း ၃။ ဒေါ်ခင်မျိုးအေး

ပြင်ဆင်မှုလျှောက်ထားသူ **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၉ရက်စွဲပါ မအူပင်ခရိုင်တရားရုံး၏ တရားမအထွေထွေမှုအမှတ် ၅/၂၀၁၂ ၏အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၂) ဦးဉာဏ်ထွန်း၊ အမှတ်(၃)ဒေါ်ခင်မျိုးအေး၊ ဂျုံးဂျုံးကျကျေးရွာ၊ နတ်ပေးအုပ်စု၊ ညောင်တုန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မအူပင်ခရိုင်တရားရုံးမှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဒေါ်တင်လှ(ခ)နော်အလွမ်းက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် မတ် ၂၀ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၉ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန် အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကလက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

(သန်းသန်းမြင့်) လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ပတ္တမြား/တောင်)၊ မြေကွက်အမှတ် ၂၃၄၊ ပါမစ်မြေအမျိုးအစား အမည်ပေါက်ဦးထွန်းအောင်၊ မြေကွက်တည်နေရာအမှတ် ၈၆၊ ပုလဲကျက်သရေလမ်း၊ ပတ္တမြားမြို့သစ်ရှိမြေကွက်ကို အမည်ပေါက်ဦးထွန်းအောင်ကွယ်လွန်သွားသဖြင့် သားသမီးများဖြစ်ကြသော (၁)ဦးတင်အုန်း ၁၂/မဂဒ(နိုင်)၀၆၄၃၂၁၊ (၂)ဦးမြင့်သန်း ၁၂/မဂဒ(နိုင်)၀၆၆၈၂၀၊ (၃)ဒေါ်တင်တင်နိုင် ၁၂/မဂဒ(နိုင်)၈၆၆၆၂၇၊ (၄)ဦးစိုးနိုင် ၁၂/မဂဒ(နိုင်)၀၉၃၄၄၉၊ (၅)ဒေါ်တင်တင်ခိုင် ၁၂/မဂဒ(နိုင်)၀၅၀၉၁၀၊ (၆)ဒေါ်သီတာဝင်း ၁၂/မဂဒ(နိုင်)၀၆၆၈၉၃၊ (၇)ဦးခင်ဇော် ၁၂/မဂဒ(နိုင်)၀၆၆၈၉၂၊ (၈)ဒေါ်သန်းသန်းထွေး ၁၂/မဂဒ(နိုင်)၁၁၇၈၁၀၊ (၉)ဒေါ်အေးအေးမင်း ၁၂/မဂဒ(နိုင်)၁၃၈၃၆၂တို့က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းနှင့် သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူမှန်တောင်းခံလွှာ၊ သေဆုံးသည်မှာမှန်ကန်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပြင်ဦးလွင်မြို့နယ်၊ ပေပင်ကွင်း၊ ကွင်းအမှတ် ၂၈(F)၊ ဦးပိုင် ၁၅၉ နေအိမ်ဆောက်လုပ်ရန် မြေဧက ၀ ဒသမ ၂၃၇ရန်မြေကို အမြန်ရောင်းချလိုပါသည်။

ဖုန်း-၀၉-၇၃၂၃၅၉၉၅၊ ၀၉-၅၀၀၃၄၄၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ တိုက်အမှတ် (၄)၊ အခန်းအမှတ် ၃၀၄၊ လေးလွှာတိုက်ခန်းအား အိုးအိမ်အမည်ပေါက် ဒေါ်နီလာခိုင်ထံမှ ဝယ်ယူခဲ့၍ လက်ရှိဖြစ်သူ ဦးနေလင်းအောင် ၁၂/ပဇတ(နိုင်)၀၁၀၄၇၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ၂၄-၂-၂၀၁၃ ရက်တွင် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်နု ၁၁/ပတန(နိုင်)၀၀၃၅၈၄
ဖုန်း-၀၉-၇၃၀၈၄၉၃၆

အမှတ် ၄၅၊ ရတနာသိင်္ခလမ်း၊ မုန့်လက်ဆောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈(ဘီ)၊ မြေကွက်အမှတ် $\frac{\text{၆၆.A}}{\text{၁၃၀}}$ ၊ ဧရိယာ ၀ဒသမ ၀၂၉ဧကအကျယ်ရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစားအိမ်မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသက်စိန်း ၁၂/လမတ(နိုင်)၀၂၉၆၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးအေးမြင့် LL.B,D.B.L တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၇၃၅၈)
အမှတ် ၅၀ (ပထမထပ်)၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၆၆၇

ကြော်ငြာ





အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ခုတင် ၅၀၊ ၄ လမ်းနေ ဦးတင်ညွန့်၏သမီး နဝမတန်း(A) တွင် ပညာသင်ကြားနေသော မနီလာအောင်အား မဖြိုးပြည့်သိမ့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးပြည့်သိမ့်နိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၁၂၊ မြေပိုင်မြေ၊ ဧရိယာ(၃၅ပေ×၄၇ပေ)၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အိမ်အမှတ်(စ/၉၆၄)ဟုခေါ်တွင်သည့် မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းဝင်း၊ ဒေါ်စီစီအေး၊ ဒေါ်ဥမ္မာတင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဟိန်း	**(သန်လျင်)ဦးထွန်း**
LL.B, LL.M, M.Res(Thesis)	**LL.B, CBL, DBL, DML, DIL, D.A psy, Wipo (Switzerland)**
အထက်တန်းရှေ့နေ(စဉ်-၃၆၇၈၂)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)**
၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်	**၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
ဖုန်း-၀၉-၅၀၁၈၅၀၄	**အမှတ်(၁)မရမ်းကုန်းတရားရုံးရှေ့**
	ဖုန်း-၀၉-၄၃၀၄၃၀၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ တိုက်အမှတ် ၆၈၊ လေး လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂½ပေ×ပေ၅၀)ရှိတိုက်ခန်းနှင့် ယင်းအခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းမြင့် ၈/ရနခ(နိုင်)၀၆၉၃၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါအခန်းကို ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စအပေါ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးစိုင်းဟိန်းထက်အောင်	**ဦးခင်မောင်ညွန့်**
LL.B,B.Sc(Engg)	**B.Sc(Chem),H.G.P,R.L**
(Gem & Gem Mining)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၂)**
အထက်တန်းရှေ့နေ(စဉ်-၃၁၄၉၆)	

အမှတ် ၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၁၉၁၁

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာချက်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၂/၃၆၄နေ ဒေါ်ဖြူပြာအောင် ၃/ဘအန(နိုင်)၂၂၃၀၄၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူပြာအောင် ၃/ဘအန(နိုင်)၂၂၃၀၄၉နှင့် ဦးပြည့်ဖြိုးအောင် ၃/ကကရ(နိုင်)၀၈၁၃၇၁ တို့သည် အသိသက်သေများရှေ့မှောက်တွင် ၃၀-၃-၂၀၁၂ ရက်စွဲပါ စာချုပ်အရ မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ ထိုစာချုပ်အရပင် နှစ်ဦးပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်ကိုပါ ခွဲဝေဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဒေါ်ဖြူပြာအောင်၏ လူမှုရေး၊ စီးပွားရေးအပါအဝင် ကိစ္စအဝဝတို့သည် ဦးပြည့်ဖြိုးအောင်နှင့် ထိုစဉ်ကစ၍ မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ကြောင်းနှင့် ဒေါ်ဖြူပြာအောင်၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ထိခိုက်နစ်နာစေသော အပြောအဆို အပြုအမူများပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်နှင့်အညီဖြစ်ပါသည်။	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ဖြူပြာအောင်	**ဒေါ်သန္တာစိုး[LL.B, M.A(Business Law)]**
၃/ဘအန(နိုင်)၂၂၃၀၄၉	**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၅)**

ကြော်ငြာ

ဦးတင်လှ(ကျောက်ပန်းတောင်း၊ပုပ္ပား)မန်နေဂျာ၊ဆောက်/လျှပ်(ငြိမ်း)
အသက်(၇၉)နှစ်

ကျောက်ပန်းတောင်းမြို့နေ (ဦးရွှေ-ဒေါ်ပုတ္တဲ)တို့၏သား၊ ပုပ္ပားမြို့နေ (ဦးဘဘော်-ဒေါ်မမသိန်)တို့၏သားသမက်၊ ၈၂၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဒေါ်မိမိတင်၊ ဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးပေါကြည်)-ဒေါ်ရင်မေ၊ (ဦးမြင့်အောင်)-ဒေါ်ခင်ညွန့်၊ ဦးရဲညွန့်(ဘဏ်ရှေ့နေ-FPB, AGD)-ဒေါ်ညိုညို၊ ဦးရဲဝင်း(ရေနံ၊ငြိမ်း)-ဒေါ်လှလှဝင်း၊ (ဦးကြည်ကြည်မောင်)-ဒေါ်ခင်မမ၊ ဦးအေးမောင်-ဒေါ်ခင်မိမိ(မူလတန်းပြ၊ငြိမ်း)၊ (ဒေါ်ခင်ခင်လွင်၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏အစ်ကို/ညီ၊ ဦးအောင်ခိုင်(ရုံးအဖွဲ့မှူး၊ ဥပဒေချုပ်ရုံး၊ ငြိမ်း)-ဒေါ်ဆွေဆွေငြိမ်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးမောင်မောင်အေး(ဒု-အင်/ယာချုပ်၊ အဝေးဆက်သွယ်ရေး)-ဒေါ်မိုးသန္တာ(ဦးစီးအရာရှိ၊ မြန်မာ့စိုက်ပျိုးရေး)၊ (ဦးမောင်မြင့်)-ဒေါက်တာမိုးသူဇာ(ပါမောက္ခ၊သချာင်္ဌာန၊ မအူပင်တက္ကသိုလ်)၊ ဒေါက်တာမိုးဥမ္မာ(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးနေမိုးနိုင်၊ ဦးမိုးအောင်နိုင်၊ ဦးခင်မောင်သန်း-ဒေါ်စိမ်းစိမ်းခိုင် (စာရင်းစစ်)တို့၏ဖခင်၊ ဒေါက်တာမိုးမြင့်သီရိ(M.B.,B.S)၊ မအေးမြတ်ငြိမ်း B.A (Myanmar)၊ မဇေကရီ ထက်မောင် B.E (EC)၊ မောင်ခန့်မြင့်မိုရ်၊ မောင်ဇွဲဟိန်းမောင်တို့၏အဘိုးသည် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄-ခ၊ စတုတ္ထထပ်၊ စံရိပ်ငြိမ် ၁လမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ ၄(ခ)၊ စတုတ္ထထပ်၊ စံရိပ်ငြိမ် ၁လမ်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးသာဒင် (ရမ်းဗြဲမြို့)
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးရှိန်း-ဒေါ်သန္တာဖြူ)တို့၏သား၊ အင်းစိန်မြို့နယ်၊ အမှတ် ၁၁၇၈၊ (ခ) ၁လမ်း၊ ပေါက်တောမြို့သစ်ရပ်ကွက်နေ (ဦးမောင်မြ)-ဒေါ်အေးစိန်တို့၏သားသမက်၊ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဦးမောင်မောင်မြင့်(ကလော၊ လဝက၊ ဦးစီးအရာရှိ)-ဒေါ်ကေသီအောင်၊ ဒေါ်သီဂီအောင်တို့၏ဖခင်သည် ၆-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်ရွှေ(ခ)ကျန်အင်ဖေ
(မြစ်ကြီးနားမြို့)
အသက်(၆၆)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ (ဦးကျန်ကွေလျှန်-ဒေါ်လာမေလျှို)တို့၏ ဒုတိယသား၊ ဦးတင်ရွှေ(ခ)ကျန်အင်ရင်၏ညီ၊ ဒေါ်ရှင်းလန်၊ ဦးဆန်းကော(ခ) ကျန်အင်ဘင်၊ ဦးတင်ထွန်း(ခ)ကျန်အင်တီ၊ (ဦးတင်ဝင်း)တို့၏အစ်ကိုသည် ၆-၃-၂၀၁၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် မန္တလေးမြို့ ယူနန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အကွက်အမှတ် ၃/၄၊ ၆၈လမ်းနှင့် ၄၀လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
မရ်ယမ်ဘီဘီအီစမိုင်
ကာကာ(ခ)ဒေါ်ညွန့်ညွန့်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊အမှတ် ၂၇၉၊ ငါးလွှာ(စီ)နေ ဆလမန်ဂျီဝါး (ခ) ဦးကျော်သိန်း၏ဇနီး၊ (ဦးကိုကိုကြီး-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးထွန်းမောင်-ဒေါ်အရှင်)တို့၏ သမီးချွေးမ၊ မသိန်းသိန်းညွန့်၊ ကိုလှညွန့်-မတင်တင်ညို၊ ကိုအောင်ဇင်ထွန်း-မခင်ခင်ညွန့်၊ ကိုအေးမင်း-မတင်တင်ညွန့်၊ မမြင့်မြင့်ကျော်၊ ကိုအောင်တေဇ-မညွန့်စန္ဒာကျော်၊ကိုမင်းထွေးကျော်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၆း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွဲရ်နမားဇ် အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း ဒါယိကာမကြီး
ဒေါ်သိန်း(ခ)ဒေါ်သိန်းညွန့် (အောင်ချမ်းသာ)
အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကင်မွန်းကုန်းကျေးရွာနေ (ဦးဖိုးမောင်-ဒေါ်ပဒါ)တို့၏သမီးထွေး၊ (ဦးအေးမောင်-ဒေါ်စိန်မြ)တို့၏ချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၉၅/ခနေ ဦးငွေသောင်း၏ဇနီး၊ ဒေါ်ခင်ချစ်(အောင်ချမ်းသာ ရတနာငွေဆိုင်)၊ ကိုသိန်းဌေး-မတင်မြ၊ ဦးမြင့်လှ-ဒေါ်နီနီစိန်(အောင်ချမ်းသာဆန်ဆိုင်)၊ ဒေါ်ခင်သန်းမြင့်၊ ဦးလှပို-ဒေါ်အေးလေး(အောင်ချမ်းသာ ဆန်ဆိုင်)၊ ကိုနေမျိုး-ဒေါ်မြင့်မြင့်ခိုင်(အေးချမ်းသာငွေဆိုင်)၊ ဦးသိန်းဌေး-ဒေါ်စီစီ၊ ဗိုလ်ကြီးကျော်နိုင်ဦး-ဒေါ်ညွန့်ညွန့်၊ ကိုမောင်အေး-မဝင်းဝင်းထိုက်(အောင်ချမ်းသာရတနာငွေဆိုင်)တို့၏မိခင်၊မြေး ၁၁ယောက်တို့၏အဘွားသည် ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းဆွေ(ကျောက်တန်းမြို့) အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ အမှတ် ၁၆၃၊ ကမ်းနားလမ်းနေ (ဦးဘနှစ်-ဒေါ်ခင်စိန်)တို့၏သား၊ (ဒေါ်လှကြည်)၊ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ (ဦးကျော်ကျော်)-ဒေါ်စန်းစန်းဆွေ၊ ဦးသက်ဆွေ-ဒေါက်တာထားထားအောင်(ခေတ္တ-မလေးရှား)၊ ဦးကျော်ကျော်ဆွေ-ဒေါ်ခိုင်ခိုင်ဝါ၊ ဦးဉာဏ်ထွန်းအောင်-ဒေါ်သူဇာဆွေ၊ ဦးမြင့်မိုရ်ဟိန်း-ဒေါ်ပိုးသိမ့်သိမ့်ဖြူတို့၏ဖခင်၊ အကယ်ဒမီခင်ဇာခြည်ကျော်(ရုပ်ရှင်သရုပ်ဆောင်)၊ မောင်ရန်ပိုင်ဦး၊ မောင်ရဲခေါင်ဗလ၊ မောင်ဟိန်းထက်အောင်၊ မအိမ့်မို့အောင်၊ မသက်ထားဆွေ(ခေတ္တ-မလေးရှား)၊ မရတနာခင်၊ မောင်မြင့်မြတ်ပိုင်တို့၏အဘိုး၊ မောင်ဘုန်းမင်းနေလ (ILBC)၊ မထင်သစ္စာ(ILBC)တို့၏ဘိုးဘိုးကြီးသည် ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(D/4-B)၊ သဇင်လမ်းသွယ်(၂)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၃- ၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောက်တန်းမြို့ အရှေ့ပိုင်း၊ ကမ်းနားလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းဆွေ (ကျောက်တန်းမြို့)
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ အမှတ် ၁၆၃၊ ကမ်းနားလမ်းနေ (ဦးဘနှစ်-ဒေါ်ခင်စိန်)တို့၏သား၊ (ဒေါ်လှကြည်)၊ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ (ဦးသောင်း)၏ညီ၊ ဦးတင်စိန်-ဒေါ်စိန်ရီ၊ (ဒေါ်လှလှငွေ)၊ (ဦးအေးဆွေ)၊ ဒေါ်အေးမူတို့၏အစ်ကိုသည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(D/4-B)၊ သဇင်လမ်းသွယ်(၂)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၃ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကျောက်တန်းမြို့ အရှေ့ပိုင်း၊ ကမ်းနားလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာ
ဦးတင်ထွန်း(ခ)ဦးထွန်း
(ညောင်အလျှန်းကုန်းကျေးရွာ၊ သုံးခွမြို့)
(မီးရထားအငြိမ်းစား၊ အင်းစိန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ် ၉၄၊ ပထမထပ်(ဝဲ)နေ (ဦးလူကြီး-ဒေါ်အေးကြည်)တို့၏သား၊ (ဒေါ်ရင်ခ)၏ခင်ပွန်း၊ ဒေါ်တင်တင်ရီ (ဓာတ်ခွဲကျွမ်းကျင်-၃၊ အင်းစိန်ဆေးရုံ)၊ ဒေါ်မြင့်မြင့်သန်း၊ ဦးသက်နိုင်-(ဒေါ်စန်းစန်းဝေ)၊ ဦးကြည်ဆွေ-ဒေါ်နွယ်နီဆွေ၊ ဦးကြည်စိုး(မောင်မျိုးဆွေ)၊မခင်ဆွေလွင်တို့၏ဖခင်၊ မောင်ရဲကျော်ကျော်၊ မောင်ပြည့်ဖြိုးထက်တို့၏ အဘိုးသည် ၅-၃-၂၀၁၃ရက် နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu. B.Sc Thanga
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၈၁/၈၃၊ အခန်း A (၃)နေ Pu. Lal Ruata-Pi. Lam Tami တို့၏ တတိယမြောက်သား၊ (Pu. Lal Biak Sang Lara)၊ Pu Sai Khuma (USA)တို့၏ ညီ၊ Pi Van Lal Mal Sawm Zaui (Mdy)၊ NI. Rual Za Lawn Puii. Action Aid (NGO)တို့၏အစ်ကို၊ Mg. Lal Hruai Tluanga ၏ဖခင်၊ Pi.Lal Hmu Liani ၏ ခင်ပွန်းသည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၇-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်နှင့် ဓမ္မနွေလဘုရားကျောင်းရှေ့၊ ယူပီစီဌာနချုပ်၊ မြောက်ဒဂုံ စစ်တောင်းမှတ်တိုင်၊ ချင်းခြံ (ထန်းပင်ကုန်း)တို့မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်စန်းမြင့် (စလင်း)
အသက်(၇၂)နှစ်

စလင်းမြို့နေ (ဦးခင်မောင်သန်း-ဒေါ်ချော)တို့၏သမီး၊(ဦးလှဒင်-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ရန်ကင်းမြို့နယ်၊အမှတ် (၄)ရပ်ကွက်၊ တိုက် ၂၉၊ အခန်း ၂နေ (ဦးကျော်စိန်)၏ဇနီး၊(ဦးမျိုးသိန်းထွန်း)-ဒေါ်ခင်နန်းမူ (အလက-၄၊ ရန်ကင်း)၊ (တကက/စရ မျိုးသန့်) - ဒေါ်ညိုညိုသန်း၊ (ဦးနေဝင်းနိုင်)တို့၏မိခင်၊ မောင်မျိုးနန်းဦး၊ မောင်ဇော်ဇော်ထွန်း (MIS)၊ မောင်ကျော်ကျော်ထွန်း၊ ဗိုလ်ကြီးမျိုးဇာနည်ထွန်း-မဆွေဇင်ဌေး၊ ဗိုလ်အောင်မျိုးမင်း-မအေးမြင့်မြင့်မျိုး၊ မောင်ငြိမ်းသူရကိုကို - မပြုံးမြင့်မြင့်မျိုးတို့၏အဘွားသည် ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၆း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်လှဝင်း(ခ) ခင်လှဝင်း
(ဝင်းသော်တာ မိတ္တူ၊ ကုန်မျိုးစုံနှင့် ဖက်ရှင်စတိုး)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၃နေ ဦးလှဖေ-(ဒေါ်ပန်းရီ)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ခင်ပု)တို့၏သမီးချွေးမ၊ဦးလှဖြိုး၏ဇနီး၊ မောင်မျိုးမင်းဇော်ဖြိုး (2nd Mate, J.S.M Shipping)-မဖြူဖြူအေး၊ မခင်ညွန့်ညွန့်ဌေး(ခ)ပူစူး၊ မတင်ဖြိုးဖြိုးအောင်(ခ)ဖြိုးဖြိုးတို့၏မိခင်၊ မောင်စစ်သူရိန်လင်း၊ မရူပါလင်းလက်တို့၏ အဘွားသည် ၂-၃-၂၀၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားဒါယိကာမကြီး
ဒေါ်ကျင်ဟိန် (မြောင်းမြ)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက် (ဌတ္တလစ်ဈေးကွေ့) တင့်ဆန်းလမ်း၊ တိုက် ၁၄၊ (တတိယထပ်)နေ (ဦးအင်းငွေ)၏ဇနီး၊ ဒေါ်ခင်ဆွေဝင်း (အမက-၂၁၊ တ/ဥ၊ ငြိမ်း)၊ ဒေါ်ခင်နွယ်ရီ(လ/ထ၊ ကထိက၊ ငြိမ်း၊ရန်ကင်းပညာရေးကောလိပ်)၊ ဒေါ်စန်းနီ(ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အထက-၁၊ ပန်းဘဲတန်း)၊ ဒေါ်ခင်ဆွေတင့် (ကျောင်းအုပ်ကြီး၊ ငြိမ်း၊ သင်္ဃန်းကျွန်းပညာရေးကောလိပ်)၊ ဒေါ်ခင်ဆွေအေး (အလက-၄၊ ရန်ကင်း၊ ငြိမ်း)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ရွှေပုပ္ပားဆေးခန်း၌ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ဦး(ခ)ဒေါ်နီ
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၈၃/ကနေ ဦးအုန်းဖေ-ဒေါ်အေးကြည်တို့၏သမီး၊ (ဦးလှဖေ)၏ဇနီး၊ ဦးတင်မင်း(တရားလွှတ်တော်ရှေ့နေ)-(ဒေါ်အေးအေး)၊ ဒေါ်ခင်ခင်မြ၊ ဦးမြင့်လွင်ဦး (ပ-ဓာတ်ခွဲမှူး၊ ကလေးဆေးရုံကြီး)-ဒေါ်ခင်လှလှ၊ဦးတင်ဝင်း-ဒေါ်ထွေးထွေးမာ (လဝက၊ နိုင်ငံသား)၊ ဒေါ်နုနုယဉ်၊ ဒေါ်ခင်ခင်စိန်(ပစ္စည်းစီမံ၊ လျှပ်စစ်)၊ ဦးတင်အေး(St John M,V)-ဒေါ်လွင်လွင်အေး (ပြည်ပဆက်)တို့၏မိခင်၊ ဗိုလ်ကြီးရွှေသွေး-ဒေါ်ယဉ်ယဉ်ထွန်း၊ မောင်ကောင်းစံလင်းတို့၏အဘွားသည် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
ရဲအုပ်တင်ဝင်း (ငြိမ်း)
အသက်(၆၂)နှစ်

ရွှေတောင်မြို့၊ တည်ကုန်းရပ်နေ (ဦးအေးချို - ဒေါ်သိန်းဟန်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊တိုက် ၅၈၊ အခန်း ၁၄နေ ဒေါ်မြသန်း (လဝက၊ ငြိမ်း)၏ ခင်ပွန်း၊ (ဦးခင်မောင်ဌေး)၊ ဦးခင်မောင်သန်းတို့၏အစ်ကိုသည် ၄-၃-၂၀၁၃ ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအားသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးဖေဝင်း
အထက(၂)လမ်းမတော် ကျောင်းသားဟောင်း
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၁၁) ရပ်ကွက်၊ တိုက် ၁၁၊ အခန်း ၅၊ လမ်းသစ်ရိပ်သာနေ (ဦးလှမောင်-ဒေါ်ခင်မေအေး)တို့၏သားထွေး၊ ဦးအောင်ကြီး၊ ဒေါ်ခင်လှမြင့်(လ/ထအင်ဂျင်နီယာ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ ဒေါ်ခင်လေးမြင့်၊ဦးကျော်ထွန်း-ဒေါ်သီသီလွင်၊ ဦးမျိုးပိုင်ကျော်လွင် (Tour Mandalay)-ဒေါ်နီနီခင်တို့၏ညီ/မောင်၊ မောင်မျိုးဆက်ကျော်လွင်၊ မလွင်မွန်ကျော်တို့၏ ဦးလေးသည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးဝင်းမြင့်(ခ)ဦးဖန်ပင်တိတ်
(နာရီဆရာ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၃၇နေ (ဒေါ်ရွှေ)၏ခင်ပွန်း၊ ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်း(Angel Fashion Group Co., Ltd.)၊ ဦးအေးသိန်း၊ ဦးအောင်ဌေး(ခ)ဦးဖန်ကင်ဟင်း၊ ဦးအောင်ချော၊ ဒေါ်ခင်ကြူ၊ ဦးအောင်ကျော်ဝင်းတို့၏ဖခင်၊ မောင်အောင်မြတ်သူ(ခေတ္တ-U.S.A)၊ မသဲဆုမွန်သူ(I.L.B.C)၊ မယောဆုမောင်မောင်(I.L.B.C)တို့၏အဘိုးသည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၃၅-အေ(လေးလွှာ)နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်ရွှေ(ခ)ကျန်အင်ဖေ အသက်(၆၆)နှစ်သည် ၆-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ယူနီတီအိမ်ခြံမြေအကျိုးဆောင်
ကုမ္ပဏီ(ရန်ကုန်)
ယူနီတီကျောက်မျက်မိသားစု(နေပြည်တော်)
ယူနီတီဟိုတယ်(မန္တလေး)
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ရင်
အသက်(၅၉)နှစ်

Alpha Power Engineering Co., Ltd. မှ ဦးမျိုးမင်းထွန်း၏ဖခင် ဦးခင်မောင်ရင် အသက်(၅၉)နှစ်သည် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁း၁၀နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

Alpha Power Engineering Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြမူ
အသက်(၇၂)နှစ်

ဒေါက်တာမိုးသူဇာလွင်(ကထိက၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၏မိခင်သည် ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဓာတုဗေဒဌာနမိသားစု
ပဲခူးတက္ကသိုလ်

ဦးရှိန် (မြန်အောင်)
(ရွှေပန်းထိမ်ဆရာကြီး)
အသက်(၈၄)နှစ်

မြန်အောင်မြို့နယ်နေ (ဦးအကင်း-ဒေါ်သိန်းမြ)တို့၏သားငယ်၊ အမှတ် ၃၈၊ မာလာမြိုင် ၅လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်မြင့်စိန်၏ခင်ပွန်း၊ အရာခံဗိုလ်ကျော်မြင့်အောင် - ဒေါ်မြင့်မြင့်ဦး၊ ဒုတိယဗိုလ်မှူးကြီးဝင်းကျော်ဦး-ဒေါ်ဖြူဖြူနွယ်၊ ဦးစိန်ဝင်း-ဒေါ်နီလာဦး၊ ဦးအောင်မိုးဦး-ဒေါ်သဇင်ဝင်း၊ (ကိုကျော်မိုးဦး)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီးသည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးရှိန်
သက်ကြီးအပူဇော်ခံပုဂ္ဂိုလ်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၃၈-အေနေ ဒေါ်မြင့်စိန်၏ခင်ပွန်း၊ အမှုဆောင် ဒေါ်မြင့်မြင့်ဦး၏ဖခင်ဦးရှိန်သည် ၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးသာဒင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ(၁)လမ်း၊ အမှတ် ၁၁၇၈နေ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဒေါ်ကေသီအောင်၏ဖခင်သည် ၆-၃-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးဌေးမြင့်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၁၁၅၊ ဟံသာဝတီ ၂၁လမ်းနေ (ဦးမောင်မောင်ကြီး)-ဒေါ်ညွန့်ခင်တို့၏သားငယ်၊ ဒေါ်စန်းစန်းဝေ၊ ဦးစန်းလွင်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးဌေးလွင်၊ (ဦးသန့်ဇင်)တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်ဝေ၏အစ်ကို၊ မောင်စွမ်းထက်ထူး၊ မရတီဖူးပွင့်အောင်၊ မောင်အံ့ဘုန်းမင်းတို့၏ဦးလေးသည် ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၃ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်အစည်းအဝေး

စပ်မျိုးစပါးကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် လက်ရှိအရှိန်အဟုန်မြင့် ဆောင်ရွက်နေ

ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို အစီအစဉ်(၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မေးခွန်းမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ကိုယ်စား အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးက **မျိုးစပါးကောင်း၊ မျိုးစပါးသန့်များကို တောင်သူများ အလွယ်တကူ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ မျိုးကောင်း၊ မျိုးသန့် သီးနှံများစိုက်ပျိုးခြင်းဖြင့် တွက်ခြေကိုက်သောဝင်ငွေရရှိစေရန် မျိုးစေ့ထုတ်လုပ်ခြင်းတာဝန်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက လက်ရှိ နိုင်ငံတော်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ စပ်မျိုးစပါးများကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မျိုးစေ့ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မှု မရှိသေးသည့်ကာလတွင် မိမိတို့ ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းအောင်မြင်သည့် စပါးမျိုးကွဲတစ်မျိုး သို့မဟုတ် နှစ်မျိုးကို ရွေးချယ်၍ မျိုးသန့်ဇုန်များတည်ထောင်စိုက်ပျိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စပ်မျိုးစပါးကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် လက်ရှိအရှိန်အဟုန်မြင့် ဆောင်ရွက်နေသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများသို့ လာရောက်လေ့လာကြည့်ရှုရန် ဖိတ်ကြားအပ်ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ◆

အမျိုးသားလွှတ်တော်အစည်းအဝေး

သတ္တုတိုင်းတာမည့်လုပ်ငန်းကိုသဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းမည့်နည်းလမ်းဖြင့်ကူညီမည်

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၉) ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းတင်သွင်းထားသည့် **ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့်လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးတို့က ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်းက အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီမှ လေ့လာထားရှိမှုအရ ချင်းပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်တွင် အဖိုးတန် သတ္တု၊ ရေနံနှင့် သယံဇာတများ ထွက်ရှိကြောင်းကို သိရှိရပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် စီမံချက်၊ မူဝါဒများချမှတ်၍ သတ္တုများ စမ်းသပ်တူးဖော်သင့်ပြီဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာစေပြီး တစ်ဦးချင်းနှင့် တိုင်းပြည်ဝင်ငွေတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှုအထိုက်အလျောက် လျော့ကျစေမည်ဟု ယုံကြည်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးရောက်နေသည့် မိမိတို့ ချင်းတိုင်းရင်းသားများ၏ လူမှုဘဝ ပြန်လည်မြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံချက်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး

စာမျက်နှာ ၇ ကော်လံ ၄ ❖

ယနေ့ မာတိကာ

မီးကို လောင်ကျွမ်းမှု မဖြစ်အောင် သတိထားပြီး သုံးစွဲခြင်းသည် မိတ်ဆွေကောင်းအဖြစ် မီးသုံးစွဲတတ်ခြင်းပင်ဖြစ်

ခေါင်းကြီး — စာ - ၂

မန်ယူကို အနိုင်ယူရသည့်အတွက် စိတ်မကောင်းဟု စီရိုနယ်ဒိုပြောကြား

စာ - ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

ပြည်ထောင်စုဖလား အမျိုးသားလက်ဝှေ့ဗိုလ်လုပွဲများကျင်းပ

နေပြည်တော် မတ် ၆

ကိုကိုစိုးညွန့်

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲလက်ဝှေ့ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း(၁)၌ ဆက်လက်ကျင်းပရာ အမျိုးသားလက်ဝှေ့ ဗိုလ်လုပွဲစဉ်ရှစ်ပွဲ ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား ၄၉ ကီလိုလိုက်ဖလိုင်းဝိတ်တန်းတွင် ဝေဖြိုးထွန်း(ရန်ကုန်)က မောင်ငယ်(ရှမ်း)ကိုလည်းကောင်း၊ ၅၂ ကီလိုဖလိုင်းဝိတ်တန်းတွင် ထက်အောင်(ရန်ကုန်)က အောင်ကိုကို(ရောဝတီ)ကို လည်းကောင်း၊ ၅၆ ကီလိုဘင်တန်ဝိတ်တန်းတွင် သက်ထွန်းအောင် (ရောဝတီ)က ကျော်ကျော်လတ် (ရန်ကုန်)ကိုလည်းကောင်း၊ ၆၀ ကီလိုလိုက်ဝိတ်တန်းတွင် ကျော်ကျော်ထက်(ရန်ကုန်)က အောင်ပြည့်ဖြိုး(မွန်)ကိုလည်းကောင်း၊ ၆၄ ကီလိုလိုက်ဝယ်လ်တာဝိတ်တန်းတွင် ရဲနိုင်(ရန်ကုန်)က မင်းနိုင်ဦး(မွန်)ကိုလည်းကောင်း၊ ၆၉ ကီလိုဝယ်လ်တာဝိတ်တန်းတွင် အောင်နိုင်ဝင်း(ရှမ်း)က မျိုးကျော်သူ(ရောဝတီ)ကိုလည်းကောင်း၊ ၇၅ ကီလိုမစ်ဒယ်ဝိတ်တန်းတွင် အောင်ဆွေမွန်(တနင်္သာရီ)က ဝေလင်းအောင်(ရှမ်း)ကိုလည်းကောင်း၊ ၈၁ ကီလို လိုက်ဟဲဗီးဝိတ်တန်းတွင် အောင်ကိုကို(ကချင်)က အေးမင်း(မွန်)ကိုလည်းကောင်း အသီးသီး အနိုင်ရ ဗိုလ်စွဲခဲ့ကြသည်။

ဆုရရှိသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသား ၆၉ ကီလိုဝယ်လ်တာဝိတ်တန်း လက်ဝှေ့ဗိုလ်လုပွဲတွင် အောင်နိုင်ဝင်း(ရှမ်း)နှင့် မျိုးကျော်သူ(ရောဝတီ)တို့ ယှဉ်ပြိုင်စဉ်။

စိုးမင်းဦး၏ ဂိုးဖြင့် မြန်မာအသင်း ခြေစစ်ပွဲအောင်

ရန်ကုန် မတ် ၆

သတင်း၊ဓာတ်ပုံ - ညီမြတ်သော်တာ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၄ AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(က) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ တိုက်စစ်မှူး စိုးမင်းဦး၏ ဂိုးဖြင့် အိန္ဒိယအသင်းကို အနိုင်ရရှိကာ နှစ်ပွဲနိုင် တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်သွားပြီ ဖြစ်သည်။

အိန္ဒိယအသင်းမှာ နှစ်ပွဲနိုင် တစ်ပွဲရှုံးခြောက်မှတ်ဖြင့် ဒုတိယနေရာ ရရှိခဲ့ပြီး သုံးမှတ်ရရှိခဲ့သော ဂူအမ်အသင်းနှင့် တစ်မှတ်ရရှိသော တရုတ်(တိုင်ပေ) အသင်းတို့မှာ ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ။ AFC Challenge Cup ခြေစစ်ပွဲကို အုပ်စုငါးခုခွဲ၍ ကျင်းပနေပြီး ထိပ်ဆုံးငါးသင်းမှာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ပြီး ဒုတိယနေရာရ ငါးသင်းထဲမှ အကောင်းဆုံး နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အိန္ဒိယအသင်းဘက်သို့ မြန်မာအသင်း တိုက်စစ်ဆင်နေစဉ်။